## အခန်း(၉၉၄) - အခွင့်အလမ်းနဲ့ တွေ့ကြုံခြင်း

ဖီးနစ်ဟိုတယ်၏ အနီးတစ်ဝိုက်တွင် သင့်လျော်လျောက်ပတ်သော ဈေးဝယ် ကုန်တိုက်များ မရှိဘဲ ခပ်လှမ်းလှမ်းတွင်သာ တည်ရှိကြသည်။

လင်းဟွမ်က ထိုအကြောင်းကို တွေးလိုက်မိသည်။ သူသည် ဤနေရာတွင် ရက်အနည်းငယ်ကြာအောင်နေမည် ဖြစ်သောကြောင့် စည်ကားသော တစ်နေရာတွင် တည်းခိုခြင်းက ပို၍ အဆင်ပြေလိမ့်မည်ဟု တွေးလိုက်သည်။ ထို့အပြင်

ရန်လင်းနှင့် ဟိုတယ်တစ်ခုတည်း မနေချင်ပေ။ ထိုအစား ဝပ်ကျင်းအလယ်နှင့် မီတာ တစ်ရာသာ ဝေးသော ဟိုတယ်တစ်ခုကို ရှာတွေ့လိုက်သည်။

သူ ရွေးခဲ့သောဟိုတယ်ကို ဟုန်မင်း ဟိုတယ်ဟု ခေါ်သည်။ ဒါသည် ကြေးကျီးကန်းမြို့၏ အစည်ကားဆုံး နေရာတွင် တည်ရှိ၏။ မြို့တော်၏ အကြီးမားဆုံး စီးပွားရေး ရပ်ကွက်က ဟိုတယ် အောက်ဘက်တွင် တည်ရှိသည်။

အစားအသောက် မှစ၍ ဖျော်ဖြေရေး အဆုံး အကုန်လုံး ရှိနေသည်။

လင်းဟွမ်က ဤကဲ့သို့ လူစည်ကားသော နေရာကို မကြိုက်ပေ။ အဆင်ပြေချင်ရုံ သက်သက်သာ .....

သူသည် ဤ ရက်အနည်းငယ်အတွင်း အခန်းအောင်းပြီး ဓါးကျင့်စဥ် လေ့ကျင့်နေမည် ဆိုသော်လည်း မလွဲသာ မရှောင်သာ အပြင်ထွက်ရန် လိုအပ်နေသေး၏။

ထို့အပြင် အစားအသောက်များ ပါဆယ်မှာမည် ဆိုပါကလည်း ဟုန်မင်း ဟိုတယ် အနီးတစ်ဝိုက်တွင် ရှိသော အစားအသောက် များက ရန်လင်းတည်းခိုသည့် ဟိုတယ်တွင် တည်းခိုရခြင်း

ထက်စာလျှင် ပို၍ ရွေးချယ်စရာ များပြားကာ ကျယ်ပြန့်၏။

ညှော့ကြို ကောင်တာတွင် အခန်းယူပြီးနောက် ဓာတ်လှေကားထဲမှ ထွက်လာသော လူကို မြင်လိုက်သောအခါ မျက်ခုံးမပင့်ဘဲ မနေနိုင်တော့ချေ။ သူက သဘာဝ ကျကျလေး လှည့်လိုက်ပြီး ညှော်သည် တစ်ယောက်နှင့် ရင်နှီးအောင် ဝင်ရောနေလိုက်သည်။

“ ဦးလေး... မင်း ဝတ်ထားတဲ့ ဂျာကင်က တော်တော်လေး ကောင်းတာပဲ။ ဘယ်က ဝယ်ခဲ့တာလဲ...”

ဦးလေးဟု အခေါ်ခံလိုက်ရသည့် အမျိုးသားမှာ အသက် (၆၀) ကျော်ခန့်ရှိပြီး ဖက်ရှင်ကျကျ ဝတ်စားဆင်ယင် ထား၏။ လင်းဟွမ်က သူ၏ ဝတ်စားဆင်ယင်မှု အကြောင်းကို မေးသောအခါ စိတ်လှုပ်ရှားသွားပုံပင်။

"ကောင်လေး... မင်း တော်တော်လေး အမြင်ရှိတာပဲ။ ဒါ ငါကိုယ်တိုင် ဒီဇိုင်းဆွဲထားတာ..."

ထို့နောက် လင်းဟွမ်က ထိုဦးလေးကြီး ပြောပြနေသော အဝတ်အစား ဇာတ်လမ်း အကြောင်းကို ခေါင်းညိတ်လိုက်၊ ပြုံးလိုက်နှင့် နားထောင်နေခဲ့သည်။

ခါတ်လှေကားထဲမှ အခြားလူများ ထွက်သွားသော အခါမှသာ ထိုဦးလူကြီး၏ စကားကို ကြားဖြတ်လိုက်ပြီး...

“ တောင်းပန်တယ် ဦးလေးရေ ... ရုတ်တရက် လုပ်စရာတစ်ခုခု တွေးမိလိုက်လို့။ အချိန်ရမှပဲ ထပ်ပြောကြတာပေါ့... ”

“ အေးကွာ။ ငါတို့ လူအိုကြီးကလည်း အဝတ်အစားအကြောင်းများ ပြောနေရင် စကားကို အတော မသတ်နိုင်တော့ဘူး။ သူ့ကို လျစ်လျူရှုထား ကောင်လေး။ လုပ်စရာရှိတာ သွားလုပ် ”

ဦးလေးကြီးဘေးက အသက် (၅၀) ကျော်ခန့်ရှိသော အမျိုးသမီးကြီးက သူမ

အဖော်၏ပခုံးကို ပုတ်ပြီး လေကြောဖြတ်ရန် အချက်ပြလိုက်သည်။

“ အောင် ဦးလေးမှာ ဝါသနာပါတာ တစ်ခုခု ရှိတော့ ကောင်းတာပေါ့...”

လင်းဟွမ်က ပြုံးပြီး ပြန်ပြောခဲ့သည်။ ထိုလင်မယားနှစ်ယောက်ကို နှုတ်ဆက်ပြီးနောက် ခေတ်လှေကားထဲမှ ထွက်သွားလိုက်သည်။

ခေတ်လှေကားထဲမှ ထွက်လာသောအခါ သူ အနည်းငယ် အတွေးနက်နေသည်။

“ နတ်ဘုရားကောင်းချီး အဖွဲ့က လူတွေနဲ့ တစ်ဟိုတယ်တည်း တည်းခိုရမယ်လို့ ဘယ်တော့မှ မထင်ထားမိဘူး။ စိတ်ဝင်စားစရာပဲ...”

အစောပိုင်းက ခတ်လှေကားထဲမှ ထွက်သွားသော လူအနည်းငယ်သည် နတ်ဘုရားကောင်းချီး အဖွဲ့မှ အဖွဲ့ဝင်များ ပင် ။။

လင်းဟွမ်က သူတို့ကို တစ်ချက်ကြည့်ရုံနှင့် မှတ်မိရသည့် အကြောင်းအရင်းမှာ နေရာကူးပြောင်းခြင်း ပေါ်တယ်ထဲက ထွက်လာသည့် အချိန်တွင် သူထံ လာခဲ့သော လူလတ်ပိုင်း

အမျိုးသားထံမှ မှတ်ဉာဏ်ကို ဖတ်ခဲ့သောကြောင့် ဖြစ်သည်။ ထိုလူလတ်ပိုင်း အမျိုးသား၏ မှတ်ဉာဏ်ထဲတွင် သူတို့နှင့် ပက်သက်နေသော အချက်အလက်တွေ အများကြီး ရှိနေသောကြောင့်ပင် ။

လင်းဟွမ်သည် ဟုန်မင်း ဟိုတယ်၏ အပေါ်ဆုံးထပ် (၁၈၈) ထပ်မြောက် အခန်းကို ရွေးချယ်ခဲ့၏။

မိနစ်ဝက်နီးပါးခန့် အပေါ်တက်ပြီး နောက်ဆုံးတွင် (၁၈၈) ထပ်မြောက်သို့ ရောက်ရှိ သွားသည်။

ခဏအကြာ သူတည်းခိုမည့် အခန်းကိုတွေ့ပြီးသော့ကို စကာန်မျက်နှာပြင်တွင် ကပ်ကာ အခန်းထဲဝင်သွားသည်။ တံခါးပိတ်ပြီးနောက် သွေးရဲရဲလေးကို ခေါ်ထုတ်ပြီး ပြောလိုက်သည်။

“နတ်ဘုရားကောင်းချီး အဖွဲ့ကလူတွေ ငါ တွေ့ခဲ့တယ်”

“ငါရောပဲ…”

သွေးရဲရဲလေးက လင်းဟွမ်၏ အင်္ကျီလက်စအောက်မှ ထွက်လာပြီး ပြောလိုက်သည်။

"နတ်ဘုရားတစ်ပိုင်း တစ်ယောက်နဲ့ အင်ပါယာ ရွှေခရမ်းရောင်အဆင့် တန်ခိုးရှင် နှစ်ယောက်ပဲ "

" အဲ့ဒီ နတ်ဘုရားတစ်ပိုင်းက ရှုန်းယွီလို့ ခေါ်တယ်။ သူက အဖွဲ့ခွဲ(၃) ဒုတိယ ဌာနခွဲရဲ့ တာဝန်ခံပဲ။ တခြား အင်ပါယာ ရွှေခရမ်းရောင်အဆင့် တန်ခိုးရှင် နှစ်ယောက်က အဖွဲ့ဝင်တွေပေါ့။ ဒီလူတွေရဲ့ မှတ်ဉာဏ်အရ ဒုတိယဌာနခွဲမှာ အင်ပါယာ ရွှေခရမ်းရောင်အဆင့် တန်ခိုးရှင် လေးယောက်နဲ့ နတ်ဘုရားတစ်ပိုင်း တစ်ပါးရှိသေးတယ်။ ဒါကြောင့် ဟိုတယ်ထဲမှာ

အင်ပါယာ ရွှေခရမ်းရောင်အဆင့် တန်ခိုးရှင်နှစ်ယောက် ရှိနိုင်လောက်မယ်”

“ ဒါဆို ဒီကောင်တွေ ကြေးကျီးကန်းမြို့မှာ ဘာတွေ လုပ်နေလဲဆိုတာ ခိုးပြီး နားထောင်လို့ ရတာပေါ့....”

လင်းဟွမ်က အကြံများစွာဖြင့် ပြုံးပြီး ပြောလိုက်သည်။

“ ငါက မင်းပြဿနာ မရှာချင်ဘူးလို့ တွေးထားတာ”

သွေးရဲရဲလေးက မနေနိုင်ဘဲ မေးလိုက်သည်။

“ ရန်လင်း ပစ္စည်းတွေ ဖွင့်ပြီးတာနဲ့ ပြန်သွားမယ်လို့ မင်းပဲ ပြောခဲ့တာ မဟုတ်ဘူးလား... ဒီကိစ္စက ငါတို့နဲ့ ဘာမှမဆိုင်ဘူးနော်...”

“ အော် တစ်ဟိုတယ်ထဲ ရှိနေမှာတော့ ခိုးနားထောင်ရုံနဲ့ ပြဿနာ မရှိနိုင်ပါဘူးကွာ”

လင်းဟွမ်က စိတ်အား ထက်သန်စွာ ပြန်ပြောလိုက်သည်။

“ ဒီမှာ ရက်ပိုင်းလောက်နေရလို့ ပျင်းနေမယ့် အတူတူ ဇာတ်လမ်း တစ်ခုလောက်တော့ ဖန်တီး ရမှာပေါ့…”

“ မင်း လုပ်ချင်လည်း သဘောပဲ။ ငါ့ရဲ့ မျှော့မျိုးစေ့တွေ သုံးရင်တော့ သူတို့တွေ တွေ့သွားလိမ့်မယ် ”

သွေးရဲရဲလေးက အနည်းငယ် ကူကယ်ရာ မဲ့နေသော ခံစားချက်နှင့် ပြောလိုက်သည်။

“ သူတို့ကို ကပ်ပါးကူးစက်မှ သူတို့ အကြောင်းသိရမှာ မဟုတ်ပါဘူး…”

လင်းဟွမ်က အကြံများစွာဖြင့် ပြုံးပြီး ပြောလိုက်သည်။

“ မင်း ပြောချင်တဲ့ အဓိပ္ပါယ်က.... သူတို့ ဘယ်အခန်းမှာ နေလဲဆိုတာ သိနေတာပေါ့...”

“ ငါ့ရဲ့ စိတ်စွမ်းအားနဲ့ ဟိုတယ်မှာ ကျန်နေခဲ့တဲ့ အင်ပါယာ ရွှေခရမ်းရောင်အဆင့် အဖွဲ့ဝင် နှစ်ယောက်ကို စကင်န် ဖတ်ခဲ့ပြီးပြီ ”

လင်းဟွမ်က သူတို့နှစ်ယောက်၏ ပုံပန်းသဏ္ဍာန်ကို သိနေသောကြောင့်

စိတ်စွမ်းအားနှင့် သူတို့၏ တည်နေရာများကို ရယူခဲ့သည် ။

“ သူတို့အခန်းက အထပ် (၁၀၀)၊ King Suit အခန်းပဲ... အထဲမှာ ငါးမွန်းစတား တော်တော်များများ ပါတဲ့ ငါးကန်လည်း ရှိနေတယ်။ ”

“ ငါတို့သာ အဲ့ဒီ ငါးမွန်းစတားတွေကို ကပ်ပါး ကူးစက်လိုက်ရင် သူတို့ မသိနိုင်လောက်ဘူး။ ငါးမွန်းစတားက ထွက်လာတဲ့ စွမ်းအားလှိုင်းတွေက မျှော့မျိုးစေ့တွေကို ဖုံးကွယ် ပေးထားလိမ့်မယ်”

သွေးရဲရဲလေးက ရှင်းပြလိုက်သည်။

“ ပြဿနာက ကပ်ပါး ကူးစက်နေတဲ့ အချိန်မှာ ငါ့ရဲ့ မျှော့မျိုးစေ့တွေကို ရှာတွေ့သွားနိုင်တဲ့ အချက်ပဲ။ အင်ပါယာ ရွှေခရမ်းရောင်အဆင့် တန်ခိုးရှင်တစ်ယောက်ရဲ့ နယ်မြေပိုင်နက်အသိ အချင်းဝက်က ကီလိုမီတာ တစ်ရာကျော်တယ်ဆိုတာ မင်းလည်း သိတာပဲလေ။ ”

“ သူတို့ရဲ့ နယ်မြေပိုင်နက် အတွင်းမှာ သာမန်ထက် ကျော်လွန်ပြီး ပုံမှန် မဟုတ်တဲ့ စွမ်းအင်လှိုင်းတွေကို တွေ့တာနဲ့ ရှင်းရှင်းလင်းလင်း အာရုံခံမိသွားလိမ့်မယ်…”

နယ်မြေပိုင်နက် စွမ်းရည်သည် တည်ငြိမ်နေသော အရာဝတ္ထုများကို စုံစမ်းရာတွင် နှေးကွေးသော်လည်း လှုပ်ရှားနေသော အရာများကို အနက်ရောင် တိမ်တိုက် ပုံစံများ အနေနှင့် မြင်နိုင်သည်။

လူများ၊ မွန်းစတားများ အပါအဝင် သူတို့၏ မျက်နှာကို မမြင်နိုင်ပေ။ ပုံပန်းသဏ္ဍာန်ကိုသာ ပုံဖော်နိုင်ခြင်း ပင်။ သို့သော်လည်း ရွေ့လျားနေသော အရာဝတ္ထု၏ လမ်းကြောင်းကိုမူ အလွယ်တကူ ဖမ်းယူနိုင်၏ ။ နယ်မြေပိုင်နက် အသိကို ထုတ်လွှင့် လိုက်သည်နှင့် စွမ်အင်လှိုင်းများက အမှောင်ထဲတွင်

မီးထွန်းထားသကဲ့သို့ ရှင်းရှင်းလင်းလင်း ထင်ပေါ် နေလိမ့်မည်။

သွေးရဲရဲလေးက မျှော့မျိုးစေ့များကို အသုံး မပြုနိုင်သည့် အကြောင်းအရင်းမှာ မျှော့မျိုးစေ့ထဲတွင် သေးငယ်သော စွမ်းအားများ ပါဝင်နေသောကြောင့် ဖြစ်သည်။ သေးငယ်သည် ဆိုသော်လည်း တန်ခိုးရှင်များ၏ နယ်မြေပိုင်နက် အသိထဲတွင် ပိုးစုန်းကြူးများကဲ့သို့ တောက်ပ နေလိမ့်မည်။

အကယ်၍ ထိုလူ၏ တိုက်ခိုက်ရေး အဆင့်က သွေးရဲရဲလေးထက် နိမ့်ကျနေပါက သွေးရဲရဲလေးက

ထောက်လှမ်းနိုင်စွမ်းကို ပိတ်ပင် တားဆီးနိုင်သည်။ သို့ရာတွင် အင်ပါယာ ရွှေခရမ်းရောင်အဆင့် တန်ခိုးရှင်များကမူ ဆန့်ကျင် တိုက်ခိုက်နိုင်၏။ ထို့ကြောင့် သွေးရဲရဲလေးက သူ၏ မှော်မျိုးစေ့ကို ထုတ်လိုက်သည်နှင့် တန်ခိုးရှင်များက သေချာပေါက် သိလိမ့်မည်။

“ မှော်မျိုးစေ့ကို အသုံးပြုပြီး တိုက်ရိုက် ကပ်ပါး မကူးစက်နိုင်ရင် နောက်တစ်မျိုး လုပ်ပေါ့ကွ”

လင်းဟွမ်က အနည်းငယ် မျက်လုံးစွေကြည့်ပြီး ပြောလိုက်သည်။

“ ဥပမာ... ဟိုတယ် ဝန်ထမ်းတွေကနေ တစ်ဆင့် ကူးစက်လို့ ရတာပဲ... ဒီလိုပုံစံ ကူးစက်လို့ရတဲ့ ကပ်ပါးပိုး မင်းဆီမှာရှိတာ ငါ မှတ်မိပါသေးတယ်”

“ အခု ငါတို့ ဘာလုပ်ရမလဲဆိုတာ သိပြီ ထင်တယ်”

လင်းဟွမ်၏ အကြံပြုချက်ကို ကြားသောအခါ သွေးရဲရဲလေး၏ မျက်လုံးများ တောက်ပလာပြီး အစီအစဉ်တစ်ခု ချက်ချင်း ထွက်ပေါ်လာသည်။

သူတို့နှစ်ယောက် အသံပို့လွှတ် ဆွေးနွေးပြီးနောက် လင်းဟွမ်က အင်ပါယာ နှလုံးသားလက်စွပ်ကို

အသုံးပြုပြီး ဟိုတယ်ဝန်ဆောင်မှု ဌာနကို လှမ်းခေါ်လိုက်သည်။

"ဟိုင်း... မစ္စတာလင်း... ဘာများ ကူညီပေးရမလဲရှင့်...."

တစ်ဖက်မှ ချိုသာသော အသံတစ်ခု ထွက်ပေါ်လာသည်။

" ငါ့ ရေချိုးခန်းထဲက အိမ်သာ ပိတ်နေတယ်။ ကျေးဇူးပြုပြီး ပြင်ပေးဖို့ တစ်ယောက်ယောက်လောက် လွှတ်ပေးလို့ ရမလား..."

လင်းဟွမ်က ဆိုဖာပေါ်တွင် ထိုင်နေရင်း ပြောလိုက်သည်။

"မင်း အခန်းနံပါတ်က (၁၈၈,၀၂၁) နော်..."

"ဟုတ်တယ်..."

"အခု ချက်ချင်း စီစဉ်ပေးလိုက်ပါမယ်..."

"ကောင်းပြီ..."

ဝန်ဆောင်မှု ဌာနနှင့် စကားပြောပြီး သုံးမိနစ် မပြည့်ခင် အချိန်မှာပင် အခန်းတံခါးသံ ထွက်ပေါ် လာသည်။

လင်းဟွမ်က တံခါး ဖွင့်ပေးလိုက်သောအခါ လူငယ်လေး တစ်ယောက်က ပြုံးပြီး မေးလာသည်။

“ မစ္စတာလင်းလား....။ ကျွန်တော်တို့ကို အိမ်သာ ပိတ်နေတယ် ဆိုပြီး ဖုန်းဆက်ထားလား မသိဘူး”

“ အေး... အထဲ ဝင်ခဲ့ကွာ”

လင်းဟွမ်က ခေါင်းညိတ်ပြီး လက်ကို ဆန့်ထုတ်လိုက်သည်။

ရေပိုက်ပြင်သမား လူငယ်လေးသည် ကြောင်သွားသော်လည်း လင်းဟွမ်ကို လက်ဆွဲနှုတ်ဆက်လိုက်သည်။

သူတို့ လက်ဆွဲနှုတ်ဆက်နေစဉ် လင်းဟွမ်၏ အင်္ကျီလက်စအောက်မှ သွေးရဲရဲလေး ထွက်လာပြီး ရေပိုက်သမား၏ လက်ဖဝါးကို ညှင်သာစွာ ပွတ်သပ်လိုက်သည်။

ရေပိုင်ပြင်သော ကောင်လေးသည် ချက်ချင်း ဆိုသလို ကပ်ပါးရုပ်သေး ဖြစ်သွားရှာသည်။

ထို့နောက် လင်းဟွမ်က တံခါး ပြန်ပိတ်နေစဉ် သွေးရဲရဲလေးက ရေပိုက်ပြင်သမားကို အခန်းထဲ ဝင်လာစေရန် ထိန်းချုပ်လိုက်သည်။ သွေးရဲရဲလေးက ရေပိုက်ပြင် သမား၏ မှတ်ဉာဏ်အားလုံးကို ဖတ်ကြည့်ရန် အချိန်အနည်းငယ်သာ ယူခဲ့ရသည်။

“ အခု သုံးလိုက်တဲ့ ဗိုင်းရပ်စ်က အနုဗီဇ ကပ်ပါးကောင်။ စွမ်းအင် တုံ့ပြန်မှု မရှိပေမယ့် အရေပြားချင်း ထိတွေ့မှပဲ ကူးစက်လို့ ရနိုင်တာ ”

သွေးရဲရဲလေးက လင်းဟွမ်ကို အသံပို့လွှတ်ပြီး ရှင်းပြလိုက်သည်။

“ ဒီလူငယ်ကနေ တစ်ဆင့် တခြား ဝန်ထမ်းတွေကို ကူးစက်သွားအောင် ထိန်းချုပ်နိုင်တယ်။ ဒီကပ်ပါးပိုးက သူ့ဆီကနေ အဆက်မပြတ် ကူးစက်သွားမှာ ဖြစ်လို့ ဟိုတယ်ဝန်ထမ်းတွေ အားလုံး ကူးစက်ဖို့ဆိုရင် တစ်နာရီတောင် မကြာနိုင်ဘူး…”

“ ကောင်းတယ်။ ပထမခြေလှမ်းက အရမ်း အဆင်ပြေသွားပြီ။ ကဲ… ကျန်တာတွေကို တိုင်ပင်ထားတဲ့အတိုင်း ဆက်လုပ်ကြတာပေါ့…”

လင်းဟွမ်က ခေါင်းညိတ် လိုက်သည်။ သို့သော်လည်း စိတ်ထဲတွင် ကပ်ပါးမျိုးစေ့များက မည်မျှ ကြောက်စရာကောင်းကြောင်း တိတ်တဆိတ် မတွေးဘဲ မနေနိုင်ချေ။

## အခန်း(၉၉၅) - ကူးစက်ခြင်း.....

ဟုန်မင်း ဟိုတယ်ရှိ ဝန်ထမ်းအိမ်သာထဲတွင် လူလတ်ပိုင်းအရွယ် အမျိုးသား တစ်ယောက်သည် ဆေးလိပ်သောက်ရင်း သေးပေါက် နေသည်။ ထို့နောက် ဘောင်းဘီဇစ်ကို ဖြည်းဖြည်းချင်း ပြန်ဆွဲတင်လိုက်၏ ။

ထိုစဉ် အိမ်သာထဲသို့ လူငယ်တစ်ယောက် ဝင်လာသည်။ ထိုသူက မကြာသေးခင်က လင်းဟွမ် အခန်းထဲမှ ပြန်ထွက်လာသော ရေပိုက်ပြင်သမားလေး ပင် ။

" အစ်ကိုဝမ်၊ မင်း အိမ်သာထဲမှာ ဆေးလိပ် သောက်ပြန်နေပြီလား "

ရေပိုက်ပြင်သမားလေးက ဒေါသတကြီး ပြောဆိုပြီး လူလတ်ပိုင်းအရွယ် အမျိုးသား၏ ညာဘက်ဘေးက သေးပေါက် ကမုတ်ရှေ့တွင် မတ်တပ်ရပ်လိုက်သည် ။

"အေးပါကွာ... နောက်တစ်ခါ ဆေးလိပ် ထပ် မသောက်တော့ပါဘူး"

လူလတ်ပိုင်း အမျိုးသားက စီးကရက်ကို လွှင့်ပစ်ပြီး ရှင်းရှင်းလင်းလင်း တုံ့ပြန်ခဲ့သည်။

“ ငါ့ကိုလည်း တစ်လိပ်ပေး ”

ရေပိုက်ပြင် သမားလေးက ပြုံးပြီး ခေါင်းလှည့်ကာ ပြောလိုက်သည်။

" မင်း ဆေးလိပ် ဖြတ်လိုက်ပြီ မဟုတ်ဘူးလား"

လူလတ်ပိုင်း အမျိုးသားသည် ပါးစပ်ကသာ ဤကဲ့သို့ ပြောနေသော်လည်း လက်က စီးကရက် ပေးလိုက်သည်။

" ဒါက ရှောင်ဝမ် ရှေ့မှာမို့လို့ သက်သက် ပြောလိုက်တာ။ ဘယ်လိုလုပ်ပြီး ဆေးလိပ် ဖြတ်နိုင်မှာလဲ “

ရေပိုက်ပြင် သမားလေးက စီးကရက် လှမ်းယူရင်း ထိုလူ၏လက်နှင့် မတော်တဆ ထိမိသွား၏။

...

လုံခြုံရေးအရာရှိသည် အိမ်သာမှ ဆင်းကာ လုံခြုံရေးအခန်းထဲသို့ လျှောက်သွားသည်။

လုံခြုံရေး အခန်းထဲတွင် လူငယ်တစ်စုသည် သူတို့၏ အင်ပါယာ နှလုံးသားလက်စွပ်မှ စာမျက်နှာများကို ဖွင့်ကြည့်နေကြ၏။ အချို့က ဂိမ်းဆော့ နေကြပြီး အချို့က ဒရာမာကားများ ကြည့်နေကြသည်။ လူအိုကြီးဝမ် ဝင်လာသောအခါ သူတို့၏ အင်ပါယာနှလုံးသား လက်စွပ်မှ စာမျက်နှာများကို အလန့်တကြား ပိတ်လိုက်ကြသည်။

“ မင်းတို့ တော်တော်လေး အပျင်းတစ်နေတယ်ပေါ့လေ....။ အလုပ်ချိန်မှာတောင် အပျော်တွေပဲ လုပ်နေတုန်းလား”

လူအိုကြီးဝမ်က သူတို့၏ခေါင်းကို တစ်ချက်စီ ပါးပါးလေး ပုတ်လိုက်သည်။

...

လုံခြုံရေးအစောင့် လူငယ်တစ်ယောက်သည် ဟိုတယ် ညှိခန်းထဲရှိ ညှိကြိုကောင်တာ ရှေ့သို့ လမ်းလျှောက် လာနေစဉ် အမျိုးသမီး

ဝန်ထမ်းတစ်ယောက်က သူ့ကို တွေ့သွားပြီး မျက်နှာ နီရဲသွားသည်။

ကျန်သည့် အမျိုးသမီး ဝန်ထမ်းများကလည်း ပွဲကောင်း တစ်ခုကြည့်ရန် စောင့်နေကြသည်။

" ဘာလို့ လာတာလဲ။ အခုက အလုပ်ချိန်ပဲ ရှိသေးတာကို ”

ဝန်ထမ်း အမျိုးသမီးလေးသည် လုံခြုံရေး အစောင့်က သူမရှေ့သို့ ရောက်လာသောအခါ တိုးတိုးလေး ပြောလိုက်သည်။

“ အခုပဲ ဈေးထဲမှာ အနီရောင် ဇီးသီးတွေ ရောင်းတာတွေ့လို့ မင်းအတွက် ရေဆေးပြီး ယူလာခဲ့တာ"

လုံခြုံရေး အစောင့်က အနီရောင် ဇီးသီးတစ်ဖုံးကို သူ့အင်္ကျီအောက်မှ ထုတ်ယူပြီး ဝန်ထမ်းအမျိုးသမီးကို ပေးလိုက်သည်။

“ အစကတော့ အလုပ်ပြီးမှ ပေးမလို့ပဲ......မင်းနေ့လည်စာ မစားရသေးတာ သတိရသွားလို့ ဗိုက်ဆာနေလောက်မယ် ထင်ပြီး ငါ ယူခဲ့လိုက်တာ"

“ တကယ်လို့ ငါ ဗိုက်ဆာရင်လည်း ဒီမှာ အဆာပြေမုန့်တွေ ရှိတာပဲကို… အလုပ်ချိန်မှာ ဒီကို ထပ်မလာနဲ့တော့။ မန်နေဂျာ မြင်သွားရင် မကောင်းဘူး..”

အမျိုးသမီး ဝန်ထမ်းလေးက ပျာယာခတ်နေပြီး ဧီးသီးဗူးကို ကဗျာကယာ လှမ်းယူလိုက်သည်။

လုံခြုံရေး အစောင့်က သူ့မလက်ကို ခပ်တင်းတင်း ဆုပ်ကိုင်လိုက်ပြီး ခဏအကြာ ပြန်လွှတ် ပေးလိုက်သည်။

…

ညော့ကြိုကောင်တာမှ အမျိုးသမီး ဝန်ထမ်းမလေး ရှောင်လီသည် ပြန်လည် ထွက်ခွာသွားသော သူမ၏ချစ်သူ လုံခြုံရေး အစောင့်လေးကို ရှက်သွေးဖြာနေသော မျက်နှာလေးနှင့် လှမ်းကြည့်နေ၏။

" ရှောင်လီ၊ ငါ မင်းအတွက် ဇီးသီးဝယ်ပြီး ရေဆေးထားတယ်"

သူမ သူငယ်ချင်းများက သူမချစ်သူ၏ လေသံကို တုပ၍ အမျိုးသမီး ဝန်ထမ်းမလေးကို ဝိုင်းဝန်း စနောက်နေကြသည်။

“ မင်းကလည်း ဒီနေ့မှ ပုံမှန်ထက် ပိုပြီး ပဲများနေတာကို”

အခြား အမျိုးသမီး ဝန်ထမ်းများကလည်း ပြုံးရင်း စနောက် နေကြပြန်သည်။

“ ငါလည်း အဲ့လို ဂရုစိုက်တတ်တဲ့ ရည်းစား တစ်ယောက် လိုချင်လိုက်တာ။ နေ့တိုင်း စားစရာတွေ လာပို့ပေးတဲ့ လူမျိုးပေါ့”

အခြား အမျိုးသမီး ဝန်ထမ်းတစ်ယောက်က ရှက်သွေးဖြာနေသော လုံခြုံရေးအစောင့်၏ ချစ်သူ

ဝန်ထမ်းမလေးကို ကြည့်ပြီး အားကျစွာ ရေရွတ်လိုက်သည်။

“ ဇီးသီး အရသာ ဘယ်လိုရှိလဲ မြည်းကြည့်ကြအုံးလေ”

ရှောင်လီက ဇီးသီးဗူးကိုဖွင့်ပြီး လူတိုင်းအတွက် အနည်းငယ် ကမ်းပေးလိုက်သည်။ သူမက အနီရောင် ဇီးသီးများကို ကမ်းပေးရင်း သူမလက်နှင့် ထိလိုက်သည်။

....

ဟိုတယ် အခန်းအမှတ် (၁၈၈,၈၂၁) တွင် ရေပိုက်ပြင်သမားကို ပြန်လွှတ်ပြီး နာရီဝက်ခန့် ကြာပြီးနောက် သွေးရဲရဲလေးက လင်းဟွမ်ကို ခေါင်းညိတ်ပြလိုက်သည်။

“ဝန်ထမ်း (၉၈) ရာခိုင်နှုန်းကျော်တော့ ကူးစက်သွားပြီ။ ငါတို့ရဲ့ အခြေခံ လုပ်ငန်း ပြီးသွားပြီဆိုတော့ နောက်တဆင့် ဆက်လုပ်လိုက် ရအောင်”

" ဒါပေါ့ "

လင်းဟွမ်က ခေါင်းညိတ်လိုက်သည်။

ခဏအကြာ အမျိုးသမီး ဝန်ထမ်းလေး ရှောင်လီသည် ညှေ့ကြိုကောင်တာရှိ ဟိုတယ်လိုင်းကို အသုံးပြု၍ နံပါတ်တစ်ခုကို ဖုန်းခေါ်ဆိုလိုက်၏ ။

နတ်ဘုရားကောင်းချီး အဖွဲ့မှ ဆံပင်အတို ညှပ်ထားသော လူတစ်ယောက်၏ အင်ပါယာ နှလုံးသားလက်စွပ်က ရုတ်တရက် တုန်ခါလာသည်။ သူသည် ဆက်သွယ်ရေး စာမျက်နှာကို ကလစ်နှိပ်ပြီး ဖွင့်လိုက်ရာ ဟိုတယ်ကောင်တာမှ ခေါ်ဆိုနေသည့် ဖုန်းဖြစ်ကြောင်း သိလိုက်လျှင် အနည်းငယ် စိတ်ရှုပ်သွား၏။

“ ဟယ်လို ညှော့ကြိုကောင်တာ ကပါရှင့် ။ အခန်းနံပါတ် (၁၀၀,၀၀၃) က ညှော့သည်ပါလားရှင် “

" ဘာကိစ္စ ရှိလို့လဲ"

ထိုလူက မျက်မှောင်ကြုတ်ရင်း မေးလိုက်သည်။

“ ထွေထွေထူထူးတော့ မဟုတ်ပါဘူး... ဒီနေ့က king suites အခန်းတွေအတွက် လစဉ်လတိုင်း ငါးကန် သန့်ရှင်းရေး လုပ်တဲ့နေ့ပါ။ ကျွန်မတို့ ဝန်ထမ်းတွေက ငါးကန် သန့်ရှင်းရေးလုပ်ဖို့ အခန်းထဲ လာလို့ရမလားရှင့်။ မိနစ် (၂၀) လောက်ပဲ ကြာမှာပါ။ လူကြီးမင်းအတွက် အနှောက်အယှက်

ဖြစ်မယ် ဆိုရင်တော့ ငါးကန် သန့်ရှင်းရေး လုပ်နေတဲ့အချိန် တခြားအခန်း ပြောင်းပေးလို့ ရပါတယ်ရှင့် "

" ဘာဖြစ်တာလဲ "

ထိုလူ၏ ဘေးနားတွင် ရှိနေသော အရပ်ပုသည့် လူက မေးလိုက်သည်။

“ငါးကန် သန့်ရှင်းရေးလုပ်ဖို့ လာမယ် ပြောနေလို့.... ဒီနေ့က ငါးကန် သန့်ရှင်းရေးလုပ်တဲ့ နေ့တဲ့လေ ”

ဆံပင်အတိုနှင့် အမျိုးသားက ပြန်ဖြေလိုက်သည်။

" ဒါကြောင့် ဝန်ထမ်းတွေ ဒီအထပ်က အခန်းနှစ်ခန်းထဲ စောစောက ဝင်သွားတာ ငါ တွေ့လိုက်တာကိုး...."

အစောပိုင်းက သူ၏ နယ်မြေပိုင်နက် အသိထဲတွင် ထိုကဲ့သို့ လုပ်နေကြောင်း ဆံပင်အတို ညှပ်ထားသော အမျိုးသားက ပြန်သတိရသွားသည်။

" ငါတို့ကို အခန်း ပြောင်းပေးစရာ မလိုပေမယ့် သန့်ရှင်းရေးတော့ မြန်မြန်လုပ်"

ထို့နောက် ညှေ့ကြို ကောင်တာကို ပြန်ပြောလိုက်သည်။

" ဟုတ်ကဲ့၊ ချက်ချင်း စီစဉ်လိုက်ပါ့မယ်။ ဝန်ဆောင်မှုကို လက်ခံတဲ့အတွက် ကျေးဇူးတင်ပါတယ်ရှင့်"

နှစ်မိနစ်ခန့် ကြာသောအခါ အခန်း (၁၀၀,၀၀၃) တွင် တံခါးခေါက်သံ ပြည်လာ၏။

ဆံပင်အတိုနှင့်လူက တံခါး ဖွင့်လိုက်ရာ ယူနီဖောင်း ဝတ်ဆင်ထားသော ဟိုတယ်

ဝန်ထမ်းနှစ်ယောက်ကို တွေ့လိုက်ရသည်။ ကျင့်ကြံသူများ၏ စွမ်းအင်လှိုင်းကို အာရုံမခံမိပေ။

“ ငါးကန်ကို မြန်မြန် သန့်ရှင်းရေး လုပ်ပါ။ ငါ့သူဌေးက စိတ်ဆိုးတတ်တယ်။ အနှောက်အယှက်ဖြစ်တာမျိုး မကြိုက်ဘူး။ သူဒီမှာ မရှိတုန်း ပြီးအောင်လုပ်နိုင်ရင် အကောင်းဆုံးပဲ”

" ဟုတ်ကဲ့၊ ကျနော်တို့ တတ်နိုင်သလောက် အမြန်ဆုံးပြီးအောင် လုပ်ဆောင်ပါ့မယ်"

ဆံပင်အတိုနှင့်လူက တံခါးပိတ်ပြီးနောက် လေသာဆောင်ဘက်သို့ ထွက်သွားသည်။

သို့သော်လည်း အလုပ်လုပ်နေသော လူငယ်နှစ်ယောက်ကို စောင့်ကြည့်ရန် ညှော့ခန်းဘက်ကို မျက်နှာမူထားသည်။

ဝန်ထမ်းတစ်ယောက်က ပိုက်ကွန်ကို အသုံးပြုပြီး ငါးများကို ဖမ်းယူနေစဉ် နောက်တစ်ယောက်က ငါးများကို ယာယီရေကန်ထဲ ထည့်နေ၏။

ဤ ငါးမွန်းစတားများက အလေ့အကျင့်ဖြစ်နေပုံရပြီး ရုန်းကန်ခြင်း လုံးဝ မရှိပေ။

ငါးအားလုံးကို ဖယ်ထုတ်ပြီးနောက် ရေထုတ်ရန် အောက်ခြေရှိ အဆို့ရှင်ကို ဖွင့်ချလိုက်သည်။

ထို့နောက် သူတို့ ယူလာသော ကိရိယာများနှင့် ငါးကန်ကို သန့်ရှင်းရေး လုပ်ကြသည်။

ဆံပင်အတိုနှင့် လူသည် ခေတ္တမျှ စိုက်ကြည့်ပြီးနောက် စိတ်ဝင်စားမှု ပျောက်ဆုံးသွားသည်။ အခြားတစ်ဖက် လှည့်၍ ဟိုတယ် အပြင်ဘက်ကို လှမ်းကြည့်နေလိုက်သည်။

(၁၅) မိနစ် သို့မဟုတ် (၁၆) မိနစ်ခန့် ကြာသောအခါ ငါးများကို ပြန်ထည့်ပြီး ငါးကန်ကလည်း ရေပြန်ပြည့် သွားသည်။

ထို့နောက် ဝန်ထမ်းနှစ်ယောက်က ကိရိယာများကို ပြန်သိမ်းပြီး ကြမ်းပြင်ကို လုံးဝ ခြောက်သွေ့အောင် ပြန်သုတ်လိုက်ကြသည်။ သူတို့က ပြီးစီးသွားပြီဖြစ်၍ ပြန်ထွက် သွားတော့မည်ဖြစ်ကြောင်း အဆိုပါလူကို အသိပေးလိုက်သည်။

“ စိတ်ပူနဲ့ ။ သူတို့ နှစ်ယောက်က သာမန်လူတွေပဲ။ သူတို့အလုပ် သူတို့ လုပ်နေတာကလွဲရင် တခြားဘာမှ သံသယ ဖြစ်စရာ မတွေ့ဘူး”

အရပ်ပုပုလူက ပြုံးစိစိ ဟန်အမူအရာနှင့် ညှော်ခန်းထဲ လျှောက်လာရင်း ပြောလိုက်သည်။

“ ကြည့်စမ်း၊ အခုဆို ငါးကန်ထဲကရေတွေ ပိုသန့်သွားပြီ”

“ ငါလည်း စိတ်မပူပါဘူး။ သတိထားတော့ ထားရတာပေါ့ "

ဆံပင်အတိုနှင့်လူက စီးကရက်ကို လက်ကြားထဲ ညှပ်ရင်း ညှော်ခန်းထဲ ပြန် လျှောက်လာသည်။ ထို့နောက် မီးဖိုချောင်ထဲသို့ ဆက်လျှောက်သွားပြီး

ရေခဲသေတ္တာထဲမှ ဘီယာတစ်ပုလင်း ထုတ်ကာ မော့ချလိုက်သည်။

“လူအိုကြီးလီ.... ငါတို့တွေ တစ်ယောက်နဲ့ တစ်ယောက် သိလာတာ အနှစ် (၂၀) ကျော်နေပြီ။ မင်းက သတိထားနေတာလား၊ စိတ်ပူနေတာလား ဆိုတာ ငါ ကောင်းကောင်း သိတာပေါ့ကွာ "

အရပ်ပုသောလူက ပြုံးပြီး ပြောလိုက်သည် ။

ဆံပင်အတိုနှင့်လူသည် တိတ်ဆိတ် သွားသည်။

“ မင်း ခရမ်းရောင် ကျီးကန်း အဖွဲ့အစည်းကနေ ထွက်ပြီး ဒီဘက် ပြောင်းလာဖို့ ငါတို့ ခေါင်းဆောင်က ရည်ရွယ်ချက်ရှိရှိ ခေါ်ခဲ့တာကွ။ ခု ခရမ်းရောင် ကျီးကန်းကို ဆန့်ကျင်တိုက်ခိုက်မယ့် စစ်ဆင်ရေး ဖြစ်နိုင်တယ်။ သူက မင်းကို သက်သေပြဖို့ အခွင့်အရေး ပေးနေတာမို့ ပေါက်ကရတွေ မလုပ်မိစေနဲ့”

ဆံပင်အတိုနှင့်လူက ပြောလိုက်သည်။

“မင်းငါ့ကို အကြိမ်ပေါင်း မရေတွက်နိုင်အောင် ပြောပြီးပြီ။ ငါ မမေ့ပါဘူးကွာ။ အစကတည်းက

နတ်ဘုရားကောင်းချီး အဖွဲ့ရဲ့ သူလျှိုအနေနဲ့ ငါ ဝင်ခဲ့တာပါ ”

အရပ်ပုသောလူက မျက်မှောင်ကြုတ်ပြီး ပြန် ရှင်းပြလိုက်သည်။

“ ငါ ဒီကို မလာချင်ရတဲ့ အကြောင်းအရင်းက သူတို့အတွက် ခံစားချက်တွေ ရှိနေလို့ မဟုတ်ဘူး။ ကျိုးကန်း နတ်ဘုရားက ဘယ်လောက်တောင် ကြောက်စရာ ကောင်းတယ်ဆိုတာ သိနေလို့ပဲ...”

......

ဟိုတယ် အပေါ်ဆုံးထပ်ရှိ အခန်းအမှတ် (၁၈၈,၀၂၁) ထဲတွင် လင်းဟွမ်သည် ဆိုဖာပေါ် ထိုင်နေပြီး အခန်းနံပါတ် (၁၀၀,၀၀၃) ထဲက ဖြစ်ပျက်နေသော အရာများကို ပြသနေသည့် သွေးရဲရဲလေး၏ စောင့်ကြည့်ရေး မျက်နှာပြင်ကို ကြည့်ရင်း ပြုံးနေသည်။

စောင့်ကြည့်ရေး မျက်နှာပြင်ထဲတွင် အရပ်ပုသော လူနှင့် ဆံပင်တိုသော လူတို့၏ ပြောနေသမျှ စကားလုံးတိုင်းကို ရှင်းရှင်းလင်းလင်း ကြားနေရ၏။

## အခန်း(၉၉၆) - ကျီးကန်း နတ်ဘုရား၏ မျက်လုံး

ကောင်းကင်ကြီး မှောင်စ ပြုလာချိန်တွင် ရှန်းယွီက သူ့လူများကို ခေါ်ပြီး ဟိုတယ်သို့ ပြန်ရောက်လာသည်။

အရပ်ပုသောလူနှင့် ဆံပင်အတို ညှပ်ထားသော လူက သူ့ကို တစ်ခုခု မေးချင်နေသော်လည်း ခက်ထန်ကြမ်းတမ်းနေသည့် မျက်နှာ အမူအရာကို သတိထားမိပြီး တိတ်တိတ်လေး နေရန် ဆုံးဖြတ်လိုက်ကြသည်။

ရှန်းယွီက ညှော့ခန်းထဲမှ လေသာဆောင်သို့ တန်းပြီး လျှောက်သွားသည်။ အချိန်အနည်းငယ် အသက် ခပ်ပြင်းပြင်းလေး ရှူပြီးနောက် နောက်ပြန်လှည့်၍ ညှော့ခန်းထဲ ပြန်လျှောက် လာသည်။ သူတို့ထဲက အနည်းငယ်ကို မေးလိုက်သည်။

"ငါ့ကို ပြောစမ်း၊ မျိုးရိုးနာမည် ဖိန်းဆိုတဲ့ ကောင်ထက် ငါ ရှန်းယွီက ဘယ်အပိုင်းမှာ ပို အားနည်းနေလို့လဲ။ ငါက နတ်ဘုရားကောင်းချီး အဖွဲ့ထဲ သူ့ထက် အရင်ဝင်ခဲ့သလို လုပ်ခဲ့တဲ့

စစ်ဆင်ရေးကလည်း သူ့ထက် ပိုများနေတာကို.... ဒီခွေးမသားက ဖင်နမ်းရုံနဲ့ နတ်ဘုရားသွေး အများကြီး ရနေတယ်။ ဒီခွေးမသားကို သူ့အမေ မမှတ်မိအောင် ရိုက်နှက်ချင်လာပြီ "

အင်ပါယာ ရွှေခရမ်းရောင်အဆင့် တန်ခိုးရှင် လေးယောက်သည် စကားတစ်ခွန်းမှ မပြောရဲဘဲ တိတ်တိတ်လေး မတ်တပ်ရပ်နေကြသည်။ သူတို့က ပြောသမျှ စကားတိုင်းကို ခေါင်းငုံ့ပြီး နားထောင် နေကြ၏။

ဆံပင်အတိုနှင့် အမျိုးသားက သူ့လက်ထဲမှ ဘီယာပုလင်းကို ခန္တာကိုယ် နောက်တွင် ဝှက်ထားသည်။

" ခွေးမသားက သူ့အဖွဲ့ လုယက်လို့ရအောင် ငါတို့အဖွဲ့ကို ငါးစာ လုပ်ခိုင်းရအောင် ဒီဖိန်းလီက သူ့ကိုယ်သူ ဘာကောင် ထင်နေတာလဲ.. ဖင်နမ်းကောင်းရုံနဲ့ ဒီတစ်ခေါက် စစ်ဆင်ရေးကို ခေါင်းဆောင်လုပ်ဖို့ တောင်းဆိုရဲတာ ငါ့ကို သက်သက် စော်ကားတာပဲ ”

သူတို့ လေးယောက်သည် ရှန်းယွီ၏ ရင်ဖွင့်သံကို ဆယ်မိနစ်ကျော် ကြာအောင် ဘာတစ်ခွန်းမှ ပြန်မပြောဘဲ ကြိတ်မှိတ်ပြီး နားထောင်နေကြသည်။ ရှန်းယွီက ပြောချင်တာ ပြောပြီး အခန်းထဲ ဝင်သွားသည့်အချိန်တွင် ရှန်းယွီနှင့်အတူ ပြန်လာသော ဆံပင်အရှည်နှင့် အမျိုးသားက အရပ်ပုသောလူနှင့် ဆံပင်အတို ညပ်ထားသော လူတို့ကို မေးလိုက်သည်။

“လူအိုကြီး လီ၊ လူအိုကြီး ချူ.... မင်းတို့တွေ ညစာ စားပြီးပြီလား”

“ မစားရသေးဘူးလေ၊ မင်းတို့ ပြန်လာတာကို စောင့်နေတာ”

လူအိုကြီးလီပဟု အခေါ်ခံရသော ဆံပင်အတိုနှင့် အမျိုးသားက ဘီယာ နောက်တစ်ငုံသောက်ရင်း ပြန်ပြောလိုက်သည်။

“ ပါဆယ်ပဲ မှာလိုက်ရအောင်။ ငါတို့ ခေါင်းဆောင်က အပြင် ထွက်မစားချင်တာ သေချာတယ် ”

ဆံပင်ရှည်သော လူက ကျန်သည့် လူသုံးယောက်ကို တစ်ချက် ကြည့်လိုက်ပြီး

" မင်းတို့တွေ ဘာမှာကြမလဲ"

အားလုံးက သူတို့ စားချင်သည်ကို မှာလိုက်ကြ၏။

ထို့နောက် သူက ရှန်းယွီ၏ အခန်းထဲကို လျှောက်သွားသည်။

ထိုအခါ ရှန်းယွီနှင့် အတူပြန်လာသော ထိပ်ပြောင်နေသည့် လူအိုကြီးလွီကို လှမ်းကြည့်ကာ အသံတိုးပြီး မေးလိုက်သည်။

" လူအိုကြီးလို့ ဘာဖြစ်လာတာလဲ...."

လှိုအန်းက ဒီ မေးခွန်းကို ကြားသောအခါ လူအိုကြီးချူ အနားသို့ ကပ်သွားသည်။

လူအိုကြီးချူကလည်း ရှန်းယွီ အခန်းဘက်ကို တစ်ချက် လှမ်းကြည့်လိုက်သည်။ ရှန်းယွီက သူတို့ မေးခွန်းအား မတားသည်ကို သတိထားမိပြီးနောက်

" ဒီတစ်ခေါက် စစ်ဆင်ရေးရဲ့ ခေါင်းဆောင်က ခေါင်းဆောင် ဖိန်းပဲ "

သူ ပြောပြီးသည်နှင့် ရှန်းယွီအခန်းထဲမှ ချောင်းဆိုးသံ တစ်ခု ထွက်ပေါ်လာသည်။ ဆံပင်ရှည်သော လူထံမှ ထွက်လာသည်မှာ ထင်ရှားသည်။

လူအိုကြီးလွီက သူ ဆက်ပြောမည့် စကားကို ချက်ချင်း ပြောင်းလိုက်သည်။

" ဒီတစ်ကြိမ် စစ်ဆင်ရေးတာဝန်ခံ အနေနဲ့၊ ဖိန်းရဲ့အဖွဲ့ထဲမှာ နတ်ဘုရားတစ်ပိုင်း သုံးယောက်နဲ့ အင်ပါယာ ရွှေခရမ်းရောင်အဆင့် တန်ခိုးရှင် အယောက် (၂၀) ပါမယ် ။ ခရမ်းရောင်

ကျီးကန်းအဖွဲ့ကို အာရုံပြောင်းဖို့ ငါတို့အဖွဲ့နဲ့ မစ္စတာလီရဲ့ အဖွဲ့ကို ငါးစာ လုပ်ပေးဖို့ တောင်းဆိုထားတယ်။ သူတို့ကတော့ တတိယအဖွဲ့ အနေနဲ့ အမှောင်ထဲမှာ ပုန်းအောင်းနေပြီး နောက်ဆုံး အချိန်ရောက်မှ ပစ်မှတ်ကို ချိန်ရွယ်ပြီး ကိုယ်ထင် ပြလိမ့်မယ်။ နောက်ပြီးတော့ ငါတို့နှစ်ဖွဲ့လုံးကို သူတို့အတွက် အကူလုပ်ပေးဖို့ တောင်းဆို ထားသေးတယ် ”

" နောက်တစ်နည်း ပြောရရင် ငါတို့က ငါးစာ၊ သူကတော့ အမှတ်ယူမှာပေါ့ကွာ”

လူအိုကြီးချူက မျက်ခုံးပင့်ပြီး ပြောလိုက်သည်။

“ ငါတို့ လုပ်နိုင်တာ ဘာမှမရှိဘူး ။ ဖိန်းက အထက်ပိုင်း အုပ်ချုပ်သူတွေနဲ့ ဆက်ဆံရေး ကောင်းနေတော့ သူတို့က ဒီစစ်ဆင်ရေးရဲ့ ခေါင်းဆောင်အဖြစ် သူ့ကို ခန့်အပ်လိုက်တာ ”

လူအိုကြီးလို့က လက်နှစ်ဖက်ကို ကူကယ်ရာမဲ့စွာ ဖြန့်ပြီး ပြောလိုက်သည်။

“ငါးစာက ငါတို့ တစ်ဖွဲ့တည်း မဟုတ်နိုင်လောက်ဘူး။ သူ ဦးဆောင်နေတဲ့ အဖွဲ့မှာ

သူကိုယ်တိုင်ကလွဲရင် ကျန်တဲ့လူတွေကလည်း ငါးစာပဲလို့ ငါ ထင်တယ် ”

“ ဒီအတွက် စိတ်မပူနဲ့။ သူကိုယ်တိုင် ပစ်မှတ်ဆီကို သွားချင်နေတာ ငါတို့အတွက် ကောင်းတယ်။ ငါ့ကို ယုံလိုက်စမ်းပါ။ သူ ထိလိုက်တာနဲ့ အဲဒီ အရာက ကျိန်စာပဲ”

လူအိုကြီးလွီက ဘီယာ တစ်ငုံသောက်ရင်း ပြောလိုက်သည်။

ထိုစဉ် ရှန်းယွီက တံခါးကို ရုတ်တရက် တွန်းဖွင့်လာ၏။

" လှိုင်အန်း၊ ကျီးကန်းနတ်ဘုရား မျက်လုံးအကြောင်း အတိအကျ ဘာသိလဲ "

“ ငါ သိသမျှ ဌာနချုပ်ကို တင်ပြထားပြီးပြီ၊ ဒါပေမယ့် ထိပ်ပိုင်း အုပ်ချုပ်သူတွေက အကျိုးအမြတ်ကိုပဲ မြင်ပြီးတော့ အန္တရာယ်ကို လျစ်လျူရှုထားကြပုံပဲ ။ ငါက အန္တရာယ်ရှိကြောင်း တမင်သက်သက် ဖောင်းပေးပြီးတော့ ပြောခဲ့ပေမယ့် လုံးဝ လျစ်လျူရှုထားတယ် ”

လှိုင်အန်း မျက်နှာပေါ်တွင် ကူကယ်ရာမဲ့နေသော အမူအရာက အတိုင်းသား ပေါ်နေသည်။

" မင်းသိသမျှ ငါ့ကို ပြောပြ"

ရှန်းယွီက ခြေတစ်လှမ်း လှမ်းလိုက်သည်နှင့် လွီအန်းရှေ့တွင် ဖြတ်ခနဲ ပေါ်လာသည်။

“ဟုတ်”

လွီအန်းက ခေါင်းညိတ်လိုက်ပြီး

“ မင်းတို့ကို အကြမ်းဖျင်း ရှင်းပြမယ်”

“ ခရမ်းရောင်ကျီးကန်း အဖွဲ့အစည်းရဲ့ ကျီးကန်းနတ်ဘုရားက အစစ်အမှန် ပရိုတို့စ်ပဲ။ သူက လွန်ခဲ့တဲ့နှစ်ပေါင်း (၈၀၀) က ငါတို့ တိုက်ခိုက်ခဲ့ဖူးတဲ့

ပရိုတို့စ် အတုတွေနဲ့ လုံးဝ ကွဲပြားတဲ့အဆင့်မှာ ရှိနေတယ်။ သူ့ရဲ့ တိုက်ခိုက်ရေး အဆင့်က အနည်းဆုံး အစစ်အမှန် နတ်ဘုရား အဆင့် ဒါမှမဟုတ် ပိုပြီးတော့ အဆင့်မြင့်နိုင်သေးတယ်"

“ ကျီးကန်း နတ်ဘုရားမှာ စွမ်းရည်မတူတဲ့ မျက်လုံး (၁၀၈) လုံး ရှိတယ်လို့ ဒဏ္ဍာရီထဲမှာ ဆိုထားတယ်။ ခရမ်းရောင် ကျီးကန်း အဖွဲ့မှာရှိတဲ့ တစ်ခုကိုတော့ စုံထောက်မျက်လုံးလို့ ခေါ်တယ်။ အဲ့ဒါက အလိမ်အညာတွေကို ထွင်းဖောက် မြင်နိုင်ပြီးတော့ အမှန်တရားကို ဖော်ထုတ်နိုင်တယ်။

ဒါက တော်တော်လေး ရှားတဲ့ နတ်ဘုရား ဓါတ်ကြွင်းပဲ"

“ခရမ်းရောင် ကျီးကန်း အဖွဲ့အစည်းအတွက် ဒီစုံထောက် မျက်လုံးရဲ့ အဓိက လုပ်ဆောင်ချက်က ကျီးကန်းဝိညာဉ်တော် ရွေးချယ်ဖို့ပဲ ။ အထူး အခြေအနေက လွဲရင် ထုတ်မသုံးဘူး။ ခရမ်းရောင်ကျီးကန်း ဌာနချုပ်မှာရှိတဲ့ နံပါတ် (၁) ကျီးကန်း ခေါင်းဆောင်ကပဲ အဲဒါကို သုံးဖို့ ခွင့်ပြုချက်ရှိတာ။ ကျန်တဲ့လူတွေက ဒီနတ်ဘုရား ဓါတ်ကြွင်းနဲ့ ပတ်သက်တဲ့ ဗဟုသုတ အရမ်းနည်းတယ် "

“ ဒီပစ္စည်းကို ယူတဲ့လူ ကျိန်စာသင့်မယ်လို့ ငါသတိပေးရတဲ့ အကြောင်းအရင်းက ဒီစုံထောက်မျက်လုံးက နတ်ဘုရား ခါတ်ကြွင်း သက်သက် မဟုတ်လို့ပဲ ။ သူက ကျီးကန်း နတ်ဘုရား စိတ်ဆန္ဒနဲ့ ချိတ်ဆက် ထားတာဆိုတော့ ကျီးကန်းနတ်ဘုရား မျက်လုံး မလိုအပ်ဘူး ဆိုရင်တောင် ကျီးကန်း နတ်ဘုရားနဲ့ တင်းတင်းကျပ်ကျပ် ချိတ်ဆက်ထားလို့… အဲဒီ ချိတ်ဆက်မှုကို ဖြတ်တောက် လိုက်တာနဲ့ ကျီးကန်းဘုရား ကိုယ်တိုင် ပေါ်လာနိုင်တယ်။

ငါလည်း အဲ့ဒါကို မကြားခင်ကမှ သိလိုက်ရလို့ စိတ်အနှောက်အယှက် ဖြစ်နေတာ....."

“ ကျီးကန်း နတ်ဘုရားကိုယ်တိုင် လာဖို့ မဖြစ်နိုင်ပေမယ့် အစစ်အမှန် နတ်ဘုရား ဒါမှမဟုတ် အဲဒီထက် ပိုမြင့်တဲ့ တည်ရှိမှုရဲ့ဒေါသက ငါတို့ ကိုင်တွယ် ဖြေရှင်းနိုင်တဲ့အရာ မဟုတ်ဘူး။ ကျီးကန်းနတ်ဘုရားက စွမ်းရည် (၁၀၀) ကျော် ပိုင်ဆိုင်တာဆိုတော့ တခြား ဘုံတစ်ခုကို ဖြတ်ကျော်ပြီး တိုက်ခိုက်နိုင်တဲ့ နည်းဗျူဟာ ရှိ၊ မရှိကို ဘယ်သူမှ မသိနိုင်ဘူးလေ"

“ ကျီးကန်း နတ်ဘုရား မျက်လုံးအပြင် ကျီးကန်းဝိညာဉ်တော် ကလည်း တော်တော်လေး အန္တရာယ်များတယ် ။ ”

" ကျီးကန်းနတ်ဘုရား မျက်လုံး ရွေးချယ်ထားတဲ့ ကျီးကန်းဝိညာဉ် တစ်ခုချင်းစီကို အလွန် တိုတောင်းတဲ့ အချိန်အတွင်းမှာ ကျီးကန်း နတ်ဘုရားက အသွင်ပြောင်း ပေးနိုင်တယ်။ ကျီးကန်းဝိညာဉ်တော်က နတ်ဘုရားတစ်ပိုင်း အထွတ်အထိပ်အဆင့် ဆိုတော့ ကျီးကန်းနတ်ဘုရားရဲ့ အမွေခံကို ဆက်ခံထားလို့

အစွမ်းထက်တဲ့ ခန္ဓာကိုယ်နဲ့ ဝိညာဉ်ကို ပိုင်ဆိုင်ထားတယ်။ အသွင် ပြောင်းလဲမှုကလည်း မိနစ်အနည်းငယ်ပဲ ကြာမှာ"

" အသွင်ပြောင်းသွားတဲ့ ကျီးကန်းဝိညာဉ်တော်က နတ်ဘုရားတစ်ပိုင်း အထွတ်အထိပ် တိုက်ခိုက်ရေးအဆင့်ကိုတောင် ပိုင်ဆိုင်သွားမှာ။ လိုအပ်တဲ့ အချိန်ဆို အတုယောင် နတ်ဘုရားအဆင့် စွမ်းရည်ကိုတောင် ထုတ်သုံးနိုင်တယ်”

“ တကယ်လို့ ငါတို့က ကျီးကန်းဝိညာဉ်တော်ကို ဒုတိယပစ်မှတ် အဖြစ် ရွေးချယ်မယ်ဆိုရင်

ကျီးကန်းဝိညာဉ်တော် အသွင်ပြောင်းနေတဲ့ ခဏလေးပဲ အချိန်ရမယ်။ စောသွားရင်လည်း ကျီးကန်း ဝိညာဉ်တော် မရွေးချယ်ရသေးသလို ငါတို့သာ အဲဒီနေရာကို နောက်ကျပြီးမှ ရောက်သွားခဲ့ရင်လည်း ကျီးကန်း ဝိညာဉ်တော်က ဒီစစ်ဆင်ရေးအတွက် ကြီးမားတဲ့ အတားအဆီး တစ်ခု ဖြစ်လာလိမ့်မယ်"

“ တကယ်လို့ ငါတို့ မလုပ်နိုင်ရင် ဒုတိယပစ်မှတ်ကို စွန့်လွှတ်ပြီး စုံထောက်မျက်လုံး ဖြစ်တဲ့ ပထမပစ်မှတ်ကိုပဲ ဦးစားပေးရမှာပဲ ”

ရှန်းယွီက နှစ်ခါပြန် မတွေးဘဲ ပြောလိုက်သည်။

" ပထမ ပစ်မှတ်ကို အာရုံစိုက်မယ် ဆိုရင်တော့ စစ်ဆင်ရေးရဲ့ ခက်ခဲမှုက တော်တော်လေး လျော့ကျသွားလိမ့်မယ်"

လွီအန်းက မျက်မှောင်ကြုတ်ပြီး ရှန်းယွီကို ကြည့်လိုက်ကာ

" ဖိန်းက ဒါကို သဘောတူပါ့မလား။ သူ့အကျင့် အတိုင်းဆို ဒုတိယပစ်မှတ်ကို စွန့်လွှတ်ဖို့ မဖြစ်နိုင်လောက်ဘူး"

“ ချွေးမသားက ဒီစစ်ဆင်ရေးမှာ ကျိုးကန်း နတ်ဘုရားလက်ချက်နဲ့ အသတ်ခံရရင် အကောင်းဆုံးပဲ”

ရှန်းယွီက ကျိန်ဆဲလိုက်သည်။

“ သူ့ကို နတ်ဘုရား တမန်တော်က ဘယ်နေရာ သဘောကျနေလဲ ငါ တကယ် နားမလည်တော့ဘူး”

…

(၁၈၈) ထပ်မြောက်ရှိ အခန်းအမှတ် (၁၈၈,၀၂၁) ထဲတွင် …..

လင်းဟွမ်သည် ဆိုဖာပေါ် ထိုင်နေပြီး နတ်ဘုရားကောင်းချီး အဖွဲ့ဝင်များ၏ ဆွေးနွေးမှု အစအဆုံးကို ကြည့်ရှုနေခဲ့သည်။ အဖွဲ့ဝင် ငါးယောက် ပြောသမျှကို တစ်လုံးမကျန် အတိုင်းသားကြားနေခဲ့သည်။

" ဒါဆိုရင် ခရမ်းရောင် ကျီးကန်း အဖွဲ့အစည်းက ကျီးကန်း ဝိညာဉ်တော် ရွေးချယ်မှာပေါ့...."

လင်းဟွမ်သည် ကြေးကျီးကန်းမြို့သို့ နတ်ဘုရားကောင်းချီး အဖွဲ့ဝင်များ ဘာကြောင့် ရောက်လာရလဲ ဆိုသည့် အကြောင်းအရင်းကို သိလိုက်ရသည်။

နတ်ဘုရားကောင်းချီး အဖွဲ့တွင် အဖွဲ့နှစ်ဖွဲ့ထက် ပို၍ ရှိနေကြောင်းကို သူ သိခဲ့ရသည်။ တစ်ဖွဲ့က ပုန်းအောင်းနေပြီး စုစုပေါင်း အဖွဲ့သုံးဖွဲ့ ရှိမည်။

" ငါ ထင်တာမမှားရင် ရန်လင်းနဲ့ ဟုန်ကျန်းတို့က စုံထောက် မျက်လုံးအတွက် ရောက်လာတာပဲ ဖြစ်မှာ"

မကြာခင် လင်းဟွမ်သည် ရန်လင်းက ဟုန်ကျန်း၏ မောင်ကို ရှာတွေ့နိုင်သော ပစ္စည်းတစ်ခု ရှိကြောင်း သူအား ပြောပြခဲ့ဖူးသည်ကို ပြန်သတိရသွားသည်။ လက်ရှိ အချက်အလက်များကို အခြေခံရမည်

ဆိုလျှင် စုံထောက်မျက်လုံးက ဖြစ်နိုင်ချေ တော်တော်လေး များနေသည်။

## အခန်း(၉၉၇) - နတ်ဘုရားတစ်ပိုင်းကို သတ်နိုင်တဲ့ အင်မော်တယ် တစ်ယောက်ကို မင်းဘယ်တော့မှ မမြင်ဖူးဘူးဆိုတာ ငါ လောင်းရဲတယ်။

လင်းဟွမ်သည် ဟိုတယ်အခန်းထဲရှိ ငါး မွန်းစတားများမှ တစ်ဆင့် လျှို့ဝှက်ချက်များစွာကို ကြားသိခဲ့ရသည်။

သူသည် နတ်ဘုရားကောင်းချီး အဖွဲ့မှ အဖွဲ့ဝင်များနှင့် အမှတ်မထင် ဆုံတွေ့ခဲ့ပြီး သူတို့ ဘာလုပ်နေလဲ ဆိုသည်ကို သိချင်ခဲ့သည်။ သို့သော်လည်း ဤလျှို့ ဝှက်ချက်က ခရမ်းရောင်ကျီးကန်း အဖွဲ့အစည်းနှင့် ပတ်သက်နေရုံ သာမက ရန်လင်း၊ ဟုန်ကျန်းတို့နှင့်လည်း ပတ်သက်နေ လိမ့်မည်ဟု မည်သည့်အချိန်ကမှ မထင်ခဲ့မိချေ။

“ ငါတို့နဲ့ မဆိုင်တဲ့ကိစ္စကနေ လက်ရှောင်ကြမလား.....”

နတ်ဘုရားကောင်းချီး အဖွဲ့ဝင်များ ပြောနေသည့် စကားများကို ခိုးနားထောင်ပြီးနောက် သွေးရဲရဲလေးက လင်းဟွမ်ကို လှည့်ကြည့်ကာ မေးလိုက်သည်။

“ ခရမ်းရောင်ကျီးကန်း အဖွဲ့အစည်းရဲ့ ကျီးကန်းဝိညာဉ်တော်နဲ့ စုံထောက်မျက်လုံး ကိစ္စကို ငါ စိတ်မဝင်စားဘူး... အချိန်ရလို့ စောင့်ကြည့်မယ်ဆိုလည်း ငါ့ကို မထိခိုက်နိုင်လောက်ဘူး”

ကြေးကျီးကန်းမြို့သို့ လင်းပွမ် လာရောက်သည့် ရည်ရွယ်ချက်မှာ သိုလှောင်ပစ္စည်းများ ဖွင့်ရန် ရန်လင်းဆီ လာခဲ့ခြင်းသာ.....

ဖွင့်ထားသော ပစ္စည်းကို စုဆောင်းပြီးသည်နှင့် ဝမ်ပေါင်မြို့သို့ ပြန်သွားကာ ကျန်နေသေးသည့် အစစ်အမှန် ဝိညာဉ် (၃) ခုကို စိတ်ကူးယဉ် မြင်ယောင်ကြည့်ရန် တံခါးပိတ်ကျင့်ကြံဖို့ စိတ်ကူး ထားခဲ့၏။

သို့သော်လည်း ကြေးကျီးကန်းမြို့သို့ လာရောက်သည့် ခရီးစဉ်အတွင်းတွင် ဤကဲ့သို့

ဖြစ်ရပ်မျိုးနှင့် ကြုံတွေ့ရလိမ့်မည်ဟု မထင်ထား ခဲ့ချေ။ ခရမ်းရောင် ကျီးကန်း အဖွဲ့အစည်း၏ ကျီးကန်းဝိညာဉ်တော် ရွေးချယ်ပွဲက ရက်ပိုင်းသာ လိုတော့ကြောင်း သိသော်လည်း စောင့်ကြည့်ရန် စိတ်မပါပေ။

သို့သော်လည်း နတ်ဘုရား တစ်ပိုင်းများ၏ တိုက်ပွဲကို မျက်မြင်လက်တွေ့ ကြည့်ရခြင်းက ရှားပါးလှ၏။ ထို့အပြင် ရန်လင်းနှင့် ဟုန်ကျန်းတို့ကလည်း နတ်ဘုရားတစ်ပိုင်းများ ပစ်မှတ်ထားနေသော အဖွဲ့အစည်းတစ်ခုနှင့် ပစ်မှတ်

တူနေသောကြောင့် သူတို့ ဘာပိုင်ဆိုင်ထားလဲ ဆိုသည်ကို အတိအကျ သိချင်နေသည်။

ထို့အပြင် ကျီးကန်းနတ်ဘုရား၏ တိုက်ခိုက်ရေး အဆင့်မှာ အနည်းဆုံး အစစ်အမှန် နတ်ဘုရား အဆင့်တွင် တည်ရှိနေခြင်း ဖြစ်ပြီး ဘုံများကို ဖြတ်ကျော်၍ အမှန်တကယ် တိုက်ခိုက်နိုင်ခြင်း ရှိ၊ မရှိကို အတည်ပြုချင်သေးသည်။ သို့သော်လည်း ခရမ်းရောင် ကျီးကန်းအဖွဲ့အစည်းက သူတို့၏ ကျီးကန်းဝိညာဉ်တော် ရွေးချယ်ပွဲကို

အချိန်ဆွဲလိုက်မည် ဆိုပါက ဤနေရာတွင် ဆက်နေပြီး အချိန်ဖြုန်းရန် အစီအစဉ် မရှိပေ။

မဟာကမ္ဘာကြီး ၊ ကျောက်စရစ် ကမ္ဘာများ၏ အခြေအနေနှင့် နတ်ဘုရားကောင်းချီး အဖွဲ့၏ တည်ရှိမှုကို သိပြီးနောက် သူ၏ တိုက်ခိုက်ရေးအဆင့်ကို မြှင့်တင်ရန် စိတ်အား ထက်သန် နေခဲ့ခြင်းပင် ။ ဤပွဲက မည်မျှကောင်းကောင်း သူ့အရည်အချင်းကို မြှင့်တင်ရမည့် ရည်ရွယ်ချက်လောက် စိတ်အား ထက်သန်ခြင်း မရှိပေ။

“ ငါကတော့ စုံထောက် မျက်လုံးကို တော်တော်လေး စိတ်ဝင်စားနေပြီ…”

သွေးရဲရဲလေးက ပြုံးပြီး ပြောလိုက်သည်။

“ ဆံပင်တိုနဲ့လူ ပြောခဲ့တဲ့ စကားအတိုင်းဆို လက်တွေ့မှာ ဘယ်လောက် အစွမ်းထက်လဲ သိချင်မိသား….. သူပြောတဲ့ အတိုင်းဆို ထောက်လှမ်းနိုင်တဲ့ လုပ်ဆောင်ချက်တွေ ပါတဲ့ နတ်ဘုရားအဆင့် ကြွားခံပစ္စည်း တစ်ခုလို့ ပိုထင်တာပဲ…”

“ ဘာ ပြောချင်တာလဲ ”

သွေးရဲရဲလေး စကားကို နားထောင်ပြီးနောက် လင်းဟွမ်လည်း စိတ်ဝင်စားလာသည်။

“ နတ်ဘုရား ပစ္စည်းလို အရာမျိုးက သဘာဝအတိုင်း ဖွဲ့စည်းတာ ဖြစ်လို့ အများအားဖြင့်တော့ စွမ်းရည်တစ်မျိုးတည်း ပါရှိတတ်တယ်။ စွမ်းရည် အမျိုးမျိုး ပါနေတယ် ဆိုရင်တောင် စွမ်းရည်ရဲ့ သဘော သဘာဝတွေက တစ်သတ်မတ်တည်း ရှိနိုင်ပါ့မလား ”

“ ဆံပင်တိုနဲ့ လူ့ဗီအန်းပြောတဲ့ အတိုင်းဆို ဒီစုံထောက်မျက်လုံးရဲ့ လုပ်ဆောင်ချက်က

မုသားတွေကို ဖောက်ထွင်းပြီး အမှန်တရားတွေကို ဖော်ထုတ်နိုင်တာပေါ့။ ဒါကြောင့် ကျီးကန်း ဝိညာဉ်တော်ကို ရွေးချယ်တဲ့နေရာမှာ အသုံးပြုတာ အဓိပ္ပာယ် ရှိသလိုပဲ”

“ နောက်ပိုင်းမှာ စုံထောက်မျက်လုံး ရွေးချယ်ခံရတဲ့ ကျီးကန်းဝိညာဉ်တော်က ကျီးကန်း နတ်ဘုရားအဖြစ် ပြောင်းလဲ သွားနိုင်တယ်ဆိုတော့ ကျီးကန်း ဝိညာဉ်တော်က ကျီးကန်းနတ်ဘုရားရဲ့ အမွေကို ရမှာပေါ့ ။ ဒီလိုဆို စုံထောက်မျက်လုံးက ကျီးကန်း နတ်ဘုရားနဲ့ ကျီးကန်း ဝိညာဉ်တော်

ကြွားက ဆက်သွယ်ပေးတဲ့ ကြွားခံပစ္စည်း တစ်ခုလို့ ဆိုလိုတာလား ….. ထူးဆန်းသွားပြီ ”

“ ဒီလို ကြွားခံနယ် လုပ်ဆောင်ချက်က ထောက်လှမ်းနိုင်စွမ်းနဲ့ ဘာမှ မဆိုင်ဘူးလေ။ နှစ်ခုက ပြဒါးတစ်လမ်း၊ သံတစ်လမ်းလို လုံးဝ ကွဲပြားနေတယ် ”

“ သဘာဝအတိုင်း ဖြစ်တည်လာတဲ့ နတ်ဘုရားပစ္စည်းတွေမှာ လုံးဝ ကွဲပြားခြားနားတဲ့ စွမ်းရည်နှစ်ခု ပိုင်ဆိုင်ဖို့ဆိုတာ ဘယ်လိုမှ မဖြစ်နိုင်ဘူး။ ဒါကြောင့် နတ်ဘုရား မျက်လုံး

ဆိုတာက စုံထောက်စွမ်းရည် မရှိတဲ့ ကြွားခံပစ္စည်း တစ်ခုပဲလို့ ငါ ထင်တယ်"

" ဒါဆိုရင် ကျီးကန်း ဝိညာဉ်တော်ကို ရွေးချယ်တဲ့လူက စုံထောက်မျက်လုံးအစား ကျီးကန်းနတ်ဘုရားလို့ ပြောချင်တာပေါ့ ။ စုံထောက်မျက်လုံး ဆိုတာ တကယ့် စွမ်းရည်ကို ဖုံးကွယ်ဖို့ အသွင်ယူထားတဲ့ ပစ္စည်းလို့ မင်း ထင်နေတာမှတ်လား...."

လင်းဟွမ်သည် သေသေချာချာ တွေးပြီးနောက် ထိုဖြစ်နိုင်ခြေက ဖြစ်နိုင်သည်ဟု ယူဆလိုက်မိသည်။

“သေချာပါတယ်...... ကျီးကန်းနတ်ဘုရားက ဘုံတွေကို ကျော်ဖြတ်ပြီးတော့ ကျီးကန်း ဝိညာဉ်တော်ကို အသွင်ပြောင်းပြီး အမွေ ပေးနိုင်တာက ဒီကြွားခံပစ္စည်းကြောင့်ပဲ ဖြစ်ရမယ်...”

“ ကျီးကန်းနတ်ဘုရား မျက်လုံးလို့ ခေါ်တဲ့ စုံထောက်မျက်လုံးရဲ့ တကယ့် လုပ်ဆောင်ချက်ကို ဖုံးကွယ်ဖို့ ခရမ်းရောင် ကျီးကန်းအဖွဲ့အစည်းက ရုပ်ဖျက်ထားတဲ့ အမှတ်သညာလို့ ငါတော့ ထင်တာပဲ”

သွေးရဲရဲလေးက ခေါင်းညိတ်ပြီး ပြောလိုက်သည်။

“ ငါ့အထင်သာ မှန်မယ်ဆိုရင် ဒီ စုံထောက်မျက်လုံးကို ယူမယ့် နတ်ဘုရား ကောင်းချီးအဖွဲ့ရဲ့ ရည်ရွယ်ချက်က မှန်တယ်”

“ သူတို့ နောက်ကွယ်မှာရှိတဲ့ မဟာကမ္ဘာကြီးက အဖွဲ့အစည်းနဲ့ ချိတ်ဆက်ဖို့ ဒီကြားခံပစ္စည်းကို အသုံးချနေတာပဲ…”

လင်းဟွမ်က သူတို့၏ ရည်ရွယ်ချက်ကို ကျယ်လောင်စွာ ထုတ်ပြောလိုက်သည်။

အရာအားလုံးကို ခွဲခြမ်း စိတ်ဖြာပြီးနောက် တုန်လှုပ် ခြောက်ခြားသွား၏။ လင်းဟွမ်သည် ထိုအကြောင်းကို ပို၍ တွေးလာသည်နှင့် အမျှ သွေးရဲရဲလေး၏ အထင်က မှန်နိုင်သည်ဟု ပိုထင်လာသည်။

“ ဒါဆိုရင် ရန်လင်းနဲ့ ဟုန်ကျန်းက...”

ယခုအချိန်၌ စုံထောက် မျက်လုံးတွင် ထောက်လှမ်းနိုင်စွမ်း မရှိကြောင်း အတည်ပြုပြီးနောက် ဟုန်ကျန်းနှင့် ရန်လင်းတို့က

ဤ နတ်ဘုရားပစ္စည်းကို ရလျှင်ပင် သူမ၏မောင် ကျန်းဟုန်ကို ရှာတွေ့နိုင်မည် မဟုတ်ပေ။

လင်းဟွမ်သည် ထိုအကြောင်းကို တွေးမိသောအခါ မနေနိုင်ဘဲ မျက်မှောင်ကြုတ်သွားသည်။

ထိုအချိန်တွင် သွေးရဲရဲလေးက အသံ ထုတ်လွှင့်ပြီး ပြောလာသည်။

“ ရန်လင်း အကြောင်းတော့ မသေချာပေမယ့် ဟုန်ကျန်းကတော့ စုံထောက်မျက်လုံးနဲ့ ပတ်သက်တဲ့ အမှန်တရား တော်တော်များများကို သိလိမ့်မယ် ထင်တယ်။ ဘာပဲပြောပြော ဟုန်ကျန်းက

ခရမ်းရောင်ကျီးကန်း အဖွဲ့အစည်းရဲ့ အဓိက အဖွဲ့ဝင်တစ်ယောက် ဖြစ်ခဲ့တာပဲ။ သူက ကျီးကန်းဝိညာဉ်တော်ရဲ့ အမှန်တရားကို သိပြီး ခရမ်းရောင် ကျီးကန်း အဖွဲ့အစည်းထဲက ထွက်ပြေးလာတာလေ။ ဒါဆို စုံထောက်မျက်လုံးရဲ့ တကယ့် လုပ်ဆောင်ချက်ကို သိနေတာပဲ ဖြစ်ရမယ်...”

“ ဒီလိုဆို ရန်လင်းကို သူ့မောင် လိုက်ရှာမယ်လို့ ပြောတာ သက်သက်မဲ့ ရန်လင်းကို ပြဿနာထဲ ဆွဲထည့်နေတာပေါ့...”

လင်းဟွမ်သည် ထိုစကားကို ကြားသောအခါ အံ့အားသင့်သွားသည်။ ယခုအခါ ဟုန်ကျန်း အကြောင်းကို ပို၍ နားသလို ခံစားလာရသည်။

“ သူနဲ့ ရန်လင်းကလည်း တစ်ကြိတ်တည်း၊ တစ်ဉာဏ်တည်း ဖြစ်နိုင်တာပဲ။ အခု လောလောဆယ်တော့ ဒါနဲ့ ပတ်သက်ပြီး ဘာမှ မသေချာသေးဘူး”

သွေးရဲရဲလေးက ပြောလိုက်သည်။

“ ရန်လင်းကို လုံးဝ မယုံကြည်တာ အကောင်းဆုံးပဲ…… သူက မဟာကမ္ဘာကြီးနဲ့ တခြား

အသေးစား ကမ္ဘာလေးတွေကို ရောက်ဖူးတဲ့လူ ဖြစ်နိုင်တယ်”

ယခုအခါ လင်းဟွမ်သည် ပို၍ပင် မျက်မှောင်ကြုတ်လာသည်။ ရန်လင်းက အခြားကမ္ဘာမှ သိုလှောင်ပစ္စည်းများ၏ သက်တမ်းကို တစ်ချက်တည်း တန်းသိနိုင်သောကြောင့် အခြား အသေးစား ကမ္ဘာများနှင့် မဟာကမ္ဘာကြီးများကို ရောက်ခဲ့ဖူးလိမ့်မည်ဟု လင်းဟွမ်လည်း ထင်ခဲ့ဖူးသည်။

ရန်လင်းတွင် ကျင့်ကြံသူအော်ရာ လုံးဝမရှိဘဲ သာမန်လူတစ်ယောက်ဟု ထင်ရသော်လည်း လင်းဟွမ်က ထိုလူက ရွှေလက်ချောင်း ပိုင်ဆိုင်ထားသော ခရီးသွားတစ်ယောက် ဖြစ်ကြောင်း ကောင်းကောင်း သိနေသည်။

ထို့အပြင် ရန်လင်းသည် သူလာခဲ့သော ကမ္ဘာမြေမှ ရောက်လာသောကြောင့် မွေးရပ် ဇာတိတူသဖြင့် ရန်လင်းနှင့် ရင်းနှီးသည်ဟု အမြဲတမ်း ခံစားနေရသည်။ သူ သတိထားခဲ့သော်လည်း ရန်သူ ဖြစ်လာလိမ့်မည်ဟု မထင်ခဲ့မိချေ။

ယခုအခါ လင်းဟွမ်သည် ပို၍ပင် အဖြေရှာမရ ဖြစ်လာသည်။

ရန်လင်းက ဟုန်ကျန်းနှင့် ချစ်ကြိုက်နေသည်လော သို့မဟုတ် နှစ်ယောက်လုံးက ကိုယ်ပိုင် ရည်ရွယ်ချက်အတွက် အပြိုင်အဆိုင် သရုပ်ဆောင် နေကြသည်လော ဆိုသည်ကိုပင် မသေချာတော့ချေ။

“ ရန်လင်းက စုံထောက်မျက်လုံးရဲ့ တကယ့် လုပ်ဆောင်ချက်ကို သိသိ၊ မသိသိ အခုအချိန်မှာတော့ သူနဲ့ ဟုန်ကျန်းက တစ်လှေတည်းစီး တစ်ခရီးတည်း

သွားတွေပဲ။ အမှန်တရားကို သိသိ၊ မသိသိ ဒီအချက်ကတော့ မပြောင်းလဲဘူး...”

လင်းဟွမ်သည် ကိစ္စများကို ပို၍ ပို၍ သိလာသည်နှင့် အမျှ ကိစ္စများက ပို၍ ရှုပ်ထွေးလာကာ အဖြေရှာရန် ပိုခက်လာ၏။

......

ထိုနေရာနှင့် ကီလိုမီတာ (၁၀၀) ကျော် ဝေးကွာသော ဖီးနစ်ဟိုတယ်၏ အခန်း (၀၈၁,၀၂၃) တွင် စုံတွဲတစ်တွဲ စကား ပြောနေကြသည်။

“ စောစောက ရောက်လာတဲ့ မျိုးရိုးနာမည် လင်းဆိုတဲ့ ဖောက်သည်က မင်းနဲ့ ရင်းနှီးတဲ့ပုံပဲ... ငါလည်း သူ့ကို အရင်က တွေ့ဖူးသလိုပဲ...”

ဟုန်ကျန်းသည် စာဖတ်ခန်းထဲတွင် မတ်တပ်ရပ်နေကာ ပေါ့ပေါ့ပါးပါး ဟန်ဆောင်ပြီး ရန်လင်းနှင့် စကားပြောနေသည်။

“ မင်း သူ့ကို ရင်းနှီးသလိုလို ဖြစ်နေတာ မထူးဆန်းဘူး။ သူ့နာမည်က လင်းရှီပဲ။ ပါရမီရှင်သမဂ္ဂ ဦးဆောင်သူ စာရင်းမှာ နှစ်နှစ်ဆက်တိုက် နံပါတ် (၁) ရထားတဲ့ ပါရမီရှင်ပေါ့...”

ရန်လင်းက အလုပ်လုပ်နေရင်း ခပ်တိုတို ပြန်ဖြေလိုက်သည်။

“ ဒီနာမည်က မင်း သူ့အတွက် လုပ်ပေးထားတဲ့ အထောက်အထား အတု မဟုတ်ဘူးလား…”

“ ဟုတ်တယ်လေ… ”

ရန်လင်းက အတည်ပြုလိုက်သည်။ သူက သူ့ဖောက်သည်၏ လျှို့ဝှက်ချက်ကို ထုတ်ဖော်ပြောဆိုရန် ဆန္ဒ ရှိပုံမရပေ။

“ သူ့အရင် မျက်နှာကို မြင်ဖူးလား...”

“ ဟင့်အင်း.... ငါနဲ့ ပထမဦးဆုံးတွေ့ကတည်းက ဒီမျက်နှာပဲ...”

ရန်လင်း၏ စကားသံထဲတွင် သဝန်တိုသော လေသံများ ပါလာပြီး...

“ သူ့ကို စိတ်ဝင်စားနေတာလား...”

“အာ... လျှောက်တွေးမနေနဲ့ ။ ငါ ဒီအတိုင်း ရင်းနှီးတယ်လို့ တွေးမိရုံပဲ ။ သူက

ခရမ်းရောင်ကျီးကန်း အဖွဲ့အစည်းက ဖြစ်နေမှာပဲ စိုးတာ...”

ရန်လင်းက အပြုံးလေးနှင့် ရှင်းပြသည်။

“ အဲ့ဒါတော့ စိတ်မပူနဲ့။ ခရမ်းရောင် ကျီးကန်းအဖွဲ့အစည်းက သူ့လို ထူးချွန်တဲ့လူကို လေ့ကျင့်ပေးနိုင်မှာ မဟုတ်ဘူး... ”

ရန်လင်းသည် ရင်ထဲမှ အပူလုံးကြီး ကျသွားသလို ပြုံးပြီး ခေါင်းခါလိုက်သည်။

“ သူက ဘယ်လောက်ပဲ အစွမ်းထက်ထက် အင်မော်တယ်အဆင့်ပဲ ရှိတာပါ... ”

ဟုန်ကျန်းက နှုတ်ခမ်းစူပြီး ပြောလိုက်သည်။

အစောပိုင်းက ရန်လင်း ပြောခဲ့သည့်စကားကို ရည်ရွယ်ပြီး ပြောလိုက်သည်မှာ အထင်အရှားပင် ။

ရန်လင်းက မျက်ခုံးပင့်ပြီး စိတ်ထဲက ကျိတ်တွေးလိုက်သည်။

‘ နတ်ဘုရားတစ်ပိုင်း အဆင့်ကို သတ်နိုင်တဲ့ အင်မော်တယ် အဆင့်ကို မင်းတစ်ခါမှ မတွေ့ဖူးသေးဘူး ဆိုတာ ငါ လောင်းရဲတယ်…’

“ အို… ဟုတ်ပြီ… ငါ မေ့တော့မလို့… ခရမ်းရောင် ကျီးကန်းအဖွဲ့အစည်းရဲ့ အခမ်းအနားက သုံးရက်မြောက် မနက် (၁၂) တိတိမှာ တရားဝင် ကျင်းပတော့မှာ၊ မင်း အဆင်သင့် ဖြစ်ပြီလား…”

“အားလုံး အဆင့်သင့် ပဲ…”

## အခန်း(၉၉၈) - အစွမ်းအစ ပေါက်ကြားခြင်း......

လင်းဟွမ် တစ်ယောက် ကြေးကျီးကန်းမြို့သို့ ရောက်ပြီး ဒုတိယမြောက်နေ့......

“ သိုလှောင်ပစ္စည်း အားလုံး ဖွင့်ပြီးပြီ.. အခု လာယူမလား ဒါမှမဟုတ် မနက်ဖြန်ကျမှ လာမလား..”

ည (၁၁) နာရီကျော်နေပြီ ဖြစ်သောကြောင့် လင်းဟွမ်သည် ခါးလေ့ကျင့်နေမှုကို အဆုံးသတ်ပြီး

အိပ်ရာဝင်ရန် ပြင်နေသည်။ ထိုစဉ် အင်ပါယာ နှလုံးသားလက်စွပ်က ရုတ်တရက် တုန်ခါလာပြီး မက်ဆေ့ချ်တစ်ခု ဝင်လာ၏။ ထုံးစံအတိုင်း ရန်လင်းထံမှ သိုလှောင်ပစ္စည်းများ ဖွင့်ပြီးကြောင်း မက်ဆေ့ချ် ပို့ခဲ့ခြင်း ဖြစ်သည်။

" ခု ချက်ချင်း လာခဲ့မယ်.. "

လင်းဟွမ်က မက်ဆေ့ချ်ကို ပြန်ပြီးသည်နှင့် နေရာကူးပြောင်းခြင်း ဓါတ်ကြွင်းကို ချက်ချင်း ဆင့်ခေါ်လိုက်သည်။ ထို့နောက် လမ်းလျှောက် ဝင်သွားသည်။ ခဏအကြာ နေရာကူးပြောင်းခြင်း

ဓါတ်ကြွင်း၏ အခြားတစ်ဖက်မှ ပြန်ပေါ်လာပြီး ရန်လင်း ဟိုတယ်အခန်း၏ အဝင်ဝသို့ ရောက်သွား၏။

ဒေါက်. ဒေါက်.....

တံခါးခေါက်သံ ကြားသောအခါ ရန်လင်းက ညအိပ်ဝတ်စုံနှင့်ပင် တံခါးကို ဖွင့်လိုက်သည်။

တံခါးဝတွင် မတ်တပ်ရပ်နေသောလူက လင်းဟွမ် ဖြစ်နေသည်ကို မြင်လျှင် မမျှော်လင့်ထားသဖြင့် အံ့အားသင့်သွားသည်။

" ဘယ်လို ဖြစ်ပြီး ဒီလောက်မြန် ရတာလဲ.. "

" နောက်ဆုံးအကြိမ် မင်းအခန်းကို ရောက်တုန်းက အခန်းရဲ့ တည်နေရာ ဩဒိနိတ်ကို မှတ်ထားလို့လေ.."

" ကဲ ဝင်လာ.. "

ရန်လင်းက လင်းဟွမ်ကို အထဲဝင်လာရန် လက်ပြလိုက်သည်။

လင်းဟွမ် အထဲ ရောက်သွားသောအခါ ဟုန်ကျန်းကို မတွေ့ရပေ။ သို့သော်လည်း သူ၏

နယ်မြေပိုင်နက် အသိထဲတွင် အိမ်ခန်းထဲ လှဲလျောင်းသော လူတစ်ယောက် ရှိနေကြောင်း တွေ့လိုက်ရသည်။

( အော်.. သူမမှာ ဒီလိုမျိုး ကျန်းကျန်းမာမာ နေထိုင်တတ်တဲ့ နေထိုင်မှုစရိုက် ရှိတာလား..)

လင်းဟွမ်က စိတ်ထဲမှ တွေးလိုက်သည်။

“ ဟုန်ကျန်း အိပ်ပျော်နေပြီ။ စာကြည့်ခန်းထဲမှာပဲ စကားပြောရအောင်.. ”

ရန်လင်းက အသံတိုးပြီး လင်းဟွမ်ကို စာကြည့်ခန်းထဲ တန်းခေါ်သွားသည်။ စာကြည့်ခန်းထဲတွင် အနည်းငယ် ရှုပ်ပွနေသော်လည်း ရန်လင်း အလုပ်လုပ်နေသည့် နေရာထက်စာလျှင် ပိုသာသေး၏။

လင်းဟွမ်က အခန်းထဲရှိ အရာမှန်သမျှကို တစ်ခု မကျန်ခဲ့အောင် တစ်ချက် ကြည့်လိုက်သည်။ ရန်လင်းသည် အတိတ်ကာလနှင့် နှိုင်းယှဉ်ပါက သိသိသာသာ ပြောင်းလဲလာသည်ဟု သူ ထင်သည်။ သူ၏ စိတ်နေစိတ်ထား၊ တစ်ကိုယ်ရည်

နေထိုင်မှုပုံစံ၊ မည်သို့ပင် ဆိုစေကာမူ ယခုအချိန်၌ ပို၍ ကျန်းမာလာသည်မှာ သံသယရှိစရာ မလိုပေ။

အသေးစိတ် အချက်အလက်များကို ကြည့်ခဲ့သော်လည်း ရန်လင်းက တစ်ခုခု လုပ်ဆောင်နေသည့် အရိပ်အယောင်ကို မတွေ့ရပေ။

ရန်လင်း၏ အတိတ်က ဖရိုဖရဲနေခဲ့သော ဘဝပုံစံနှင့် ဟုန်ကျန်းနှင့် တွေ့ပြီးနောက် ပြောင်းလဲလာသော သူ၏ ဘဝနေထိုင်မှုပုံစံကို ကြည့်ပြီးနောက် လင်းဟွမ်သည် ရန်လင်းက

ဟုန်ကျန်း၏ တကယ့် ရည်ရွယ်ချက်ကို မသိကြောင်း ပို၍ ယုံကြည်လာသည်။

ထုံးစံအတိုင်း ရန်လင်းက မဟာကမ္ဘာကြီးများကို ရောက်ဖူးသည့် အချက်အား ဖုံးကွယ်ထားသောကြောင့် လင်းဟွမ်က သတိထားနေဆဲ ပင်။

စာကြည့်ခန်း တံခါးကို ပိတ်ပြီးနောက် ရန်လင်းသည် ယခင်က လင်းဟွမ်ပေးခဲ့သော ယာယီ သိုလှောင်လက်စွပ်ကို ပြန်ပေးလိုက်သည်။

“ သိုလှောင်ပစ္စည်း စုစုပေါင်း (၄၁၃,၆၂၈) ခု.. (၁၃၃,၁၈၆) ခုက ငါဖွင့်လို့ မရဘူး.. ကျန်တာတော့ ဖွင့်ထားပြီးပြီ..”

“ ဘာလို့ ဖွင့် မရတာလဲ..”

လင်းဟွမ်က ခေါင်းရှုပ်သွားပြီး မေးလိုက်သည်။

“ ပစ္စည်းအနည်းစုက သက်တမ်းအရမ်းကြာနေပြီ။ သိုလှောင်ပစ္စည်းရဲ့ အစိတ်အပိုင်းတွေ ပျက်နေတော့ အတွင်းပိုင်းကလည်း ပြိုလဲပျက်စီးနေလို့ပဲ ။ ကျန်တာတွေက သေဆုံးသူမိသားစု အကောင့်ကနေ ပစ္စည်းတွေ

လွှဲပြောင်း ထုတ်ယူသွားလို့ သက်ဆိုင်တဲ့ အဖွဲ့အစည်းတွေက သိုလှောင် ပစ္စည်းထဲက ပစ္စည်းတွေကို ပြန်သိမ်းသွားပြီ"

လင်းဟွမ်သည် ရန်လင်းစကားကို ကြားပြီးနောက် မဟာကမ္ဘာကြီးကို သူ ရောက်ဖူးကြောင်း ပို၍ အတည်ပြုနိုင်ခဲ့သည်။ ထိုကဲ့သို့ မဟုတ်ပါက ပစ္စည်းများကို ဤကဲ့သို့ ထုတ်ယူနိုင်သည့် လမ်းကြောင်းအား ရှင်းရှင်းလင်းလင်း သိရန် မဖြစ်နိုင်ပေ။ သို့သော်လည်း လင်းဟွမ်က နောက်ထပ် မေးခွန်းများ ထပ် မမေးခဲ့ပေ။

“ ကျေးဇူးတင်တယ်။ ငါ ပြန်ရောက်တဲ့အခါ ကော်မရှင်ခ လွှဲပေးလိုက်မယ်..”

“ လင်းရှီ.. ငါ မင်းကို တောင်းဆိုစရာ တစ်ခု ရှိလို့.. ”

ရန်လင်းသည် စကားမပြောခင် ရုတ်တရက် တုံ့ဆိုင်းသွားခဲ့ပြီးမှ ပြောလိုက်သည်။

“ဘာလဲ..”

“ မဟာကမ္ဘာကြီးကနေ ပါလာတဲ့ သိုလှောင်လက်စွပ် (၃၀၀) ကျော်ထဲက တစ်ခု ငါ

လိုချင်လို့.. လက်စွပ်တစ်ကွင်းပါ.. ကျန်တာ ဘာမှ မလိုချင်ဘူး ”

နောက်ဆုံးတော့ ရန်လင်းက တောင်းဆိုလိုက်သည်။

“ ကော်မရှင်ခ (၂၀) ရာခိုင်နှုန်း လျှော့ပေးမယ်လေ ”

“ ဒီလက်စွပ်ကို ဘာဖြစ်လို့ လိုချင်လဲဆိုတဲ့ အကြောင်းအရင်း ပြောပြနိုင်မလား..”

လင်းဟွမ်က စဉ်းစားပြီးနောက် တိုက်ရိုက်မေးလိုက်သည်။

“ ဒါတော့ ငါ မပြောနိုင်ဘူး။ မင်းကို ပြောနိုင်တာတစ်ခုက ငါ့ ကိုယ်ရေးကိုယ်တာကြောင့်ပဲ ဘယ်သူ့မှ မထိခိုက်နိုင်ဘူး..”

ရန်လင်းက အကြောင်းပြချက်ဟု မယူဆနိုင်သော ရှင်လင်းချက် တစ်ခုကို ပေးပြီးနောက် လင်းဟွမ်ကို စိုက်ကြည့်နေသည်။

လင်းဟွမ်က ခေတ္တမျှ တိတ်ဆိတ်သွားခဲ့ပြီး နောက်ဆုံးတွင် ခေါင်းညိတ်လိုက်သည်။

" ကောင်းပြီလေ.."

သူ့အတွက်မူ သိုလှောင်လက်စွပ်ထဲက တစ်ကွင်းဆုံးရခြင်းက ထိခိုက်ခြင်း မရှိပေ။ သို့သော်လည်း ရန်လင်းက မည်သည့်အတွက် အလိုရှိလဲဆိုသည်ကို မပြောခဲ့ပေ။ ထိုအရာထဲမှ တိကျသော အရာတစ်ခုကို လိုချင်လျှင်ပင် ဖြစ်နိုင်ချေက (၃၀၀) ပုံ တစ်ပုံထက်ပင် နည်းနေသေး၏။

လင်းဟွမ်က စိတ်စွမ်းအားကို အသုံးပြုပြီး ယာယီ သိုလှောင်လက်စွပ်ထဲက လက်စွပ်များကို ရှာဖွေပြီးနောက် အမျိုးသားသုံး လက်စွပ်

တစ်ကွင်းကို ရှောင်တခင် ရွေးပေးလိုက်သည်။ အထဲက ပစ္စည်းများကို ထုတ်ပြီးနောက် ရန်လင်းထံ ပေးလိုက်သည်။

ရန်လင်းက ကန့်ကွက်ခြင်း မရှိဘဲ လက်စွပ်ကို ယူပြီး လက်ညှိုးတွင် ဝတ်ဆင်လိုက်သည်။ ထို့နောက် ပြုံးပြီး လင်းဟွမ်ကို ခေါင်းညိတ်ပြကာ..

“ ကျေးဇူးတင်တယ်. .”

“ ဒါပဲ ဆိုရင် ငါသွားတော့မယ်”

လင်းဟွမ်က ယာယီ သိုလှောင်လက်စွပ်ကို သိမ်းပြီးနောက် ရန်လင်းကို ကြည့်ပြီး ပြောလိုက်သည်။

“ မင်း ဘယ်တော့လောက် ကြေးကျီးကန်းမြို့က ထွက်သွားဖို့ စီစဉ်ထားလဲ..”

“ နှစ်ရက်အတွင်းပဲ.. ဘာဖြစ်လို့လဲ..”

“ ဘာမှတော့ မဟုတ်ပါဘူး.. မကြာခင် ကြေးကျီးကန်းမြို့က ဖရိုဖရဲ ဖြစ်လာလိမ့်မယ်.. ပြဿနာ မဖြစ်အောင် တတ်နိုင်သမျှ အမြန်ဆုံး ထွက်သွားတာ အကောင်းဆုံးပဲ..”

လင်းဟွမ်သည် ရန်လင်း၏ စကားထဲမှ ဖုံးကွယ်ထားသော သတင်းစကား တစ်ခုကို ရရှိလိုက်သည်။

“ ငါက အများအားဖြင့်တော့ ပြဿနာ မရှာတတ်သလို ပြဿနာကိုလည်း မကြောက်တတ်ဘူး..”

လင်းဟွမ်က ရန်လင်းမျက်လုံးကို တည့်တည့် စိုက်ကြည့်ပြီး အဓိပ္ပါယ် ဖုံးကွယ်ထားသော စကားကို ပြောလိုက်၏။

" အေး.. လူယုတ်မာ တစ်ယောက်က ငါ့ဆီ ရောက်လာပြီး မရမက တောင်းဆိုရင်တော့ အဲ့ဒီကောင်အတွက် ကံဆိုးမိုးမှောင် ကျတဲ့နေ့ပဲ.."

နှစ်ယောက်သား တစ်ယောက်ကို တစ်ယောက် စိုက်ကြည့်ပြီး ပြုံးလိုက်ကြသည်။

" ငါ သွားတော့မယ်.."

လင်းဟွမ်က လက်ဝှေ့ယမ်းပြလိုက်ပြီး နေရာ ကူးပြောင်းခြင်း ဓါတ်ကြွင်းကို ချက်ချင်း ဆင့်ခေါ်လိုက်သည်။ ခဏအကြာ

နေရာကူးပြောင်းခြင်း ဓါတ်ကြွင်း ပိတ်သွားပြီး လင်းဟွမ်လည်း ပျောက်ကွယ်သွား၏။

သို့သော်လည်း ရန်လင်းသည် ပျောက်ကွယ်သွားသော လင်းဟွမ်ကို ကြည့်ပြီး တိုးတိုးလေး ရေရွတ်လိုက်သည်။

“ ဒီကောင် ကိုယ်နဲ့မဆိုင်တဲ့ ကိစ္စထဲ ဝင်မပက်သက်ဖို့ မျှော်လင့်တယ် ”

လင်းဟွမ်သည် ဟိုတယ်သို့ ပြန်ရောက်ပြီးနောက် ဆိုဖာ ထိုင်ခုံပေါ်တွင် ထိုင်ကာ အကြာကြီး

တိတ်ဆိတ်နေသည်။ ယခုအခါ သူ့ အစွမ်းအစ ပေါက်ကြားသွားပြီ ဖြစ်ကြောင်း သူ သိနေသည်။

အစောပိုင်းက ရန်လင်း ပြောခဲ့သော စကားအရ ကြေးကျီးကန်းမြို့ပေါ်တွင် ဖြစ်ပေါ်လာမည့် အဖြစ်အပျက်ကို ဝင်ရောက် မနှောင့်ယှက်ရန် သိသိသာသာ တားဆီးနေခြင်း ပင် ။ ဒါသည် လင်းဟွမ်တွင် ဝင်ရောက် စွက်ဖက်နိုင်သော အရည်အချင်း ရှိနေကြောင်း ရန်လင်း သိထား၍ ဖြစ်သည်။

“ ငါ့ကိုယ်ငါ ဘယ်လို ဖော်ထုတ်မိပါလိမ့် ”

လင်းဟွမ်သည် ယာယီ သိုလှောင်လက်စွပ်ကို ထုတ်ယူပြီး စိတ်စွမ်းအားနှင့် ကြည့်လိုက်သည်။ ထို့နောက် သိုလှောင်ပစ္စည်းများကို တစ်ခုပြီးတစ်ခု ထုတ် ကြည့်လိုက်၏။

မကြာခင် ပြဿနာက ဘာလဲဆိုသည်ကို သူ သိသွားသည်။ သိုလှောင် ပစ္စည်းအချို့ထဲတွင် နတ်ဘုရားစွမ်းအားများ ကျန်ရစ် ခဲ့သောကြောင့်ပင်။

သိုလှောင်ပစ္စည်းများ ပေါ်တွင် နတ်ဘုရားစွမ်းအားများ ကြွင်းကျန် ခဲ့ရသည့် အကြောင်းအရင်းမှာ ထိုအပေါ်မှ

သွေးစက်များကြောင့် ဖြစ်ကြောင်း မကြာခင် သိလိုက်ရသည်။

အမှန်တကယ်ပင် သိုလှောင် လက်စွပ်များတွင် သွေးများ ရှိနေ၏။ အခြေခံအားဖြင့်တော့ လင်းဟွမ်က သန့်ရှင်းရေး မလုပ်ခဲ့ပေ။ ထောင်ပေါင်းများစွာသော သိုလှောင် လက်စွပ်များကို တစ်ခုပြီးတစ်ခု သန့်ရှင်းရေး လုပ်နေပါက အချိန်မည်မျှ ပေးရမလဲ ဆိုသည်ကို မည်သူမှ မသိနိုင်ပေ။

သူသည် လုယက် ပစ္စည်းများကို ထုတ်ယူပြီးသည်နှင့် မှောင်ခို ဈေးကွက်ထဲတွင် သိုလှောင်ပစ္စည်းများကို ရောင်းချလေ့ ရှိသည်။

မှောင်ခို ဈေးကွက်က သိုလှောင်ပစ္စည်းများကို ရရှိသည်နှင့် တပြိုင်နက် သိုလှောင်ပစ္စည်းများကို သူတို့ကိုယ်တိုင် သန့်ရှင်းရေး လုပ်ကြသည်။

သို့သော်လည်း ဤသိုလှောင် ပစ္စည်းများပေါ်ရှိ သွေးများက ပုံမှန်မွန်းစတား သွေး မဟုတ်သည်မှာ ထင်ရှားနေသည်။ ထိုအစား နတ်ဘုရားတစ်ပိုင်း၏

သွေးများ ဖြစ်နေသောကြောင့် နတ်ဘုရားစွမ်းအားများ ကြွင်းကျန်လျက် ရှိနေခြင်းပင်။

“ ဒါ ထူးဆန်းတယ်။ ဒီ သိုလှောင်လက်စွပ်ပေါ်မှာ နတ်ဘုရားတစ်ပိုင်း သွေးတွေ ဘယ်လို ရှိနေတာလဲ။ သိုလှောင်ပစ္စည်းကို သိမ်းတဲ့အချိန်က ယာယီသိုလှောင် လက်စွပ်ကို အသုံးပြုခဲ့တာပါ။ အသူရာ ချောက်ကမ်းပါးထဲမှာ ငါသတ်ခဲ့တဲ့ နတ်ဘုရားတစ်ပိုင်း အဆင့် အလောင်းတွေကိုလည်း ငါ့ရဲ့ အင်ပါယာ နှလုံးသားလက်စွပ်ထဲ တန်းထည့်ခဲ့တာပဲကို..”

လင်းဟွမ်သည် အနည်းငယ် ထူးဆန်းသည်ဟု တွေးနေမိသည်။

တိုးတိုးလေး ညည်းညူနေသော လင်းဟွမ် အသံကို ကြားလိုက်လျှင် သွေးရဲရဲလေးက ဘာဖြစ်နေလဲ ဆိုသည်ကို သိလိုက်၏။

“ အသူရာ ချောက်ကမ်းပါး တတိယအလွှာက နတ်ဘုရားတစ်ပိုင်း မွန်းစတားတွေကို မင်းသတ်တဲ့ အချိန်က အင်ပါယာ နှလုံးသားလက်စွပ်ပေါ်မှာ သွေးတွေ ပေသွားတာ ဖြစ်လိမ့်မယ်။ မင်းရဲ့ အင်ပါယာနှလုံးသား လက်စွပ် အကုန်လုံးကိုလည်း

အဲ့ထဲမှာ ထားခဲ့တာမှတ်လား။ အရင်က နတ်ဘုရားတစ်ပိုင်းတွေ အသုံးပြုခဲ့တဲ့ လက်စွပ်တွေလည်း ရှိနေတာကိုး ။ ရန်လင်းမှာက ဒါကို ထွင်းဖောက်မြင်နိုင်တဲ့ စွမ်းရည်ရှိတယ်လေ။ သူ့ဆီမပို့ခင် ရွေးထုတ်ဖို့ အချိန် ပိုပေးခဲ့ရမှာ.”

“ သွေးတွေ ရှိနေတယ်လို့ ငါလည်း ဘယ်သိမှာတုန်း”

သိုလှောင်ပစ္စည်းထဲတွင် သွေးများ ရှိနေခြင်းက ပုံမှန်ပင်။ သွေးရဲရဲလေးပင် ဤအချက်ကို လျစ်လျူရှု

ခဲ့မိသည်။ နတ်ဘုရားစွမ်းအား ကြွင်းကျန်ရစ်ခဲ့လိမ့်မည်ဟု မထင်ခဲ့မိချေ။

နတ်ဘုရားတစ်ပိုင်း သွေးအများစုသည် ကာလကြာရှည်စွာ တည်ရှိခြင်း မရှိဘဲ အများဆုံး တစ်လအတွင်း ပျောက်ကွယ် သွားတတ်သည်။ နတ်ဘုရားတစ်ပိုင်းအဆင့် မွန်းစတားကို သတ်ပြီးနောက် ကျန်ရစ်ခဲ့သော သွေးများက ရန်လင်းအတွက် ဖော်ထုတ်ဖို့ လွယ်ကူစေခဲ့သည်။

" သူ သိသိ၊ မသိသိ ထားလိုက်တော့"

လင်းဟွမ်သည် ဒီကိစ္စကို ထပ် မစဉ်းစား ချင်တော့ပေ။

“ နတ်ဘုရားကျီးကန်း ပွဲတော်က နှစ်ရက်အတွင်း စတော့မှာ။ သူ့ကို ကြည့်နေမယ့် အစား ငါ့အာရုံတွေ အားလုံးကို ဒီကိစ္စထဲမှာပဲ အာရုံ စိုက်ထားတော့မယ်..”

## အခန်း(၉၉၉) - ဒီကမ္ဘာမှာ နတ်ဘုရား တစ်ပါးတည်း မဟုတ်ဘူးလား....

အချိန်များ တရွေ့ရွေ့ ကုန်ဆုံးသွားပြီး မကြာခင် နှစ်ရက်မြောက် ကြာသွားခဲ့သည်။

လင်းဟွမ်သည် နှစ်ရက်လုံးလုံး ဟိုတယ်တွင် အခန်းအောင်းပြီး ဓါးကျင့်စဉ်ကိုသာ လေ့ကျင့်နေခဲ့၏။

နတ်ဘုရားကောင်းချီး အဖွဲ့ဝင်များ ပြောနေသည့် စကားကိုမူ သွေးရဲရဲလေးက ခိုးနားထောင်ရန် တာဝန်ယူခဲ့ပြီး အရေးကြီးသော သတင်းစကားများကိုသာ တစ်ဆင့် ပြန်လည်မျှဝေပေးခဲ့သည်။ နတ်ဘုရား ကျိုးကန်းပွဲတော် ပြုလုပ်မည့် အချိန်နှင့်နေရာကို သိခဲ့ရသည့်အပြင် ယခုတစ်ကြိမ် စစ်ဆင်ရေး အကြောင်းသာမက နတ်ဘုရားကောင်းချီး အဖွဲ့၏ လျှို့ဝှက်ချက်များစွာကိုလည်း ကြားသိခဲ့ရသည်။

နတ်ဘုရား ကောင်းချီးအဖွဲ့ကို တည်ထောင်သည့် လူမှာ နတ်ဘုရားသခင်ဟု ခေါ်ပြီး သူ၏ တိုက်ခိုက်ရေးအဆင့်နှင့် စွမ်းရည်ကိုမူ မသိရပေ။ သူသည် နှစ်ပေါင်းရာနှင့်ချီ ပုန်းအောင်းနေခဲ့ပြီး မကြာခင်ကမှ နတ်ဘုရားကောင်းချီး အဖွဲ့ကို ပြန်ရောက်ရှိသာ ရှိသေးသည်။

ဒါသည် နတ်ဘုရားကောင်းချီးအဖွဲ့ ယခု လက်တလောမှာ ရုတ်တရက် အသက် ပြန်ဝင်လာရသည့် အကြောင်းအရင်းလည်း ဖြစ်သည်။

နတ်ဘုရားသခင်၏ လက်အောက်တွင် နတ်ဘုရားတမန်တော် လေးယောက်ရှိပြီး သူတို့၏ တိုက်ခိုက်ရေးအဆင့်ကိုလည်း မသိရပေ။

သို့သော်လည်း ရှုန်းယွီ လေးစားနေသော အမူအရာကို ကြည့်ပြီး ဆုံးဖြတ်ရမည်ဆိုလျှင် သူတို့၏ တိုက်ခိုက်ရေးအဆင့်က အတုယောင်နတ်ဘုရား အဆင့် ဖြစ်နိုင်၏။ ရှုန်းယွီကိုယ်တိုင်က နတ်ဘုရားတစ်ပိုင်း ဖြစ်နေသောကြောင့် အတုယောင်နတ်ဘုရားများကသာ သူ့ကို ကြောက်ရွံ့စေနိုင်သည်။

ထို့နောက် နတ်ဘုရားတမန်တော် လေးယောက်၏ အောက်တွင် တပ်မှူးများ ရှိနေသေးသည်။

ထိုတပ်မှူးများက ဘေးကင်းရေးဇုန် တစ်ခုလုံးရှိ ဌာနခွဲ အားလုံးကို တာဝန်ယူရသည်။ အချို့ ဘေးကင်းရေးဇုန်တွင် တပ်မှူးတစ်ယောက်သာ ရှိသော်လည်း အချို့နေရာများတွင် အဓိက တပ်မှူးနှင့် လက်ထောက်တပ်မှူး တစ်ယောက်စီ ရှိတတ်ကြသည်။

အစောပိုင်း ရှန်းယွီ ပြောခဲ့သော ဖိန်းမျိုးရိုး နာမည်နှင့်လူမှာ တပ်မှူးဖိန်းလီ ဖြစ်သည်။ သူသည်

ယခုလက်ရှိတွင် အဖွဲ့ခွဲ (၃) ရှိ နတ်ဘုရား ကောင်းချီးအဖွဲ့ကို ဦးဆောင်နေပြီး အဖွဲ့ခွဲ(၃) တွင်ရှိသော ဌာနခွဲ သုံးခုလုံးကို စီမံအုပ်ချုပ် နေရခြင်းပင်။

ရှန်းယွီက သူ့ကို မထီလေးစား လုပ်နေရသည့် အကြောင်းအရင်းမှာ ရှန်းယွီသည် အတွေ့အကြုံ ပိုများသလို ယခင်ကတည်းက ခန့်အပ်ခံထားရသော တပ်မှူး ဖြစ်နေပြီး ဖိန်းလီက အသစ်ခန့်အပ်လိုက်သော တပ်မှူး ဖြစ်နေသောကြောင့် ပင် ။

ဖိန်းလီက မည့်သည့်နေရာမှ ထွက်ပေါ်လာမှန်းမသိ ထွက်ပေါ် လာလိမ့်မည်ဟု မည်သည့် အချိန်ကမှ မတွေးထားခဲ့မိပေ။ စစ်ဆင်ရေး အနည်းငယ်ပြုလုပ်ရုံဖြင့် ဖိန်းလီအတွက် နတ်ဘုရားတစ်ပိုင်း အထွတ်အထိပ် အဆင့် တက်လှမ်းစေရုံသာမက နတ်ဘုရားသွေး အမြောက်အများ ပေးအပ်ခံခဲ့ရပြီး အဖွဲ့ခွဲ(၃)၏ တပ်မှူးအဖြစ်လည်း တာဝန်ပေးအပ်ခြင်း ခံခဲ့ရသည်။

ရှန်းယွီက ဖိန်းလီအကြောင်းကို တဗျစ်ဗျစ် တတောက်တောက် ပြောဆိုနေသောကြောင့်

သွေးရဲရဲလေးက ဖိန်းလီအကြောင်း တော်တော်များများကို သိခဲ့သည်။ နတ်ဘုရားတစ်ပိုင်း အဆင့် တပ်မှူးများ၏ အရေအတွက် တစ်ဝက်နီးပါးသည် ဖိန်းလီနှင့် တိုက်ခိုက်ရေး အဆင့်တူ နတ်ဘုရားတစ်ပိုင်း အထွတ်အထိပ် အဆင့်တွင် ရှိကြ၏။

နတ်ဘုရားတစ်ပိုင်း အထွတ်အထိပ် အဆင့်တွင် သူတို့ခန္ဓာကိုယ်ထဲမှ ကံကြမ္မာစွမ်းအား တစ်ရာ ရာခိုင်နှုန်းသည် နတ်ဘုရားစွမ်းအား အဖြစ် အသွင်ပြောင်းသွားသည်ဟု ဆိုလိုသည်။ ထိုလူသည်

အတိုင်းအတာ တစ်ခုအထိ အတုယောင် နတ်ဘုရားအဆင့်နှင့် ပို၍ နီးကပ်လာခဲ့သည်။ နတ်ဘုရားတစ်ပိုင်း အထွတ်အထိပ် တန်ခိုးရှင်များသည် သူတို့၏ အသွေးအသားနှင့် စိတ်ဝိညာဉ်ကို နတ်ဘုရားစွမ်းအား ပင်လယ်ဖြင့် လုံးဝ ဆေးကြောပြီး အတုယောင် နတ်ဘုရား စံနှုန်းကို အမှန်တကယ် လက်တွေ့ ရရှိ လာကြသည်။

သူတို့၏ စွမ်းရည်သည် မကြာခင်ကမှ အဆင့်တက်လှမ်းခဲ့သော အတုယောင် နတ်ဘုရား အဆင့် (၁) နှင့် နှိုင်းယှဉ်နိုင်သည်။ လူများက သူတို့၏

တိုက်ခိုက်ရေး အဆင့်ကို အတုယောင်နတ်ဘုရား အဆင့် (၁) တန်ခိုးရှင်နှင့် အလွယ်တကူ မှားတတ်ကြသည်။

သို့ရာတွင် သူတို့ ခန္ဓာကိုယ်ထဲရှိ ကျိုးပဲ့နေသော နတ်ဘုရား ဦးခေါင်းများကြောင့် နတ်ဘုရား နယ်မြေကို တည်ဆောက်ရန် မဖြစ်နိုင်ပေ။ ထို့ကြောင့် သူတို့၏ ခန္ဓာကိုယ်ထဲတွင် နတ်ဘုရား စွမ်းအားကို သဘာဝအတိုင်း မထုတ်လွှတ်နိုင်ဘဲ ပြင်ပက အရင်းအမြစ်များကိုသာ မှီခို၍ ပြန်လည်ဖြည့်တင်းကြရသည်။

တပ်မှူး၏ အောက်ခြေတွင် ရှန်းယွီကဲ့သို့ ရာထူးရှိသည့် ဗိုလ်များက ဌာနခွဲတစ်ခုစီကို အုပ်ချုပ်ခွင့်ရသည်။ နတ်ဘုရားကောင်းချီး အဖွဲ့၏ ဗိုလ်မှူးအားလုံးသည် နတ်ဘုရားတစ်ပိုင်း တိုက်ခိုက်ရေး အဆင့် ရှိကြပြီး ဒါသည် ဗိုလ်မှူးတစ်ယောက် ဖြစ်လာရန် မဖြစ်မနေ လိုအပ်သော အခြေအနေ ဖြစ်သည်။ နတ်ဘုရားကောင်းချီး အဖွဲ့သည် အဓိက ဘေးကင်းရေးဇုန် သုံးခုတွင် အဖွဲ့ခွဲ နှစ်ခုစီ ရှိကြသည်။

ဥပမာအားဖြင့် အဖွဲ့ခွဲ ( ၃ )တွင် ဌာနခွဲ (၃) ခု ရှိသလို အဖွဲ့ခွဲ (၁) နှင့် (၂) တွင်လည်း နောက်ထပ် ဌာနခွဲများ ရှိနေကြခြင်းပင် ။

ဗိုလ်မှူးပြီးနောက် သာမန်အဖွဲ့ဝင်များ ရှိကြသည်။

နတ်ဘုရားကောင်းချီး အဖွဲ့တွင် အဖွဲ့ဝင်များစွာ မရှိပေ။ အခြေခံအားဖြင့် သူတို့သည် အင်မော်တယ် အဆင့်မြင့်အဆင့်နှင့် အင်ပါယာအဆင့်များသာ ရှိကြ၏။ အဖွဲ့ခွဲတစ်ခုတွင် အဖွဲ့ဝင် (၂၀) ၊ (၃၀) သို့မဟုတ် အများဆုံး အဖွဲ့ဝင် (၁၀၀) ကျော်အထိ ရှိတတ်ကြသည်။

နှိုင်းယှဉ်ကြည့်မည် ဆိုပါက နတ်ဘုရားကောင်းချီး အဖွဲ့သည် အဖွဲ့ခွဲတစ်ခုစီတွင် သူတို့၏ သူလျှိုများကို ပိုမို ထည့်သွင်းထားနိုင်သည်။ ထုံးစံအတိုင်း သူလျှိုများသည် ရှန်းယွီ၏ နည်းစနစ်နှင့် လုံးဝ ကွဲပြား ခြားနားသော အခြား နည်းစနစ်တစ်ခုကို လိုက်နာကြပြီး ထိုနည်းစနစ်အတိုင်း လုပ်ရှားနေကြခြင်း ဖြစ်သည်။ ဌာနခွဲတစ်ခုစီက ထောက်လှမ်းရေး အခွဲများနှင့် ဆက်စပ်မှု မရှိကြပေ။

ရှန်းယွီက ထိုအကြောင်းနှင့် ပက်သက်၍ သူ့လက်အောက်ငယ်သား တစ်ယောက်ကို

တစ်ကြိမ်သာ ပြောဆိုခဲ့သောကြောင့် စကားတိုလေးသာ ဖြစ်ခဲ့ပြီး ထိုအကြောင်းနှင့် ပက်သက်၍ သွေးရဲရဲလေး ရရှိသည့် သတင်း အချက်အလက်မှာ အလွန် အကန့်အသတ် ရှိနေခြင်းပင် ။

ထို သတင်း အချက်အလက်ကို သွေးရဲရဲလေး ပြန်ပြောပြသောအခါ လင်းဟွမ် မျက်မှောင် ကြုတ်သွား၏။

“ နတ်ဘုရား တမန်တော် လေးယောက်က အတုယောင်နတ်ဘုရားတွေ ဆိုတာ သေချာလား....”

“ သေချာတယ် ”

ဒါသည် သွေးရဲရဲလေး၏ စကားကို ကြားပြီးနောက် လင်းဟွမ် ပထမဦးဆုံး မေးလိုက်သော မေးခွန်း ဖြစ်သည်။

“ အတည် ပြုပြီးပြီ”

“ ရှန်းယွီက နတ်ဘုရားတစ်ပိုင်း အထွတ်အထိပ်အဆင့် ရောက်နေတဲ့ ဖိန်းလီကို မလေးစားဘူး။ ဖိန်းလီရဲ့ ရာထူးကို မေ့ထားလိုက်ရင်တောင် ဘာပဲဖြစ်ဖြစ် ဖိန်းလီက နတ်ဘုရားတစ်ပိုင်း အထွတ်အထိပ် အဆင့်ပဲ။

နတ်ဘုရားသွေး လုံလုံလောက်လောက် ရပြီး နတ်ဘုရားတစ်ပိုင်း အထွတ်အထိပ် အဆင့်ကို အလွယ်တကူ ရောက်လာလို့ ရှန်းယွီလောက် အစွမ်းထက်မှာ မဟုတ်ဘူး။ ဒါကြောင့်လည်း ရှန်းယွီက သူ့တပ်မှူးကို မလေးစားတာပေါ့ ”

“ သူက နတ်ဘုရားသခင် လက်အောက်က နတ်ဘုရားတမန်တော် လေးပါး အကြောင်းကို ပြောတဲ့ အချိန်မှာတော့ စည်း မကျော်ရဲဘူး၊ မခန့်လေးစား မလုပ်ရဲဘူး။ ရှန်းယွီလို လူမျိုးက

နတ်ဘုရားတစ်ပိုင်း အထွတ်အထိပ်အဆင့်ကို ကြောက်ဖို့ မဖြစ်နိုင်ဘူး ”

“ ငါတို့ ကျောက်စရစ်ခဲကမ္ဘာရဲ့ ကျင့်ကြံခြင်းနည်းစနစ်အရ လူတစ်ယောက်က အတုယောင်နတ်ဘုရားအဆင့် တက်ဖို့ မဖြစ်နိုင်ဘူးလေ....”

လင်းဟွမ်က ယခုလက်ရှိ ကျင့်ကြံရေးစနစ်၏ ချို့ယွင်းချက် အကြောင်းကို တော်တော်လေး သိထားသည်။ ကျောက်ပြားပြောသလို အမှန်တကယ် ဖြစ်နေမည် ဆိုပါက လူတစ်ယောက်က အတုယောင် နတ်ဘုရားအဆင့် တက်လှမ်းရန် မဖြစ်နိုင်ပေ။

“ လက်ရှိ ကျင့်ကြံရေး နည်းစနစ်က မလုပ်နိုင်ပေမယ့် ကျင့်ကြံခြင်း နည်းစနစ် အဟောင်းကို သုံးရင်ရော ဘယ်လိုလဲ..”

သွေးရဲရဲလေးက သူ့အမြင်ကို ထုတ်ပြောသည်။

“ ဒါမှမဟုတ် သူတို့ကလည်း မစ္စတာဖူးလိုပဲ ရှေးခေတ်ကတည်းက ရှင်သန်လာခဲ့တဲ့ အတုယောင် နတ်ဘုရားတွေလား.. ”

“ သမိုင်းတွေ အရတော့ လွန်ခဲ့တဲ့ နှစ်ပေါင်း (၈၀၀) လောက်က တိုက်ပွဲထဲမှာ တန်ခိုးရှင်တွေရဲ့ အလောင်း တော်တော်များများကို မတွေ့ခဲ့ရဘူး။

အလောင်း အများစုကို မွန်းစတားတွေ စားခဲ့တယ်ပဲ ထားပါအုံး ၊ တိုက်ပွဲပြီးချိန်မှာ ပုန်းအောင်းပြီး ဆေးကုနေတဲ့ အတုယောင် နတ်ဘုရားတွေ ရှိနိုင်တာပဲလေ.... ဒီ အချက်ကိုတော့ ငါတို့ မငြင်းနိုင်ဘူး”

လင်းဟွမ်သည် သွေးရဲရဲလေး ပြောနေသည့် အချက်က အမှန်တကယ် ဖြစ်နိုင်သောကြောင့် ပြန် မငြင်းနိုင်ပေ။

“ ငါ့ အမြင်ကတော့ နတ်ဘုရားဦးခေါင်းနဲ့ ပေါင်းပြီး အဆင့် တက်လာတာလို့ ထင်တာပဲ”

ကျောက်ပြားက သူ့အမြင်ကို ပွင့်ပွင့်လင်းလင်း ထုတ်ပြောလိုက်သည်။

“ဘာဖြစ်လို့ ပြောနိုင်တာလဲ..”

လင်းဟွမ်က ချက်ချင်း မေးလိုက်သည်။

“ အဲ့လို မဟုတ်ရင် ရှေးခေတ်က သေဆုံးသွားတဲ့ နတ်ဘုရားအလောင်းတွေ၊ နတ်ဘုရားဦးခေါင်းတွေ ဘယ်မှာလဲ။ သူတို့ရဲ့ အလောင်းတွေရော တွေ့လား..”

ကျောက်ပြား၏ မေးခွန်းကြောင့် လင်းဟွမ် ငြိမ်ကျသွားသည်။ ကျောက်ပြား ပြောချင်သည့် အချက်ကြောင့် လင်းဟွမ် ကြောက်သွား၏။

ရှေးခေတ် ကာလတုန်းက သေဆုံးခဲ့သည့် နတ်ဘုရား သန်းပေါင်းများစွာ ရှိသည်။ အဓိက အများစုကို ရှာဖွေတွေ့ရှိခဲ့ခြင်း မရှိခဲ့သော်လည်း အဓိက အဖွဲ့အစည်းမှ လူအနည်းစုက နတ်ဘုရား ဦးခေါင်းများကို တွေ့သည်နှင့် သူတို့အဖွဲ့ထဲတွင် အတုယောင် နတ်ဘုရားများစွာ မွေးထုတ်ပေးနိုင်သည်။

“ မင်းပြောတဲ့ စကားအတိုင်းသာ သုံးသပ်ရမယ်ဆိုရင် နတ်ဘုရားကောင်းချီး အဖွဲ့ရဲ့ နတ်ဘုရားသခင်က အစစ်မှန်နတ်ဘုရား ဖြစ်နိုင်တာပေါ့..”

လင်းဟွမ်သည် ထိုသတင်းကို ကြားသောအခါ သူ့အမြင်များ ချာချာ လည်သွားသည်။ ဤကျောက်စရစ်ခဲ ကမ္ဘာတွင် မစ္စတာဖူးကသာ တစ်ပါးတည်းသော နတ်ဘုရားဟု အမြဲတမ်း ထင်နေခဲ့သည်။

ယခုအခါ ကျောက်စရစ်ခဲ ကမ္ဘာသည် သူထင်ထားသည့်ထက် ပို၍ပင် အန္တရာယ်များနေပုံ ရသည်။

“ ဒါဆိုရင် နတ်ဘုရားကောင်းချီးနဲ့ တိုက်ပွဲက ငါ ထင်ထားတာထက် ပိုခက်ခဲမှာပေါ့”

လင်းဟွမ်ကို ကြည့်ရသည်မှာ ကူကယ်ရာ မဲ့နေသည်။

“ အမှန်ပဲ..... သွေးရဲရဲလေး ပြောသလိုဆို သူတို့မှာ အတုယောင် နတ်ဘုရား လေးပါးရှိနေတာပဲ ဘာဖြစ်လို့ သူတို့ရဲ့ စစ်ဆင်ရေးကို

လျှို့ဝှက်နေသေးတာလဲ။ သူတို့ရှိတဲ့ အင်အားစုနဲ့ဆို ကမ္ဘာတစ်ဝှမ်းလုံးက အဖွဲ့အစည်းတွေကို အပြည့်အဝ သုတ်သင် ရှင်းလင်းနိုင်ဖို့ အလွယ်လေးပါ။ ကျောက်စရစ်ခဲ ကမ္ဘာရဲ့ အုပ်ချုပ်သူလို့တောင် သတ်မှတ်လို့ ရတယ်လေ”

“ အခြေအနေတွေကို ကြည့်ရတာတော့ ပြည်ထောင်စု အစိုးရနဲ့ မုဆိုးအဖွဲ့အစည်း တွေမှာလည်း ဖုံးကွယ်ထားတဲ့ အတုယောင် နတ်ဘုရားအဆင့် တန်ခိုးရှင်တွေ ရှိနိုင်တယ်။ နတ်ဘုရားကောင်းချီး အဖွဲ့က မလုပ်ချင်တာ

မဟုတ်ဘူး ။ သူတို့ရဲ့ အင်အားကို မကြေငြာတာက ဒီကမ္ဘာမှာ ပိုအင်အားကြီးတဲ့ အဖွဲ့ရှိနေတာ ကောင်းကောင်း သိနေလို့ပဲ ”

လင်းဟွမ်သည် ကျောက်ပြား၏ သတိပေးချက်ကို ကြားပြီးနောက် သတင်း အချက်အလက်များကို ချိတ်ဆက် စဉ်းစား ကြည့်လိုက်သည်။

“ ဒီနတ်ဘုရားအဆင့် တန်ခိုးရှင်တွေ ကိုယ်ထင် မပြလာတာ နှစ်ပေါင်း ရာကျော်နေပြီ.. သူတို့ကိုယ်သူတို့ ကိုယ်ထင်မပြဖို့ အဖွဲ့အစည်း အားလုံးက သဘောတူညီချက် ယူထားတာလည်း

ဖြစ်နိုင်တာပဲ။ ကမ္ဘာမြေပေါ်က နိုင်ငံတွေ ကျင့်သုံးနေကျ သဘောတရား တစ်ခုလိုပေါ့..”

# အခန်း(၁,၀၀၀) - ကိုယ်စားလှယ်လောင်း ဆယ်ယောက်

ညဉ့်နက် သန်းခေါင်ယံ အချိန်တွင် ကောင်းကင်ယံ၌ အနီရောင်နှင့် ခရမ်းရောင် ရှိသော လနှစ်စင်းသည် ဧရာမ သားရဲကြီး၏ မျက်လုံးများ ကောင်းကင်ယံတွင် ချိတ်ဆွဲထား သလိုပင်......

ပြာလဲ့လဲ့လဲ့ လရောင်က ပင်လယ်ရေပြင်ပေါ် ဖြာကျနေပြီး လှိုင်းပုတ်သံများ နှင့်အတူ လျှို့ဝှက် ဆန်းကြယ်သော အရောင်အသွေးနှင့် ပြည့်စုံ၍

ဆန်းကြယ်သော ပန်းချီကားချပ် တစ်ချပ် အလား ဖြစ်နေ၏။

ငြိမ်သက် သမုဒ္ဒရာသည် ကြေးကျီးကန်းမြို့ အရှေ့မြောက်ဘက် ကီလိုမီတာ (၅,၀၀၀) အကွာတွင် တည်ရှိပြီး ငြိမ်းချမ်းရေး သမုဒ္ဒရာ အရှေ့ဘက်မှ ခွဲထွက်လာသော ပင်လယ်တစ်ခု ပင်။

ယခုအချိန်၌ ငြိမ်သက် သမုဒ္ဒရာ အထက် ကောင်းကင်ယံတွင် အနက်ရောင် လေသင်္ဘောကြီး လေးစင်း ရှိနေသည်။ သူတို့သည် ငြိမ်သက်

သမုဒ္ဒရာ၏ အလယ်ဗဟိုသို့ ဦးတည် ပျံသန်းနေကြ၏။

အကယ်၍ လူတစ်ဦးက လေသဘော်များနှင့် ရင်းနှီးကျွမ်းဝင်သူ ဖြစ်နေမည် ဆိုပါက ဤလေသဘော် လေးစင်းကို မြင်သည်နှင့် မှတ်မိလိမ့်မည်။ ၎င်းတို့သည် နတ်ဘုရားတစ်ပိုင်း အထွတ်အထိပ်အဆင့် ဖြစ်သော သန်းခေါင်ယံ နတ်ဘုရား လေသဘော်များ ဖြစ်ကြသည်။

လေသဘော်၏ ကိုယ်ထည်သည် ကျယ်ပြန့်ပြီး အပေါ်ဘက် ကျောပေါ်တွင် မြေပြန့်လွင်ပြင်

တစ်ခုကဲ့သို့ ဖြစ်နေ၏။ ၎င်း၏အရှည်မှာ မီတာ တစ်သောင်းနှစ်ထောင် ကျော် ရှည်ပြီး အလွန်ကြီးမားသော လေယာဉ်တင် သင်္ဘောကြီးတစ်စင်းနှင့် တူသည်။

နတ်ဘုရားတစ်ပိုင်း အထွတ်အထိပ် အဆင့်ဖြစ်သော မိခင် သင်္ဘောဖြစ်သည့် ညနက်သန်းခေါင်ယံ နတ်ဘုရား လေသင်္ဘောကို ဈေးကွက်ထဲတွင် နတ်ဘုရား ဓါတ်ကြွင်းတစ်ခုနှင့် တူညီသော ဈေးနှုန်းဖြင့် ရောင်းချနိုင်သည်။

လေသဘော် လေးစင်းသည် အတွဲလိုက် ပျံသန်းလာပြီး မကြာခင် ငြိမ်သက် သမုဒ္ဒရာ၏ အလယ်ဗဟိုသို့ ရောက်ရှိလာကြသည်။ သူတို့သည် သမုဒ္ဒရာအထက် မီတာ (၁၀၀) တွင် ရပ်နား လိုက်ကြ၏။

ထို့နောက် လေသဘော် လေးစင်းက အသွင် ပြောင်းလာသည်။ ၎င်းတို့၏ နောက်ကျောဘက်မှ အတောင်များသည် (၉၀) ဒီဂရီ ပန်ကာပုံစံအဖြစ် ပြောင်းလဲသွားပြီး အပြည့်အဝ ချိတ်ဆက်သွားသည်။

ယခုမူ ရောမ လေသဘော်ကြီး လေးစင်းသည် တစ်စင်းနှင့် တစ်စင်း ချိတ်ဆက်သွားကာ တစ်သားတည်း ဖြစ်လာသည်နှင့်အမျှ ၎င်းတို့သည် အချင်း (၂၄) ကီလိုမီတာ ကျော်ရှိသော စင်မြင့်ကြီးအဖြစ် ဖွဲ့စည်းသွားခဲ့ပြီ။

ထိုစင်မြင့်ကြီး အောက်တွင် အလွန်ပြွတ်သိပ်နေသော အမြောက် လေးထောင်ကျော်ရှိပြီး အမြောက် တစ်လက်ချင်းစီက (၃၆၀) ဒီဂရီ ချိန်ရွယ်ပြီး ပစ်ခတ်နိုင်၏။

လေသဘော်များက ထိုကဲ့သို့ အသွင်ပြောင်းပြီးနောက် အနက်ရောင် ကုတ်အင်္ကျီ ဝတ်ဆင်ထားသော ပုံရိပ် ဆယ်ခုကျော်သည် စင်မြင့်ပေါ်တွင် လျှပ်တစ်ပြက် ပေါ်လာသည်။ သူတို့၏ အဝတ်အစားပေါ်၌ ခြောက်သွေ့သော သစ်ကိုင်းပေါ်တွင် ခရမ်းရောင် ကြိုးကန်းတစ်ကောင် ရပ်နားနေသော တံဆိပ်တစ်ခု ပါရှိသည်။

မကြာခင် သူတို့ (၁၃) ယောက်သည် သူတို့၏ လုပ်ငန်းများကို စတင်လိုက်ကြသည်။

သူတို့ထဲမှ တစ်ယောက်က သန်းခေါင်ယံကဲ့သို့ မည်းနက်နေသော နေရာကူးပြောင်းခြင်း ပေါ်တယ်ကို ဖွင့်လိုက်သည်။

ခဏအကြာ ပေါ်တယ် တံခါးပေါက်ထဲမှ ကြီးမားသော အနက်ရောင် ခြေသည်းကြီးတစ်ခု တိုးထွက်လာသည်။ ခြေသည်း တစ်ခုတည်းနှင့်တင် ပေါ်တယ်တစ်ခုလုံး ပြည့်ကြပ်နေ၏။

"ပေါ်တယ်ကို လမ်းပိတ်နေတာ ရပ်လိုက်တော့။ အခုချက်ချင်း ထွက်လာခဲ့"

ပေါ်တယ်အား ပိတ်ဆို့ထားသည့် မွန်းစတားကို ဆင့်ခေါ်ခဲ့သည့်လူက လှမ်းအော်လိုက်သည်။

ချွန်ထက်နေသော အနက်ရောင် ခြေသည်းသည် လျင်မြန်စွာ ကျုံ့ဝင်သွား၏ ။ ထို့နောက် စူးစူးဝါးဝါး အော်သံပေး၍ ပေါ်တယ်ကို ဖြတ်ကျော်လာကာ ပတ်ဝန်းကျင်ကို လိုက်ကြည့်နေသည်။

" လုသွမ် ဒီမှာ တိုက်ပွဲမရှိဘဲ ဘာဖြစ်လို့ ငါတို့ကို ခေါ်တာလဲ”

ထိုမွန်းစတား စကား ပြောပြီးသည်နှင့် ဒုတိယမြောက် မွန်းစတားက ပေါ်တယ်ထဲမှ

ထွက်လာသည်။ ၎င်းက ၎င်း၏ ခန္ဓာကိုယ်အနှံ့တွင် မရေမတွက်နိုင်သော အဖုအထစ်များ ရှိနေသည့် အစိမ်းရောင် ဘီလူးကြီး ဖြစ်သည်။ ၎င်း၏အရပ်မှာ ခန့်မှန်းခြေအားဖြင့် ခုနစ်မီတာမှ ရှစ်မီတာအထိ ရှည်လျားပြီး ကြီးမားသော ကြွက်သားများ ရှိ၏။

" အနက်ကြီး၊ ငါ့နာမည် တိုက်ရိုက် မခေါ်ဖို့ မင်းကို ဘယ်နှစ်ခါ ပြောရမလဲ။ မင်းရဲ့ သခင်အပေါ် အခြေခံ လေးစားမှုတော့ ရှိသင့်တယ်"

လုသွမ်၏ မျက်နှာ အမူအရာက တင်းမာ လာ၏။ အများအားဖြင့် လွှတ်ပေးထားလေ့ ရှိသော်လည်း ယခုအခါ လုပ်ဖော်ကိုင်ဖက်များ အရှေ့ ဖြစ်နေသည်။

“ မင်းဖင်ကို လေးစားရမှာလား…။ အေး တိုက်ပွဲ မရှိဘူးဆိုရင် ငါ ပြန်အိပ်တော့မယ်”

အနက်ကြီးဟု နာမည်ပေးထားသော နဂါး သက်ရှိက အေးစက်စက် နှာခေါင်းတစ်ချက် ရှုံ့လိုက်သောအခါ လေထုက ရေခဲအဖြစ် ပြောင်းလဲသွားပြီ စင်ပေါ်ရှိ အပူချိန်က လျင်မြန်စွာ ကျဆင်းသွားသည်။ သူ့သခင်ကို တစ်ချက်

စိုက်ကြည့်ပြီးနောက် လှည့်ထွက်ရန် လုပ်လိုက်စဉ် .....

" အိန္ဒြာ ဆေးပင် "

မွန်းစတား လှည့်ထွက်ရန် လုပ်လိုက်သည်ကို မြင်လိုက်သည်နှင့် လုသွမ်က ချက်ချင်း လှမ်းအော်လိုက်သည်။

အနက်ကြီး၏ မျက်လုံးထဲတွင် အလင်းရောင် ဖြတ်ခနဲ လက်သွားပြီး ခြေလှမ်းက တုံ့ခနဲ ရပ်သွားသည်။ ထို့နောက် ခေါင်းလှည့်ပြီး

“ ၃၀၀ ”

“ ၂၀၀.... မင်း  မလိုချင်ရင် ပြန်အိပ်လိုက် "

" သဘော တူတယ်"

ထို့နောက် အနက်ကြီးက ပြန်လှည့်လာသည် ။

" အကင် "

အစိမ်းရောင် ဘီလူးကြီးက လုသွမ်းကို ပြုံးပြုံးကြီး ကြည့်ပြီး ပြောလိုက်သည်။ ဈေးနှုန်းတစ်ခု ကမ်းလှမ်း နေသည်မှာ  ရှင်းနေ၏ ။

"နှစ်တန်၊  ဘာမှ  ထပ်မရဘူး"

လုသွမ်က ခပ်တည်တည် ပြောလိုက်ချိန်တွင် ဘီလူးကြီးက ချက်ချင်း ခေါင်းညိတ်လိုက်သည်။

နောက်ထပ် ဘီလူး လေးကောင်ကလည်း ပေါ်တယ်ထဲမှ တပြိုင်နက်တည်း ထွက်လာပြီး အကြွေးရှင်များကဲသို့ လုသွမ်ကို ပြုံးပြုံးကြီး စိုက်ကြည့်နေကြ၏။

လုသွမ်က သူတို့ကို လှမ်းကြည့်ပြီးနောက် မျက်နှာ အမူအရာက ပို၍ပင် ပုပ်သိုးလာသော်လည်း အံ့ကြိတ်လိုက်ပြီး

"ဒီနေ့ ငါ့မှာ ရှိသမျှအားလုံး မင်းတို့ကို ပေးမယ်။ အေ ....... မင်းတို့ဘက်က အချောင်ခိုရဲ ခိုကြည့် မင်းတို့ဆုတွေ အကုန်လုံး ငါ ပြန်သိမ်းမှာ"

သခင်ကို သူ၏ အင်ပါယာမွန်းစတားများက ဝိုင်းပြီး အနိုင်ကျင့်နေသဖြင့် ရယ်စရာ ကောင်းနေသော်လည်း လုသွမ်၏ လုပ်ဖော်ကိုင်ဖက်များက လှောင်ပြောင် ရယ်မောခြင်း မရှိကြပေ။

အင်ပါယာ မွန်းစတား ခြောက်ကောင်လုံးတွင် နတ်ဘုရားတစ်ပိုင်း အဆင့် အော်ရာများ

ရှိနေသည်မှာ အထင်အရှားပင် ။ ဤအချက်ကပင် လုသွမ်က အစွမ်းထက်သော ထိန်းချုပ်သူ တစ်ယောက် ဖြစ်ကြောင်း သက်သေပြနေသည်။

ထို့အပြင် လုသွမ်၏ ဤကဲ့သို့ အခြေအနေမျိုးကို မြင်တွေ့ပြီး လှောင်ပြောင်ဖူးသည့် နတ်ဘုရား တစ်ပိုင်းအဆင့် တန်ခိုးရှင် တစ်ယောက်သည် လုသွမ်နှင့် အင်ပါယာမွန်းစတား ခြောက်ကောင်တို့၏ ဝိုင်းဝန်း ရိုက်နှက်ခြင်းကို ခံရပြီး တစ်လခန့် အိပ်ယာပေါ် လှဲနေခဲ့ရသည့် ယခင် သာဓကလည်း ရှိခဲ့ဖူးသည်။

ထိုကဲ့သို့ ပြင်းထန်သော သတိပေးချက်ကြောင့် လုသွမ်ကို လှောင်ပြောင် ရယ်မောရန် မည်သူမှာမှ သတ္တိ မရှိကြပေ။

အင်ပါယာ မွန်းစတား ခြောက်ကောင်က ချက်ချင်း အလုပ် စလုပ်ကြတော့သည်။ လုသွမ် အနားတွင် ကျန်ခဲ့သည့် မွန်းစတား နှစ်ကောင်မှလွဲ၍ ကျန်သည့်လေးကောင်က လူစုခွဲ လိုက်ကြ၏။ သူတို့ထဲမှ နှစ်ကောင်က လေထဲ ပျံတက်သွားပြီး နောက်နှစ်ကောင်က မြေသက် သမုဒ္ဒရာထဲ ခုန်ဆင်းသွားကြသည်။

ပြင်ဆင်မှုများ ပြုလုပ်ပြီးနောက် လုသွမ်သည် တင်ပျဉ်ခွေထိုင်ပြီး ယဇ်ပလ္လင် တည်ဆောက်နေသော သူ၏ လုပ်ဖော်ကိုင်ဖက် (၁၂) ယောက်ကို စိတ်ရှည်ရှည် ထိုင်စောင့်နေလိုက်သည်။

နာရီဝက် နီးပါးခန့် ကြာသွားသောအခါ အချင်း တစ်ကီလိုမီတာ ကျယ်ဝန်းသော ယဇ်ပလ္လင်တစ်ခုသည် လေသဘော်ာများ၏ စင်မြင့်ပေါ်တွင် ဖြစ်ပေါ်လာသည်။

ည (၁၁) နာရီ မိနစ် (၅၀)..

“ နတ်ဘုရားကျောက်တုံးရဲ့ စွမ်းအားက လေသဘော်ာရဲ့ ခံစစ်ကို ထိန်းထားဖို့ လုံလောက်တယ် မဟုတ်လား ”

ခေါင်းဆောင်ဖြစ်သော လူလတ်ပိုင်း အမျိုးသားက နာရီ တစ်ချက်ကြည့်ပြီး သူ့ဘေးနားမှ အမျိုးသမီးကို ပြောလိုက်သည်။

" ကာကွယ်မှု အလွှာ ဖွင့်ပြီးတာနဲ့ ကျီးကန်းဝိညာဉ်တော် ကိုယ်စားလှယ်လောင်းတွေကို ခေါ်လာခဲ့မှာ .. ”

ထိုမိန်းမက ခေါင်းညိတ်ပြီး ချက်ချင်း ပျောက်သွားသည်။

မကြာခင် တစ်ပိုင်းတစ်စ ဖောက်ထွင်း မြင်နေရသော ခံစစ်အလွှာ တစ်ခုက လေသဘော် စင်မြင့်ပေါ်ရှိ လေထုထဲတွင် လျင်မြန်စွာ ဖွဲ့စည်းလာပြီး နေရာတစ်ခုလုံးကို လွှမ်းခြုံသွား၏။

အဝေးမှ လှမ်းကြည့်ပါက လေသဘော်များ၏ ကျောပေါ်ရှိ စင်မြင့် တစ်ခုတည်းသာမက အမြောက်များနှင့် လေသဘော်များ၏ အောက်ခြေကိုပါ ဖုံးလွှမ်းထား၏။

ခံစစ်အလွှာကို ဖွဲ့စည်းပြီး (၂) မိနစ်၊ (၃) မိနစ်ခန့် ကြာသောအခါ ပျောက်သွားသော အမျိုးသမီးသည် အဖြူရောင်ဂါဝန်စုံ ဝတ်ဆင်ထားသော အမျိုးသား တစ်ယောက်နှင့်အတူ လူငယ် (၁၀) ယောက်ကို ခါတ်လှေကားမှတဆင့် ခေါ်ဆောင်လာသည်။

ယခုမှ ရောက်လာသော ဗလတောင့်တင်းသည့် အမျိုးသား၏ အော်ရာအရ ဆုံးဖြတ်ချက် ချနိုင်သော နတ်ဘုရားတစ်ပိုင်း ဖြစ်ကြောင်း ထင်ရှားနေသည်။

ဝတ်စုံဖြူ ဝတ်ထားသော လူငယ်များကမူ ကျား၊ မ ရောနှောနေပြီး တိုက်ခိုက်ရေးအဆင့် အမျိုးမျိုး ရှိနေကြသည်။

သူတို့ထဲမှ ခြောက်ယောက်သည် အင်ပါယာအဆင့်တွင် ရှိပြီး တိုက်ခိုက်ရေးအဆင့် အမြင့်မားဆုံး ရှိသည့်လူမှာ အင်ပါယာ ရွှေခရမ်းရောင် အဆင့်တွင်ရှိပြီး ကျန်သုံးယောက်မှာ အဆင့်မြင့် အင်မော်တယ်အဆင့် ရှိ၏။ နောက်ဆုံး တစ်ယောက်မှာ သန့်ရှင်းမီးလျှံအဆင့်သာ ရှိသေးပြီး

အဖြူရောင် မီးလျှံအဆင့်ကိုသာ တက်လှမ်းရသေး၏။

ခေါင်းဆောင်ဖြစ်သော လူလတ်ပိုင်း အမျိုးသားက ဂဝတ်စုံဖြူ ဝတ်ထားသော လူငယ်များကို လှမ်းကြည့်ပြီး

“ ကျီးကန်းဝိညာဉ်တော် ကိုယ်စားလှယ်လောင်း အဖြစ် ရွေးချယ်ခံရတာက မင်းတို့အတွက် ဂုဏ်ယူစရာပဲ .... အားလုံးထဲက တစ်ယောက်ပဲ ရွေးချယ်မှာ ဖြစ်လို့ ...... မင်းတို့ထဲက ဘယ်သူ အရွေးခံရမလဲဆိုတာ ငါတို့လည်း သေချာ မသိဘူး။ “

" ဒီရွေးချယ်ပွဲမှုမှာ တိုက်ခိုက်ရေးအဆင့်၊ အစွမ်းအစ ဒါတွေက ဘာမှ အသုံးမဝင်ဘူး.. ကျီးကန်းနတ်ဘုရားရဲ့ စိတ်ဆန္ဒကသာ နောက်ဆုံး ဆုံးဖြတ်ချက်ကို ဆုံးဖြတ်ပေးလိမ့်မယ် "

" အရွေးမခံရတဲ့ လူတွေကလည်း စိတ်မပျက်နဲ့ ။ မင်းတို့က အစားထိုးလို့မရတဲ့ ခရမ်းရောင်ကျီးကန်း အဖွဲ့ဝင်တွေ ဖြစ်လာမှာ။ ဒါကြောင့် ကျင့်ကြံရာမှာ လုံ့လ စိုက်ထုတ်ကြ။ မင်းတို့က ငါတို့ရဲ့ ကျီးကန်းခေါင်းဆောင် အဖြစ် ရာထူးတက်လှမ်းဖို့ အခွင့်အရေး ရှိနေတုန်းပဲ ”

လူလတ်ပိုင်း အမျိုးသားသည် စကားပြောပြီးနောက် ခေါင်းငုံ့ကာ နာရီကို ကြည့်လိုက်သည်။

“ ကဲ အချိန် နီးနေပြီ။ စလိုက်ကြစို့ ”

## အခန်း(၁,ဝဝ၁) - အမှောင်ထဲက ချောင်းနေသူများ..

လင်းဟွမ်သည် အနိမ့်အမြင့် ဒိုင်မေးရှင်းထဲတွင် ပုန်းအောင်းနေပြီး ထွင်းဖောက်မြင်ရသည့် အလွှာ ဖုံးကွယ်ထားသော ခပ်လှမ်းလှမ်းရှိ လေသင်္ဘော၏ စင်မြင့်ပေါ်မှ အရာအားလုံးကို စောင့်ကြည့် နေခဲ့သည်။

အလွှာ ဖုံးအုပ်ထားသောကြောင့် လူအများ၏ မျက်နှာကို ရှင်းရှင်းလင်းလင်း မမြင်ရသော်လည်း

သူတို့၏ တိုက်ခိုက်ရေး အဆင့်များနှင့် စွမ်းရည်များကိုမူ ရှင်းရှင်းလင်းလင်း အာရုံခံမိနေသည်။

" ခရမ်းရောင်ကျီးကန်း အဖွဲ့အစည်းထဲမှာ နတ်ဘုရားတစ်ပိုင်း ဘယ်လောက်တောင် ရှိနေတာလဲ"

ခရမ်းရောင်ကျီးကန်း အဖွဲ့အစည်းထဲတွင် နတ်ဘုရားတစ်ပိုင်း (၁၄) ယောက်ရှိနေသည်ကို မြင်နေရသဖြင့် ထိတ်လန့် သွားခြင်းပင်။

အစောပိုင်းတုန်းက ခရမ်းရောင် ကျီးကန်း အဖွဲ့အစည်းတွင် အများဆုံးမှ နတ်ဘုရားတစ်ပိုင်း လေး၊ ငါးယောက်သာ ရှိလိမ့်မည်ဟု သူထင်ခဲ့မိသည်။ ယခု လက်တွေ့တွင်မူ သူမျှော်လင့် ထားသည်ထက် သုံးဆ ပိုများနေ၏။

“ ဇုန်တိုင်းက နတ်ဘုရားတစ်ပိုင်းတွေ အားလုံး ဒီနေရာမှာ စုဝေးနေကြတာ နေမှာပေါ့ ”

“အိုး၊ သူတို့ ရှိရှိသမျှ အကုန် ထုတ်သုံးနေတာပဲ"

သွေးရဲရဲလေးက ပြုံးပြီး ပြောလိုက်သည်။

“ဘယ်လို လုပ်မလဲ... အရေအတွက်က ငါတို့ ထင်ထားတာထက် အများကြီး ပိုများနေတော့ ”

" နတ်ဘုရားတစ်ပိုင်း (၁၄) ယောက်ထဲမှာ အများစုက ဒီလပိုင်းအတွင်းမှ အဆင့် တက်ထားတာ "

ကျောက်ပြား၏ အသံက ရုတ်တရက် ထွက်ပေါ် လာ၏။

“ သူတို့ထဲက တချို့ဆို သူတို့ရဲ့ နတ်ဘုရားတစ်ပိုင်း အော်ရာကိုတောင် အပြည့်အဝ တည်ငြိမ်အောင် မလုပ်နိုင်သေးဘူး ”

လင်းဟွမ်သည် ကျောက်ပြား၏ စကားကို ကြားပြီးနောက် ပေါ့ပေါ့ပါးပါး ပြုံးလိုက်မိသည်။

“ ငါသိပြီ။ ဒီနှစ်ထဲ ကျိုးကန်းဝိညာဉ်တော် တင်မြှောက်ပွဲရှိလို့ သူတို့ရဲ့ တိုက်ခိုက်ရေးအဆင့်ကို ဖြတ်လမ်းနည်းနဲ့ တင်ထားတာ ဖြစ်လိမ့်မယ်။ သူတို့ထဲက အတုယောင်နတ်ဘုရား အဆင့် တက်လှမ်းဖို့ မျှော်လင့်ချက်ကင်းမဲ့နေတဲ့ အင်ပါယာ ရွှေခရမ်းရောင်အဆင့် အဖွဲ့ဝင် တချို့ကို ရွေးချယ်ပြီးတော့ နတ်ဘုရားတစ်ပိုင်း အဆင့် မြှင့်တင်ပေးထားတာပဲ "

သွေးရဲရဲလေးသည် ကျောက်ပြား၏ အသံကို မကြားနိုင်သော်လည်း လင်းဟွမ်က သူ့ခန္ဓာကိုယ် အတွင်းက တစ်ခုခုနှင့် စကားပြောနေခြင်း ဖြစ်လိမ့်မည်ဟု တွေးမိကာ မနေနိုင်ဘဲ စကားဖြတ် ပြောလိုက်သည်။

“ မင်းပြောတာ ပို ဖြစ်နိုင်တယ်။ ဒီတစ်ကြိမ်တော့ ခရမ်းရောင် ကျီးကန်းအဖွဲ့အစည်းက ကျီးကန်းနတ်ဘုရား အခမ်းအနားအတွက် ရှိရှိသမျှ အကုန်ထုတ်သုံးပြီး ပြင်ဆင်ထားတာပဲ ”

“ ကျီးကန်းနတ်ဘုရား ပွဲတော် မတိုင်ခင် နောက်ဆုံးအချိန်မှ ကပ်ပြီး သူတို့အဖွဲ့ထဲက လူတွေကို နတ်ဘုရားတစ်ပိုင်း အဆင့် မြှင့်ပေးလိုက်တာက ထိပ်တန်း တိုက်ခိုက်ရေးအင်အား အစုအဖွဲ့ကို ဖွဲ့စည်းဖို့အတွက် အကောင်းဆုံး နည်းလမ်းပဲ ”

" ကျီးကန်း ဝိညာဉ်တော် ကိုယ်စားလှယ်လောင်းတွေရဲ့ စံနှုန်းကို ငါ တွက်ဆလို့ မရဘူး ဖြစ်နေတယ်"

လင်းပွှမ်တွင် နောက်ထပ် သံသယတစ်ခု တိုးလာ၏။

“ သဘောတရားအရ တိုက်ခိုက်ရေးအစွမ်း မြင့်မှ ပိုအားကောင်းတဲ့ ခန္ဓာကိုယ်နဲ့ စိတ်ဝိညာဉ် ရှိတာ မဟုတ်ဘူးလား...။ ဒါမှ ကျီးကန်းနတ်ဘုရား အခွံလုပ်ဖို့အတွက် ပိုကောင်းမှာပေါ့။ တိုက်ခိုက်ရေး အဆင့် အကောင်းဆုံးလူက ကျီးကန်းဝိညာဉ်တော် ကိုယ်စားလှယ်လောင်း ဖြစ်သင့်တယ်လေ။ နတ်ဘုရား တစ်ပိုင်းကို ကျီးကန်း ဝိညာဉ်တော်အဖြစ် ရွေးချယ်တာက အကောင်းဆုံးပဲ မဟုတ်လား ”

“ ခု သူတို့ ရွေးထားတာက အင်မော်တယ် အဆင့်တွေပဲ... သန့်ရှင်းမီးလျှံ အဆင့်တောင် ပါသေးတယ် ”

" ဒီစကားက မင်းစိတ်ထဲက အတွေးလေ”

လင်းဟွမ်၏ စကားကို ကြားပြီးနောက် ကျောက်ပြားက မနေနိုင်ဘဲ အသံပို့လွှတ်ပြီး ပြောလိုက်သည်။

“ မှန်ကန်တဲ့ ခန္ဓာကိုယ်တစ်ခုကို ရွေးချယ်တဲ့ နေရာမှာ အရေးကြီးဆုံးက ခန္ဓာကိုယ် ဖွဲ့စည်းပုံနဲ့

ဝိညာဉ်ခွန်အား မဟုတ်ဘူး။ လိုက်ဖက်ညီမှုနဲ့ အသားကျမှုက ပို အရေးကြီးတယ်”

“ အစစ်အမှန် နတ်ဘုရားအဆင့် ဒါမှမဟုတ် ဒီထက် ပိုမြင့်တဲ့ တန်ခိုးရှင်တွေ အတွက်ကတော့ အင်ပါယာအဆင့်နဲ့ သန့်ရှင်းမီးလျှံအဆင့်က ကွာခြားမှု မရှိဘူး။ အားလုံးက ပုရွက်ဆိတ်တွေ ချည်းပဲ။ သူတို့အတွက်တော့ သန့်ရှင်းမီးလျှံအဆင့် ခန္ဓာကိုယ် ဖွဲ့စည်းပုံနဲ့ ဝိညာဉ်က အင်ပါယာအဆင့် ပြောင်းလဲလဲ၊ မပြောင်းလဲလဲ အတူတူနဲ့ အနူနူပဲ။

အများဆုံးမှ သုံးစွဲတဲ့အချိန် အနည်းငယ် ကွာသွားတာပဲ ”

" နတ်ဘုရားတစ်ပိုင်း အဆင့်က အသင့်တော်ဆုံးလို့ ပြောကတည်းက မင်းစကား မှားနေပြီ ”

“ တကယ်လို့ တခြား ရွေးချယ်စရာမရှိရင် အစစ်အမှန် နတ်ဘုရားတွေက သူတို့ရဲ့အခွံကို နတ်ဘုရားတစ်ပိုင်း ဖြစ်ချင်မှာ မဟုတ်ဘူး။ ဘာဖြစ်လို့လဲ ဆိုတော့ နတ်ဘုရားတစ်ပိုင်း ကိုယ်ထဲမှာရှိတဲ့ နတ်ဘုရားဦးခေါင်း အကျိုးအပဲ့က

ကြီးမားတဲ့ အတားအဆီး ဖြစ်နေလို့ပဲ ။ နတ်ဘုရာတစ်ပိုင်းကို သူတို့ရဲ့ အခွံအဖြစ် သုံးမယ်ဆိုရင် အဲဒီအခွံရဲ့ အမြင့်ဆုံး တိုက်ခိုက်ရေးအဆင့်က နတ်ဘုရားတစ်ပိုင်း အထွတ်အထိပ်အဆင့်ပဲ ရောက်နိုင်မှာ ။ အေး တခြား တစ်ဖက်မှာ သူတို့ရဲ့ အဖွဲ့ကို ထူးချွန်ထက်မြက်ပြီး အလားအလာရှိတဲ့ အင်ပါယာအဆင့် ဒါမှမဟုတ် အင်မော်တယ်အဆင့် ကိုယ်စားလှယ်လောင်းကို ရွေးလိုက်ရင် သူ့ရဲ့အခွံကို အတုယောင် နတ်ဘုရားအဆင့် ဒါမှမဟုတ်

အစစ်အမှန် နတ်ဘုရားအဆင့်အထိ ရောက်အောင် လေ့ကျင့်ပေးနိုင်တယ် ”

အနိမ့်အမြင့် ဒိုင်မေးရှင်းထဲတွင် လင်းဟွမ်၊ ကျောက်ပြားနှင့် သွေးရဲရဲလေးတို့ အပြင်းအထန် ဆွေးနေစဉ် အပြင်ဘက် လောက၌ ရုတ်ရုတ်သဲသဲ ဖြစ်နေသည်။

ငြိမ်သက် သမုဒ္ဒရာ၏ ပင်လယ်ရေမျက်နှာပြင်အောက်၌ နတ်ဘုရားကောင်းချီး အဖွဲ့မှ လူများသည် လင်းဟွမ် ရှိနေသော

အနိမ့်အမြင့် ဒိုင်မေးရှင်းနဲ့ ကီလိုမီတာ နှစ်ဆယ်ခန့် ဝေးသောနေရာတွင် ပုန်းအောင်းနေကြသည်။

သူတို့က ရုပ်ဖျက်သော နတ်ဘုရားတစ်ပိုင်း ဓါတ်ကြွင်းကို အသုံးပြုကာ ရေတစ်စက်အဖြစ် ပြောင်းလဲ၍ ငြိမ်သက် သမုဒ္ဒရာထဲရှိ လှိုင်းလုံးများနှင့်အတူ ပုန်းအောင်းနေကြသည်။

သူတို့က ထိုရေစက်လေးထဲမှ နေ၍ ခပ်လှမ်းလှမ်းရှိ လေသဘော်ာပေါ်မှ အဖြစ်အပျက်ကို စောင့်ကြည့်နေကြသည်။

ထိုရေစက်လေးထဲက ဟင်းလင်းပြင်ထဲတွင် လူနှစ်ယောက် ရန်ဖြစ်နေကြသည်။

" တပ်မှူးဖိန်း ၊ ကျီးကန်း ဝိညာဉ်တော်က စစ်ဆင်ရေးရဲ့ ဒုတိယ ပစ်မှတ်ဆိုရင် စွန့်လွှတ်သင့်တယ်လို့ ငါ ထင်တယ် ။ ခရမ်းရောင် ကျီးကန်းအဖွဲ့အစည်းက စုံထောက်မျက်လုံး ထုတ်လိုက်တာနဲ့ ချက်ချင်း လုယူမယ်။ မဖြစ်သင့်တဲ့ ပြဿနာတွေ မဖြစ်လာအောင် ကျီးကန်း နတ်ဘုရား အခမ်းအနား စတဲ့အထိ မစောင့်တော့ဘူး”

ရှန်းယွီက တစ်ခါတည်း အကြံပေးနေသည်။

“ ရှန်းယွီ၊ နတ်ဘုရားသခင်ရဲ့ တမန်တော်က ဒီစစ်ဆင်ရေးမှာ တာဝန် နှစ်ခုပေးခဲ့တာ ။ ခု စစ်ဆင်ရေးတောင် မစရသေးဘူး မင်းက တစ်ခုကို စွန့်လွှတ်ဖို့ ငါ့ကို ပြောနေတာလား... ။ ဒါဆိုရင် မင်း ဘာလုပ်ဖို့ ဒီရောက်နေတာလဲ"

တပ်မှူးဖိန်းက ရှန်းယွီကို အထင်သေးစွာကြည့်ပြီး ပြောလိုက်သည်။

" အေး မင်းကို ပြောလိုက်မယ်။ မင်းရဲ့ အကြံပြုချက်ကို ပယ်ချတယ်။ ငါက တပ်မှူး၊ ငါ့ရဲ့အမိန့်ကိုပဲ နာခံ ။ ငါ ဒီစစ်ဆင်ရေးမှာ

ပစ်မှတ်နှစ်ခုလုံး လိုချင်တယ် ။ ဘာတစ်ခုမှ လက်မလျှော့နိုင်ဘူး ”

“ ဖိန်းလီ.... ကျီးကန်း ဝိညာဉ်တော်ရဲ့ ခန္ဓာကိုယ်ကိုက အသွင်ပြောင်းဖို့ မိနစ် နည်းနည်းလေးပဲ ကြာတာနော်။ တကယ်လို့ ကျီးကန်းဝိညာဉ်တော်ကို ဖမ်းယူချင်တယ်ဆိုရင် မိနစ်ပိုင်းလေး အတွင်းမှာ မင်း လုပ်မှရမှာ ။ လွဲချော်သွားတာနဲ့ တာဝန်ရဲ့ အခက်အခဲက သေချာပေါက် မြင့်တက်သွားမှာနော် ။ တကယ်လို့ ငါတို့ဘက်က သတ်မှတ်ထားအချိန်မှာ ကျီးကန်း

ဝိညာဉ်တော်ကို မဖမ်းနိုင်ခဲ့ရင် ကျီးကန်း ဝိညာဉ်တော်နဲ့ ကျီးကန်းနတ်ဘုရား ပေါင်းစပ်မှု ပြီးသွားလိမ့်မယ်။ “

“ အဲ့ဒီအချိန်ဆို နတ်ဘုရားတစ်ပိုင်း အထွတ်အထိပ်အဆင့် ဒါမှမဟုတ် အတုယောင် နတ်ဘုရားအဆင့်နဲ့တောင် ယှဉ်နိုင်တဲ့ ပြိုင်ဘက် တစ်ယောက်နဲ့ တိုက်ခိုက်ရမှာ.... ဒါဆို ငါတို့ စစ်ဆင်ရေး မအောင်မြင် နိုင်တော့ဘူး.”

" ဒါဆိုရင် အသွင်ပြောင်းနေတဲ့ မိနစ်ပိုင်းလေးအတွင်းမှာ ကျိုးကန်းဝိညာဉ်တော်ကို ရအောင် ဖမ်း... ”

ဖိန်းလီက ရှန်းယွီကို စိုက်ကြည့်ပြီး ဖိအား ပေးလိုက်သည်။

" မင်း အမေ...."

ရှန်းယွီက အော်ဆဲရန် လုပ်လိုက်စဉ် လူငယ် တစ်ယောက်က သူ့ပခုံးကိုပုတ်ပြီး ခေါင်းခါ ပြလိုက်သည်။

အဖွဲ့ခွဲ (၃)မှ နောက်ထပ် ဗိုလ်တစ်ယောက် ဖြစ်သော လီကွမ်း ဖြစ်သည်။

" ရှန်းယွို၊ မင်း ငါ့အမိန့်ကို မနာခံဘူးဆိုရင် စစ်ဆင်ရေးပြီးတာနဲ့ နတ်ဘုရား တမန်တော်နဲ့ တိုင်ပင်ပြီး မင်းကို အဖွဲ့ခွဲ (၃) က မောင်းထုတ်ပစ်မယ် "

“ ဟော့ရောင် မင်းပြောစရာတောင် မလိုဘူး . ငါဘာသာ ငါထွက်မယ် ။ မင်းလို ဖင်နမ်းသမား၊ ဖော်လံဖားကို သည်းခံနေတာ တော်တော်ကြာနေပြီ ။

ဒီစစ်ဆင်ရေး မအောင်မြင်လို့ကတော့ မင်းရဲ့အမှားကို တမန်တော်တွေဆီ ငါ အစီအရင်ခံမယ် ”

ရှန်းယွီသည် သူ့ပခုံးပေါ်က လီကွမ်း၏လက်ကို ဒေါသတကြီး ခါချပြီး အော်ဟစ်လိုက်၏။

လွီအန်းနှင့် ဘေးတွင်ရပ်နေသော အခြားလူသုံးယောက်သည် ကြောက်လန့်သည့် စိတ်ကြောင့် မျက်နှာတစ်ခုလုံး ဖြူဖျော့သွားကြသည်။

ကပ္ပတိန် လီကွမ်းပင် သူ့နဖူးသူပြန်ရိုက်ပြီး အခြေအနေနှင့် ပတ်သက်၍ အားကိုးရာမဲ့ နေသည်။

" ရှန်းယွီ ၊ မင်း သေချင်နေပြီလား... ”

ဖိန်းလီ၏ မျက်လုံးထဲတွင် လူသတ်ချင်သည့် အငွေ့အသက်များ ပေါ်လာသည်။

“ ကောင်းပြီ၊ ကောင်းပြီ။ နှစ်ယောက်လုံး ခြေတစ်လှမ်း ပြန်ဆုတ်ကြပါလား....။ အခု ငါတို့က စစ်ဆင်ရေး လုပ်နေတာနော်။ စစ်ဆင်ရေးပြီးမှ မင်းတို့ နှစ်ယောက်ကြားက ပဋိပက္ခကို ဖြေရှင်းတော့ ။ မင်းတို့ကြောင့် စစ်ဆင်ရေးကို အနှောက်အယှက် မဖြစ်စေနဲ့ "

အရပ်ရှည်ပြီး ခပ်ဝဝ လူတစ်ယောက်က ဖိန်းလီနှင့် ရှန်းယွီတို့ နှစ်ယောက်ကြားတွင် မတ်တပ်ဝင်ရပ်ပြီး ပြောလိုက်သည်။

" မင်းတို့ရဲ့ အတွင်းရေး ပဋိပက္ခကြောင့် စစ်ဆင်ရေး ပျက်သွားတာကို နတ်ဘုရား တမန်တော် သိသွားရင် မင်းတို့နှစ်ယောက်လုံး သေချာပေါက် ပြဿနာ အကြီးကြီး တက်လိမ့်မယ်။ နောက်ပြီးတော့ ငါ့တို့လည်း ထိခိုက်မှာပဲ ။ မင်းတို့ကြောင့် အပြစ်မဲ့လူတွေကို မထိခိုက်စေနဲ့ ။ ငါ မင်းတို့နှစ်ယောက်ကို တောင်းဆိုတာပါ ။ ငါတို့

အချင်းချင်း သိလာတာလည်း နှစ်ပေါင်းရာနဲ့ချီနေပြီ ကိုယ်လူအချင်းချင်း အကြောင်းကို နတ်ဘုရားတမန်တော်ဆီ မတိုင်ချင်ဘူး ”

“ အစ်ကိုဖက်တီး ပြောတာ မှန်တယ် ။ အပြစ်မဲ့လူတွေကို မထိခိုက်စေနဲ့ "

နတ်ဘုရားတစ်ပိုင်းအဆင့် အမျိုးသမီးတစ်ယောက်ကလည်း ရှေ့ထွက်လာပြီး ပြောလာသည်။

နောက်ဆုံး၌ ဖက်တီး ပြောလိုက်သည့် နတ်ဘုရားတမန်တော် ဟူသော စကားသံကို

ကြားလိုက်လျှင် ရန်ဖြစ်နေသည့် နှစ်ယောက်လုံး ချက်ချင်း ရပ်တန့်သွားကြ၏။

မိမိတို့၏ အတွင်းပဋိပက္ခကြောင့် စစ်ဆင်ရေး အမှန်တကယ် ကျရှုံးသွားပါက ရာထူးချခံရခြင်းသည် သူတို့အတွက် တစ်ခုတည်းသော ပြစ်ဒဏ် မဟုတ်ကြောင်း နှစ်ယောက်လုံး ကောင်းကောင်း သိနေကြသည်။ သူတို့၏ ကျင့်ကြံမှုကို ဖျက်ဆီးပြီး နတ်ဘုရားကောင်းချီး အဖွဲ့ထဲမှ နှင်ထုတ်လိုက်ခြင်းပင် ဖြစ်လာနိုင်သည်။

ငြင်းခုံ စကားများနေခြင်း ရပ်တန့်သွားပြီးနောက် မကြာခင် ဂဝတ်ရုံဖြူ ဝတ်ထားသော ကျီကန်းဝိညာဉ်တော် ကိုယ်စားလှယ်လောင်း ဆယ်ယောက်က ယဇ်ပလ္လင်ကို စက်ဝိုင်းပုံစံ ဝိုင်းရံထားသည်ကို တွေ့လိုက်ရသည်။

ထို့နောက် သူတို့ဆယ်ယောက်သည် အဖြူရောင် ဂဝတ်ရုံများကို ဖယ်ရှားကာ သူတို့၏ ကိုယ်လုံးတီး ကိုယ်ခန္ဓာများကို ထုတ်ဖော် ပြသကြသည်။

## အခန်း(၁,၀၀၂) - လူငယ်လေး... မင်းနာမည် ပြောစမ်း...

လေသဘော်ာ (၄) စင်းနှင့် ပြုလုပ်ထားသော စင်မြင့်ပေါ်တွင် အနက်ရောင် ပလ္လင်ကြီးက ပို၍ ကြီးထွားလာပုံ ရသည်။ ၎င်းသည် အနက်ရောင် စင်မြင့်ပေါ်မှ ပေါင်းစပ်ထားသော နေရာမှ ပြန့်ကား ထွက်လာခြင်းပင်။

အဝတ်အစား မပါသော လူငယ် ယောက်ျား၊ မိန်းမ (၁၀) ယောက်သည် ယဇ်ပလ္လင်ကို ဝိုင်းပြီး ထိုင်နေကြသည်။

သူတို့အပြင် အခြားသော နတ်ဘုရားတစ်ပိုင်း (၁၂)ယောက်နှင့် ဆင့်ခေါ်ထားသော နတ်ဘုရားတစ်ပိုင်း အဆင့် မွန်းစတား (၂) ကောင်သည် ယဇ်ပလ္လင် အထက်တွင် ပျံဝဲ နေကြသည်။

သူတို့က ကျီးကန်း ဝိညာဉ်တော် ကိုယ်စားလှယ်လောင်း (၁၀) ယောက်နှင့်

ယဇ်ပလ္လင်ကို ဝိုင်းဝန်းပြီး ကာကွယ်ထားကြခြင်းပင်။ ဤ ဖွဲ့စည်းပုံကို အကြိမ်ပေါင်းများစွာ ကြိုတင်လေ့ကျင့်ထားသည်မှာ ထင်ရှားနေပြီး တစ်ယောက်နှင့်တစ်ယောက် စကားပြောနေစရာ မလိုသည့် အနေအထားတွင် ရှိနေကြ၏။

ဖြစ်စဉ် တစ်ခုလုံးသည် တစ်မိနစ်ပင် မကြာလိုက်ချေ ။

ခရမ်းရောင် ကျီးကန်း အဖွဲ့ခေါင်းဆောင်သည် ယဇ်ပလ္လင်အထက်က လေပေါ်သို့ ပျံတက်သွားပြီး

အင်ပါယာ နှလုံးသား လက်စွပ်ပေါ်က နာရီကို တစ်ချက် ကြည့်လိုက်သည်။

ခပ်လှမ်းလှမ်းတွင် ရှိနေသော လင်းဟွမ်ကလည်း မနေနိုင်ဘဲ နာရီကို ပြန်ငုံကြည့်လိုက်သည်။

“ (၁၁) နာရီ (၅၈) မိနစ် ရှိပြီ ...”

ခရမ်းရောင်ကျီးကန်း အဖွဲ့အစည်း ခေါင်းဆောင်က သူ့ရင်ဘတ်ပေါ်တွင် လက်နှစ်ဖက်ကို ကြက်ခြေဖြတ် ပိုက်ပြီး မျက်လုံးမှိတ်လိုက်သည်။

အချိန်ကို စိတ်ရှည်စွာ စောင့်ဆိုင်းနေ၏။

ခဏအကြာ (၁၂) နာရီတိတိ ထိုးသွားခဲ့သည်။ မျက်လုံးနှစ်လုံး ပြန်ဖွင့် လိုက်သောအခါ ကြီးမားသော အင်ပါယာ နန်းတော်ကြီးက သူ့ခေါင်းထက်တွင် လျင်မြန်စွာ ဖွဲ့စည်းလာ၏ ။ အနက်ရောင် မြို့ကြီးတစ်မြို့ ဖြစ်လာသည်။ မြို့ရိုးတစ်ခုချင်းစီက မီတာ (၁၀၀) စီမြင့်ပြီး ကီလိုမီတာ ဆယ်နှင့်ချီပြီး ရှည်လျား၏ ။

၎င်းသည် လေသဘော် နောက်ကျောပေါ်တွင် ပြုလုပ်ထားသော စင်မြင့်ထက်ပင် အဆအနည်းငယ် ပိုကြီးနေသေးသည် ။ မြို့ရိုးအလယ်တွင် မီတာ

(၂၀၀) ခန့်မြင့်ပြီး ခမ်းနားထည်ဝါသော မြို့တံခါးကြီး (၂) ခုရှိ၏။ ထိုတံခါးများသည် မြို့ရိုးထက်ပင် ပို၍ မြင့်မား နေသေးသည်။ ထိုမြို့တံခါးနှစ်ခု၏ အလယ်တွင် အတောင်ပံများနှင့် ခရမ်းရောင်ကျီးကန်း တစ်ကောင် ရှိနေသည်။

ခရမ်းရောင် ကျီးကန်း၏ မျက်လုံးကမူ ကြီးမားသော အနီရောင် ပတ္တမြားနှစ်လုံးကို တစ်ဖက်စီ တပ်ထားသကဲ့သို့ တလက်လက် တောက်ပနေ၏ ။ ဒါသည် ခရမ်းရောင်ကျီးကန်း

ဌာနချုပ် ကျီးကန်း ခေါင်းဆောင် ရန်ပိုင်၏ ကံကြမ္မာနန်းတော် ကျီးကန်းမြို့ ဖြစ်သည်။

ကံကြမ္မာနန်းတော် ပေါ်လာသည်နှင့် တပြိုင်နက် ရန်ပိုင်၏အောင်ရာက ဖုံးကွယ်ထားခြင်း မရှိဘဲ အပြည့်အဝ စိမ့်ထွက်လာသည်။ သူသည် နတ်ဘုရားတစ်ပိုင်း အထွတ်အထိပ်အဆင့်တွင် ရှိနေပြီး အတုယောင် နတ်ဘုရားနှင့်ပင် ယှဉ်နိုင်သော ကြောက်စရာကောင်းသည့် တည်ရှိမှု ဖြစ်နေသည်။

အနက်ရောင် မြို့ကြီးသည် ကောင်းကင်ပေါ်တွင် ပျံဝဲနေသောကြောင့် ပတ်ဝန်းကျင်ရှိ လေထုပင် ရပ်တန့်သွားပုံ ရသည်။

လင်းဟွမ်ပင် မနေနိုင်ဘဲ တအံ့တသြ ရေရွတ်လိုက်မိသည်။

“ ကြီးလိုက်တဲ့ ကံကြမ္မာ နန်းတော်ကြီး…”

ဤကံကြမ္မာ နန်းတော်သည် သူ့ဘဝ တစ်လျှောက် မြင်ခဲ့ဖူးသမျှ ကံကြမ္မာ နန်းတော်ထဲတွင် အကြီးမားဆုံး ဖြစ်သည်။

"နတ်ဘုရားတစ်ပိုင်း တစ်ယောက်က နတ်ဘုရားနယ်မြေကို မဖွဲ့စည်းနိုင်ပေမဲ့ ကံကြမ္မာနန်းတော်ထဲမှာတော့ နတ်ဘုရားနယ်မြေရဲ့ သွင်ပြင်လက္ခဏာ တချို့ ရှိနေတော့.... သာမန်လူတစ်ယောက်ရဲ့ ကံကြမ္မာနန်းတော်ထက် ပိုကြီးတာ ပုံမှန်ပဲ..."

ကျောက်ပြားက ရှင်းပြလိုက်သည်။

လင်းဟွမ်သည် ရန်ပိုင်က ကံကြမ္မာနန်းတော် ဆင့်ခေါ်ရသည့် အကြောင်းအရင်းကို စဉ်းစားနေစဉ်

ရန်ပိုင်က ကျီးကန်းမြို့ကို စတင် ထိန်းကျောင်းလိုက်သည်။

ကြီးမားသော အနက်ရောင် မြို့တံခါးပေါ်ရှိ ခရမ်းရောင်ကျီးကန်း မျက်လုံးများက အနီရောင် တောက်ပလာသည်။ ခဏအကြာ ကောင်းကင်ကြီး လောင်ကျွမ်းလာ သကဲ့သို့ စူးရှတောက်ပသော မီးလျှံနှစ်ခုက ရုတ်တရက် လောင်ကျွမ်းလာသည်။

ကျီးကန်းမြို့၏ ကြီးမားသော မြို့တံခါးပေါက် (၂)ပေါက်ကို မမြင်နိုင်သော လက်တစ်စုံက တွန်းဖွင့်လိုက်သလို ပွင့်လာသည်။ တံခါး

ပွင့်လာသည်နှင့် အနက်ရောင် အရိပ်များက ယဇ်ပလ္လင်ထံ ပြင်းထန်စွာ တိုးဝင်လာ၏ ။ ဒါသည် ယဇ်ပလ္လင်ထဲကို အနက်ရောင် ရေတံခွန်မှ ရေများ စီးကျနေသည်နှင့်ပင် တူနေသေးသည်။

ယဇ်ပလ္လင်က အနက်ရောင်အရိပ်များ လက်အောက်က လွတ်မြောက်ရန် ကြိုးစားနေပုံ ရသည်။ သို့သော်လည်း ၎င်းကို မမြင်နိုင်သော စွမ်းအားတစ်ခုနှင့် ချုပ်နှောင်ထားသလို လုပ်မရ ဖြစ်နေသည်။

" ဒီဝိညာဉ် စွမ်းအားလှိုင်းက....."

လင်းဟွမ်သည် စိုက်နေကြည့်ရင်း မျက်မှောင်ကြုတ်နေသည်။ အနက်ရောင်ပုံရိပ်များကို ဖျတ်ခနဲ ရိပ်ခနဲ အာရုံခံမိသော်လည်း ဘာလဲ ဆိုသည်ကို မသေချာပေ။

“ အဲ့ဒါ သူ့ဝိညာဉ်ပဲ။ ကံကြမ္မာနန်းတော်ကြောင့် သာမန်မျက်လုံးနဲ့ မြင်နေရတာ....”

ကျောက်ပြားက ရှင်းပြလိုက်သည်။

“ သူက သူ့ဝိညာဉ်ကို စတေးပြီးတော့ ကျီးကန်းဝိညာဉ်တော်ကို ဆင့်ခေါ်နေတဲ့ပုံပဲ...”

" ကျီးကန်း နတ်ဘုရားက ဘာလဲ..."

မရေမတွက်နိုင်သော ဝိညာဉ်များက ယဇ်ပလ္လင်ထဲ စီးဆင်းသွားပြီးနောက် အနက်ရောင် အရည်အဖြစ် ဖြည်းဖြည်းချင်း ပြောင်းလဲလာသည်ကို မြင်လျှင် လင်းဟွမ်၏ အမူအရာများက လေးနက်လာ၏။

စီးဆင်းနေသည်မှာ (၁၀) မိနစ်ကျော် ကြာမြင့်သွားခဲ့ပြီ ။ ယဇ်ပလ္လင်ထဲရှိ အနက်ရောင် အရည်များက လေဟာနယ် လှိုင်ခေါင်းတစ်ခုအဖြစ် ပြောင်းလဲ သွားသောအခါ ရန်ပိုင်က သူ၏ ကံကြမ္မာနန်းတော်ကို ပြန်သိမ်းလိုက်သည်။

ထို့နောက် သိုလှောင် နေရာလွတ်ထဲမှ သေတ္တာတစ်လုံးကို ထုတ်ယူလိုက်သည်။ ဒါသည် လက်သီးဆုပ် အရွယ်အစားမျှသာ ရှိသော သေတ္တာလေး တစ်လုံး ပင်။

သွေးရောင်ရှိသော သေတ္တာလေးပေါ်တွင် အနက်ရောင် ကနုတ်များ ရေးခြယ်ထား၏ ။

ရန်ပိုင်က လက်များကို လျင်မြန်စွာ လှုပ်ရှား၍ အစီအရင်များ ဖွဲ့စည်းလိုက်သောအခါ သေတ္တာပေါ်မှ အနက်ရောင် ကနုတ်များက လျင်မြန်စွာ ရွေ့လျားလာသည်။

ထို့နောက် သေတ္တာအဖုံးပေါ်က ကနုတ်များ မှိန်ဖျော့၍ ပျောက်ကွယ်သွားသည့် အချိန်၌ သေတ္တာက အလိုလို ပွင့်လာသည်။

သေတ္တာထဲတွင် ကြက်သွေးရောင် မျက်လုံးတစ်လုံး ရှိနေသည်။

ရန်ပိုင်က ဒါကို မထိရဲသည့်ပုံပင် ။

ထို့နောက် လေထဲသို့ သေတ္တာကို မြှောက်တင်လိုက်ရာ ကြက်သွေးရောင် မျက်လုံးက သေတ္တာထဲမှ ပျံထွက်သွားပြီး ယဇ်ပလ္လင်အတွင်းက လေဟာနယ် လှိုင်ခေါင်းထဲ ပြုတ်ကျသွားသည်။

ခဏအကြာ ကြက်သွေးရောင် မျက်လုံးသည် အရှိန်အဟုန် ကြီးမားစွာ ကျယ်ပြန့်လာ၏။

သာမန်လူ တစ်ယောက်၏ အရွယ်အစားမှ ခဏလေးအတွင်းမှာပင် အချင်းသုံးမီတာ ရှိသော ဧရာမ အလုံးကြီးတစ်လုံး ဖြစ်အောင် ကြီးထွား လာသည်။ ယဇ်ပလ္လင်ပေါ်တွင် ဖြည်းဖြည်းချင်း ပျံ့ဝဲနေပြီး ယဇ်ပလ္လင်နှင့် (၁၀) မီတာအကွာ လေထဲတွင် တည်တံ့နေသည်။

ယခုအခါ၌ မျက်လုံးသည် လုံးဝ ပြောင်းလဲသွားပြီး မျက်လုံးထဲတွင် အနီရောင်နှင့် ခရမ်းရောင်

သွေးကြောများ ရစ်တွယ်နေသည်။ ထိုအရာကို ယန်ဇပလ္လင်အောက်ရှိ လေဟာနယ် လှိုဏ်ခေါင်းနှင့် ချိတ်ဆက်ထားသည်။ ယခုအခါ မျက်လုံးထဲ၌ နီရဲသော မျက်သားနှင့် အနက်ရောင် သူငယ်အိမ် ရှိနေသည်။

ထူးဆန်းသော အော်ရာက ဟင်းလင်းပြင်ထဲ ပျံ့နှံ့လာပြီး ကမ္ဘာလေးထဲသို့ စီးဆင်းလာသည်။

လင်းဟွမ်သည် ခပ်လှမ်းလှမ်းရှိ အနိမ့်အမြင့် ဒိုင်မေးရှင်းထဲမှ ကြည့်နေသော်လည်း ဖိနှိပ်မှုကို အနည်းငယ် ခံစားရလာသည်။ တစ်ကိုယ်လုံး

ယားယံလာပြီး ဦးခေါင်းများ၊ ဆံပင်များ၊ ခန္ဓာကိုယ်ပေါ်ရှိ ရှိရှိသမျှ အမွှေးများပင် ထောင်လာသည် ။

ကြောက်စရာကောင်းသော မျက်လုံးကို သူ မတွေ့ရသော်လည်း ကြောက်စရာ ကောင်းသော ကျီးကန်းနတ်ဘုရား၏ အော်ရာကြောင့် ခန္ဓာကိုယ်ဗီဇအရ သူ့ ခန္ဓာကိုယ်က အလိုလို တုံ့ပြန်လာခြင်း ပင် ။

တစ်ချိန်တည်းမှာပင် တူညီသော တုံ့ပြန်မှုများ ဖြစ်ပေါ်နေသည့် လူများက နတ်ဘုရားကောင်းချီး

အဖွဲ့ဝင်များနှင့် အမှောင်ထဲတွင် ပုန်းအောင်းနေသော ဟုန်ကျန်းတို့စုံတွဲ ဖြစ်သည်။

“ ကြောက်စရာ ကောင်းလိုက်တာ။ ဒီအော်ရာ တစ်ခုတည်းနဲ့တင် လူတစ်ယောက်ကို စိတ်ပျက် အားငယ် သွားစေနိုင်တယ်။ တိုက်ခိုက်ချင်တဲ့ စိတ်ဆန္ဒတောင် ဆုံးရှုံးလုနီးပါး ပဲ ...”

လင်းဟွမ်က စိတ်မထိန်းနိုင်ဘဲ ရေရွတ်လိုက်သည်။

“ ဒါက အစစ်မှန် နတ်ဘုရားရဲ့ နတ်ဘုရားစွမ်းအားက လွဲလို့ တစ်ခြား မဟုတ်ဘူး။

ဒီကျီးကန်း နတ်ဘုရားက သူနဲ့ အဆင့်တူတဲ့ လူတွေကြားထဲမှာတောင် အဆင့်မြင့် ဝိညာဉ်ရေးရာ ဖိနှိပ်နိုင်စွမ်း ရှိနေတယ်…”

ကျောက်ပြားက ရှင်းပြလိုက်သည်။

သင်္ဘော ကုန်းပတ်ပေါ်တွင် ကျီးကန်း ခေါင်းဆောင် ရန်ပိုင် အပါအဝင် အခြား နတ်ဘုရားတစ်ပိုင်း (၁၃) ယောက်နှင့် နတ်ဘုရားတစ်ပိုင်း အဆင့် မွန်းစတား (၂) ကောင်သည် ကျီးကန်းနတ်ဘုရား၏ နတ်ဘုရား

စွမ်းအားကြောင့် ကုန်းပတ်ပေါ်မှ ပြုတ်ကျသွားခဲ့သည်။

ယင်းပလွှင် အနီးအနားက အဝတ်အစား မရှိသော လူငယ် ယောကျ်ား၊ မိန်းမ (၁၀) ယောက်လည်း တဆတ်ဆတ် တုန်နေ၏။ သူတို့သည် မကြောက်ကြသော်လည်း ခန္ဓာကိုယ်၏ ဇီဝဗေဒ ဆိုင်ရာ အဖြစ်အပျက်ကြောင့် သူတို့ ခန္ဓာကိုယ်ကို မထိန်းချုပ်နိုင် ဖြစ်နေကြခြင်း ပင် ။

နတ်ဘုရားတစ်ပိုင်း အားလုံးသည် သူတို့ ခန္ဓာကိုယ်ထဲတွင် နတ်ဘုရားစွမ်းအားက

အတိုင်းအတာ တစ်ခုအထိ ရှိနေသောကြောင့် ထိုနတ်ဘုရား စွမ်းအားကို အတိုင်းအတာတစ်ခု အထိ တောင့်ခံနိုင်ကြသည်။

သို့သော်လည်း ခန္ဓာကိုယ်ထဲတွင် နတ်ဘုရား စွမ်းအား လုံးဝ မရှိသော နတ်ဘုရားတစ်ပိုင်း အဆင့်အောက်ရှိ လူများကမူ တောင်ခံနိုင်ခြင်း လုံးဝ မရှိကြပေ။ ထိုအရာမှာ နှင်းတောထဲတွင် အဝတ်အစား မရှိဘဲ နေရသောလူများနှင့် တူနေ၏။

လေထဲတွင် ပျံဝဲနေသော မျက်လုံးက အပြည့်အဝ အသွင်းပြောင်း သွားသည်နှင့် ရန်ပိုင်က ချက်ချင်း လှမ်းပြောလိုက်သည်။

“ နတ်ဘုရားသခင်... ကျွန်တော်တို့ ကျီးကန်း ဝိညာဉ်တော်လောင်း (၁၀) ယောက် ရွေးချယ်ပြီးပါပြီ ။ ကျီးကန်း ဝိညာဉ်တော် ရွေးချယ်နိုင်ပါပြီ...”

မျက်လုံးကြီးက ရန်ပိုင်ကို တစ်ချက် စိုက်ကြည့်ပြီးနောက် အောက်ဘက်မှ ကိုယ်လုံးတီး ဖြစ်နေသော ယောက်ျား၊ မိန်းမ (၁၀) ယောက်ကို တစ်ချက် ကြည့်လိုက်သည်။ သူတို့ထဲမှ (၅)

ယောက်ကို (၁၀) စက္ကန့်မျှ စိုက်ကြည့်ပြီးနောက် ငါးယောက်မြောက်လူကို ရုတ်တရက် စိုက်ကြည့်လိုက်သည်။

ရန်ပိုင်နှင့် ကျန်သည့်လူများသည် အသက်အောင့်ထားကြသည်။

" သူ ရွေးပြီး သွားပြီလား..."

ကိုယ်စားလှယ်လောင်း (၁၀) ယောက်ထဲတွင် တိုက်ခိုက်ရေးအဆင့် အနိမ့်ဆုံးဖြစ်သော လူငယ်ကို မျက်လုံးက စိုက်ကြည့်နေသည်။ ထိုလူငယ်၏ အသက်မှာ (၁၇) နှစ်၊ (၁၈) နှစ်သာ ရှိသေး၏။

သူသည် ပိန်လှီလှပြီး အရပ်က (၁.၇) မီတာ အောက်သာ ရှိသည်။ သူ့အသားအရေက ညှိုးခြောက်နေသောကြောင့် ကြည့်ကောင်းသည်ဟု မယူနိုင်ပေ။ သူ့ရင်ဘတ်ပေါ်တွင် အနက်ရောင် တက်တူးနှင့်တူသော ရှုပ်ထွေးသည့် အနက်ရောင် စက်ဝိုင်း ပုံစံတစ်ခု ရှိနေသည်။

မျက်လုံးကြီးထဲမှ အနက်ရောင် မြူခိုးများ စိမ့်ထွက်လာပြီး လူငယ်လေး၏ ရှေ့တွင် ကြီးမားသော အနက်ရောင် ပုံစံတစ်ခု ဖွဲ့စည်းသွားသည်။ အနက်ရောင် အရိပ်သည်

အတောင်ပံများ ဖြန့်ထုတ်ထားသော ကျီးကန်းတစ်ကောင်နှင့် တူပြီး အနက်ရောင် အရိပ်၏ ဦးခေါင်းတွင် ကြယ်များ ပြည့်နေသော ကောင်းကင်ကဲ့သို့ အနီရောင် တလက်လက် တောက်ပနေသော မျက်လုံး (၁၀၈) ခု ရှိနေသည်။

“ လူငယ်... မင်းနာမည် ပြောစမ်း...”

အနက်ရောင်ပုံရိပ်၏ ဦးခေါင်းက လူငယ်ရှေ့ တစ်မီတာအတွင်းသို့ ရောက်လာပြီး လူငယ်၏ နာမည်ကို မေးလိုက်သည်။ အသံက ပဲ့တင်သံထပ်နေပြီး အမျိုးသမီး၊ အမျိုးသားပေါင်း

တစ်ရာကျော်က တစ်ပြိုင်နက်တည်း စကား ပြောလိုက်သလို ဖြစ်နေသည်။

အနက်ရောင် ပုံရိပ်နှင့် အတူပါလာသော မျက်လုံး (၁၀၈) လုံးကို ကြည့်ပြီးနောက် လူငယ်၏ တဆတ်ဆတ် တုန်နေသော ခန္ဓာကိုယ်က အံ့အားသင့်စရာ ကောင်းလောက်အောင် ငြိမ်ကျသွားပြီး တွေဝေခြင်း မရှိဘဲ သူ့နာမည်ကို ထုတ်ပြောလိုက်သည်။

"ငါ့... ငါ့... ငါ့နာမည်က ရှောင်မို....."

## အခန်း(၁,၀၀၃) - စစ်ပွဲ စတင်ခြင်း....

ကျီးကန်း နတ်ဘုရားက ထိုလူငယ်၏ နာမည်ကို မေးလိုက်သောအခါ အခြေခံအားဖြင့် ရန်ပိုင်နှင့် အခြား နတ်ဘုရားတစ်ပိုင်းများသည် ကျီးကန်းနတ်ဘုရားက ထိုကျီးကန်းဝိညာဉ်တော် ကိုယ်စားလှယ်လောင်းကို ရွေးချယ်လိုက်ပြီ ဖြစ်ကြောင်း သိလိုက်ကြသည်။

သို့သော်လည်း လုသွမ်နှင့် ကျန်သည့်လူများသည် အနည်းငယ် ခေါင်းရှုပ်သွားကြသည်။

ကိုယ်စားလှယ်လောင်း (၁၀) ယောက်ရှိသည့် အနက် ကျီးကန်းနတ်ဘုရားက တိုက်ခိုက်ရေးအဆင့် အနိမ့်ဆုံးလူကို ရွေးချယ်ခဲ့ခြင်းပင်။ ထို့အပြင် ထိုလူက မထင်ပေါ်ဆုံးလူ ဖြစ်နေသည်။

မကြာသေးခင်ကမှ အဖြူရောင်မီးလျှံအဆင့် တက်လှမ်းခဲ့ခြင်း ဖြစ်သောကြောင့် ဤ လူငယ်လေးက ကျီးကန်းဝိညာဉ်တော် ကိုယ်စားလှယ်လောင်း ဖြစ်သင့်ရဲ့လားဟုပင် လူတိုင်း နီးပါးက တွေးခဲ့ကြသေးသည်။

ရှောင်မို ကိုယ်တိုင်ပင် ထိုအတိုင်း တွေးခဲ့မိသေး၏။

သို့သော်လည်း ကျီးကန်းနတ်ဘုရားက သူ့ကို ချက်ချင်း ရွေးချယ်လိမ့်မည်ဟု မည်သည့်အချိန်ကမှ မတွေးခဲ့ဖူးပေ။

အနက်ရောင် ပုံရိပ်ပုံစံ အသွင်ယူထားသော ကျီးကန်းနတ်ဘုရားက အသံနက်ကြီးနှင့် မေးလိုက်သည်။

“ ရှောင်မို… မင်းက ငါ့ရဲ့ ကျီးကန်းဝိညာဉ်တော် ဖြစ်ချင်စိတ် ရှိလား”

သူ့အသံက ပဲ့တင်သံ ထပ်နေ၏။

“ ဖြစ်ချင်ပါတယ် ”

လူငယ်လေးက ခပ်သွက်သွက် ခေါင်းညိတ်လိုက်သည်။

ရှောင်မိုက သဘောတူလိုက်သည်နှင့် တပြိုင်နက် မျက်လုံး (၁၀၈) လုံးထဲမှ ကြက်သွေးရောင် အလင်းတန်းများ ဖြာထွက်လာသည်။ သွေးရောင် တောက်ပနေသော ထိုအလင်းတန်းများက နေထက်ပင် တောက်ပနေသောကြောင့် လူတိုင်း မျက်လုံး မှိတ်လိုက်ရသည်။

အနီရောင် အလင်းတန်းက တစ်စက္ကန့်မျှသာ တောက်ပခဲ့သည်။

သူတို့၏ အမြင်အာရုံများ ပြန်လည်ကောင်းမွန်လာသည့် အချိန်တွင် ရှောင်မိုက လေထဲတည်နေပြီး ကျီးကန်း နတ်ဘုရား၏ အနက်ရောင်ပုံရိပ်က မြူခိုးများအဖြစ် ပြောင်းလဲကာ ရှောင်မို၏ ပါးစပ်၊ နှာခေါင်းပေါက်မှ တစ်ဆင့် ဝင်ရောက်နေသည်ကို မြင်လိုက်ရသည်။

ရှောင်မိုက သူ့ခန္ဓာကိုယ်ကို သူ ထိန်းချုပ်နိုင်ခြင်း မရှိဘဲ လေထဲ ပျံဝဲနေသည်။

သူ့ အသွေးနှင့် အသားများက စတင်ပြိုကွဲလာသည်။ နောက်ပိုင်းတွင် ခန္ဓာကိုယ်က သာမန်မျက်စိနှင့် မြင်နိုင်သော နှုန်းဖြင့် အရှိန်အဟုန်ပြင်းထန်စွာ ပြုပြင် ပြောင်းလဲလာ၏။ သို့သော်လည်း ဤဖြစ်စဉ်က စိတ်မချမ်းသာစရာ ကောင်းသောဖြစ်စဉ်ဆိုသည်မှာ အထင်အရှားပင် ။

ရှောင်မို၏ အသွေးအသားများ လေထဲတွင် ဖွဲ့စည်းနေသည့်အချိန်၌ ကျန်သည့် ကိုယ်စားလှယ်လောင်း ကိုးယောက်သည်

ဆိုးရွားလှသော ထိုမြင်ကွင်းကို မြင်ပြီး သွေးပျက်ကြောက်လန့်စွာ အော်ဟစ်နေကြသည်။

.....

ငြိမ်သက် သမုဒ္ဒရာအောက်တွင် ပုန်းအောင်းပြီး စောင့်ဆိုင်းနေသော ရွှေရောင် မျက်နှာဖုံးတပ်ထားသည့် တပ်မှူးဖိန်းလီသည် ကျီးကန်းနတ်ဘုရားက ရှောင်မိုအား သိမ်းပိုက်နေသည်ကို မြင်လျှင် တွေဝေခြင်း မရှိဘဲ အမိန့်ပေးလိုက်သည်။

"တိုက်......."

အမိန့်ပေးလိုက်သည်နှင့် တပြိုင်နက် ရှန်းယွီနှင့် ကျန်သည့် နတ်ဘုရားတစ်ပိုင်းများသည် ရေစက်ပုံစံ အသွင်ယူထားသော ဟင်းလင်းပြင်ထဲမှ ပြေးထွက်လာကြ၏။

ရုတ်တရက် ဆိုသလို ငြိမ်သက်သမုဒ္ဒရာ ရေမျက်နှာပြင်ပေါ်တွင် မီတာ တစ်ထောင်ခန့် မြင့်မားသော လှိုင်းလုံးကြီးတစ်ခု တိုက်ခတ်လာပြီး လေသဘော်ာထံ ရွေ့လျားသွားခဲ့သည်။

ထိုလှိုင်းလုံးကြီး ပေါ်တွင် အဖြူရောင်ပုံရိပ် (၄) ခု စီးနင်းလိုက်ပါလာသည်။ သူတို့ (၄) ယောက်လုံးတွင်

ကြီးကျယ် ခမ်းနားသော အော်ရာများ ရှိနေပြီး နတ်ဘုရားတစ်ပိုင်း အဆင့် ဖြစ်သည်မှာ သိသာထင်ရှားနေ သည်။ ထို့အပြင် သူတို့ထဲမှ တစ်ယောက်သည် ကျီးကျန်းခေါင်ဆောင် ရန်ပိုင်နှင့် အတူညီသော နတ်ဘုရားတစ်ပိုင်း အထွတ်အထိပ် အော်ရာ ရှိနေခြင်းပင် ။

ကျီးကန်းခေါင်းဆောင် ရန်ပိုင်သည် ပြေးဝင်လာသော လှိုင်းလုံးကြီးကို မြင်လိုက်လျှင် မျက်လုံးမှေးသွားသည် ။

“ လုသွမ်….. ကိုယ်စားလှယ်လောင်း (၉) ယောက်ကို မင်းနဲ့အတူ ခေါ်သွား… ပြီးတော့ မင်းရဲ့ အင်ပါယာ မွန်းစတားတွေကို ချန်ထားခဲ့…”

လုသွမ်က ကန့်ကွက်ခြင်း မရှိဘဲ အမိန့်ကို နာခံလိုက်သည်။ သူသည် လင်းဟွမ်နှင့် မတူဘဲ ထိန်းချုပ်သူ သက်သက်သာ ဖြစ်သောကြောင့် သူ၏ တိုက်ခိုက်ရေး အစွမ်းသည် သူ၏ အင်ပါယာ မွန်းစတားများနှင့် နှိုင်းယှဉ်ပါက များစွာ နောက်ကျ ကျန်ခဲ့သည်။

နတ်ဘုရားတစ်ပိုင်းအဆင့် ဖြစ်သော်ငြားလည်း တိုက်ပွဲ အတွေ့အကြုံ ကြွယ်ဝသော အင်ပါယာအဆင့် တစ်ယောက်နှင့် ထိပ်တိုက် တိုက်ခိုက်လျှင်ပင် ရှုံးနိမ့်နိုင်သည့် အခြေအနေ ရှိနေ၏။

" ကိုယ်စားလှယ်လောင်း အားလုံး ငါ့နောက် လိုက်ခဲ့ကြ… "

လုသွမ်သည် သူ ဆက်နေလျှင် ဝန်ထုပ်ဝန်ပိုး ဖြစ်လာမည် သိနေသောကြောင့် အမိန့်ကို တိုက်ရိုက် နာခံခဲ့သည်။

လူငယ် (၉) ယောက်က ချက်ချင်း မတ်တပ် ထရပ်လိုက်ကြသည်။ မြေပေါ်တွင် ကျန်ရစ်ခဲ့သော အဖြူရောင် ဝတ်ရုံများကိုပင် မကောက်တော့ဘဲ အဝတ်ဗလာနှင့် လုသွမ် နောက်သို့ ပြေးလိုက်သွားကြသည် ။

သူတို့သည် အခက်အခဲ ဖြစ်လာသည်နှင့် ဤကဲ့သို့ ပြုလုပ်ရမည်ဟု အကြိမ်ပေါင်းများစွာ ကြိုတင် လေ့ကျင့်ထားသောကြောင့် စကားတစ်ခွန်းမှ မပြောဘဲ လုသွမ်နောက်မှလိုက်၍ ခါတ်လှေကားထဲ ပြေးဝင်သွားကြသည်။

ဧရာမ စင်မြင့်ပေါ်တွင် ယဇ်ပုလ္လင် အထက်ရှိ လေထဲ၌ ကျီးကန်း နတ်ဘုရား၏ အသွင်ပြောင်းခြင်းကို ခံယူနေသော ရှောင်မို အပြင် နတ်ဘုရား တစ်ပိုင်း (၁၃) ယောက်နှင့် နတ်ဘုရား တစ်ပိုင်းအဆင့် အင်ပါယာ မွန်းစတား (၂) ကောင်သာ ကျန်ရစ်ခဲ့သည်။

လုသွမ်က ကိုယ်စားလှယ်လောင်း (၉) ယောက်ကို ခေါ်ပြီး ခတ်လှေကားထဲ ရောက်သွားသည့် အချိန်မှာပင် ဧရာမ လှိုင်းလုံးကြီးက ကာကွယ်ရေး အလွှာနှင့် တိုက်မိသွားခဲ့ပြီ ။

ရေလှိုင်းက တိုက်မိသည်နှင့် တပြိုင်နက် ရှန်းယွီနှင့် အခြား နတ်ဘုရားတပိုင်း (၃) ယောက်တို့သည် ဝင်ရောက် တိုက်ခိုက် ကြတော့သည် ။

ရှန်းယွီက သူ၏ နတ်ဘုရားတစ်ပိုင်းအဆင့် ဆေဘာကို လေထဲလွှဲယမ်းပြီး ခုတ်ချလိုက်၏။ လေထဲတွင် လခြမ်းပုံစံ အနက်ရောင် အလင်းတန်းတစ်ခု ပေါ်လာပြီး ခံစစ်အလွှာနှင့် တိုက်မိသွား၏။

လီကွမ်က သူ့လက်ထဲတွင် အပြာရောင် ခါးတစ်ချောင်းကို ကိုင်ထားသည်။ ခါးအဖျားက ကာကွယ်ရေး အလွှာနှင့် ထိလိုက်သည်နှင့် တပြိုင်နက် စူးရှသော အဖြူရောင် အလင်းများ ဖြာထွက်လာသည်။

ထိုအချိန်တွင် နတ်ဘုရားတစ်ပိုင်း အမျိုးသမီးက ငွေရောင်ခါးကို လက်ထဲ ကိုင်ဆွဲထားပြီး ခါးကို ဝှေ့ယမ်းလိုက်၏။ ငွေရောင် အလင်းများက မီးရှူးမီးပန်းကဲ့သို့ ပေါက်ကွဲ ထွက်လာသည်။

သို့သော်လည်း သူတို့ထဲတွင် တိုက်ခိုက်ရေးအဆင့် အမြင့်ဆုံးလူမှာ အရပ်ရှည်ပြီး ဝသော လူထွားကြီး ဖြစ်သည်။ သူက ရန်ပိုင်ကဲ့သို့ နတ်ဘုရားတစ်ပိုင်း အထွတ်အထိပ် အဆင့်တွင်ရှိနေပြီး လက်ထဲတွင် နက်ပြာရောင် လှံကြီးကို ကိုင်ဆောင်ထား၏။

ရောမ လှံကြီးသည် (၅) မီတာရှည်ပြီး ထိပ်တွင် ခရုပတ်ပုံစံ ရှိသည်။ ဖက်တီးကြီးက လှံနောက်ခြေကို လက်ဖနှောက်နှင့် ရိုက်ပြီး ရောမလှံကြီးကို လေထဲ ပစ်လွှတ်လိုက်သည်။ လှံထိပ်ဖျား ဖြတ်သန်းသွားသည့် နေရာတိုင်းမှ လေထုများပင် ပုံပျက်သွားသည်။

ရန်ပိုင်နှင့် ခရမ်းရောင်ကျီးကန်း အခြားအဖွဲ့ဝင် နတ်ဘုရား တစ်ပိုင်းများသည် လှံထိပ်ဖြားမှ ထွက်ပေါ်လာသော စွမ်းအားကို မြင်လိုက်လျှင် သိသိသာသာ မျက်နှာပျက်သွားကြသည်။

“ ဒါ နတ်ဘုရား ဓါတ်ကြွင်းလား...”

ထိုအချိန်၌ အမှောင်ထဲတွင် ပုန်းအောင်းနေသော လင်းဟွမ်ပင် တုန်လှုပ်သွားသည်။

“ ဒါက ပိုင်ဟောင် (လှံ) မဟုတ်ဘူးလား...”

ပိုင်ပေါင် (လုံ) ဆိုသည်မှာ ဝမ်ပေါင် လေလံပွဲတွင် လင်းဟွမ် လေလံတင် ရောင်းချခဲ့သော နတ်ဘုရား ဓါတ်ကြွင်း ဖြစ်သည်။ ထိုအရာကို လေလံပွဲပြီးမှ နတ်ဘုရား ရုပ်တု (၃) ခု ၊ နတ်ဘုရား တစ်ပိုင်း ဝိညာဉ်သလင်းကျောက် (၂) ခု နှင့် ရောင်းချခဲ့ခြင်း ပင် ။ သို့သော်လည်း ထိုပစ္စည်းကို နတ်ဘုရား ကောင်းချီးအဖွဲ့က ဝယ်ယူသွားလိမ့်မည်ဟု မည်သည့် အချိန်ကမှ မထင်ခဲ့မိပေ။

မကြာခင် ပိုင်ပေါင် (လုံ)၏ လုံထိပ်ဖျားက နတ်ဘုရားတစ်ပိုင်း လေသဘော် (၄) စင်း ဖွဲ့စည်းထားသော ခံစစ်အလွှာကို ထိမှန်သွား၏ ။

အဆုံးမဲ့သော ရွှေရောင် အလင်းတန်းများ ဖြာထွက်လာပြီး လေပြင်းများ တိုက်ခတ်လာသည်။

ယခုအခါ၌ ငြိမ်သက် ပင်လယ်ပြင်ထဲတွင် ဆူနာမီ လှိုင်းလုံးကြီးများ ဖြစ်ပေါ်လာသည်။ သန်းခေါင်ယံ နတ်ဘုရား လေသဘော် (၄) စင်းသည် ဤတိုက်ခိုက်မှုကြောင့် အနည်းငယ် တုန်ခါသွားပြီး အောက်ဘက်သို့ (၁) မီတာထိ နိမ့်ဆင်းသွား၏။

နောက်ဆုံး၌ နတ်ဘုရား ကျောက်တုံးမှ ဆင်းသက်လာသော နတ်ဘုရား စွမ်းအားနှင့် ဖွဲ့စည်းထားသော ခံစစ်အလွှာပင် ပင့်ကူအိမ်နှင့် တူသော အက်ကွဲကြောင်းများ ပေါ်လာသည်။

ရန်ပိုင်နှင့် ခရမ်းရောင် ကျီးကန်းအဖွဲ့ဝင် နတ်ဘုရား တစ်ပိုင်းများသည် ထိုမြင်ကွင်းကို ကြည့်ရင်း မျက်မှောင် ကြုတ်သွားသည်။ ခံစစ်အလွှာက ကြာကြာ တောင့်ခံနိုင်တော့မည် မဟုတ်ကြောင်း သူတို့ ကောင်းကောင်း သိနေကြသည်။

"ဒီလောက် အားကောင်းတဲ့ လိပ်ခွံ ..."

ဖက်တီးက ခနဲ့တဲ့တဲ့ ပြုံးလိုက်သည်။

သူ၏ တိုက်ခိုက်မှုကြောင့် ခံစစ်အလွှာပေါ် သက်ရောက်မှု မရှိမည်ကို အနည်းငယ် စိုးရိမ်နေခဲ့သည်။ ထိုကဲ့သို့ ဖြစ်ခဲ့ပါက ခံစစ်အလွှာကို ဖျက်ဆီးရန် အချိန်များစွာ ပေးရမည်ဖြစ်ပြီး ကျီးကန်း ဝိညာဉ်တော်ကို ဖမ်းယူနိုင်မည့် အခွင့်အရေး လွဲချော်သွားလိမ့်မည်။

ယခုအခါ ထိုကိစ္စအတွက် စိုးရိမ်စရာ မလိုတော့ချေ။

မကြာခင် ဖက်တီးက ဒုတိယအကြိမ် ၊ တတိယအကြိမ် ဆက်တိုက် ရိုက်ခတ်လိုက်သည်။

ကောင်းကင်တွင် အရိပ်များ တစ်ခုပြီးတစ်ခု ဖြစ်ပေါ်နေသည်။

တစ်ချိန်တည်းမှာပင် လေသဘော်ာ ပေါ်တွင် ရှိသော နတ်ဘုရားတစ်ပိုင်း အင်ပါယာမွန်းစတား နှစ်ကောင်နှင့် သမုဒ္ဒရာထဲတွင် ရှိနေသော နတ်ဘုရားတစ်ပိုင်း အင်ပါယာ မွန်းစတား နှစ်ကောင်က ဖက်တီးအား ခံစစ်အလွှာကို မဖျက်ဆီးနိုင်စေရန် တားဆီးဖို့ ကြိုးစားနေကြသည်။

သူတို့ကို အခြားနတ်ဘုရား တစ်ပိုင်း သုံးယောက်က တားဆီးထား၏။

လုံထိပ်ဖျားက တူညီသော နေရာတစ်ခုထဲကို တတိယ အကြိမ်မြောက် ထိမှန်သောအခါ နောက်ဆုံး၌ လေသဘော်၏ ကာကွယ်ရေးအလွှာက မှန်တစ်ချပ် ပြိုကျသွားသကဲ့သို့ တစ်စစီ ပြိုကျသွားသည်။

နောက်ဆုံး၌ စင်ပေါ်ရှိ အရာအားလုံးကို ပြင်ပကမ္ဘာမှ ရှင်းရှင်းလင်းလင်း မြင်တွေ့လာရသည်။

လင်းဟွမ်သည် ကျီးကန်း ဝိညာဉ်တော် အဖြစ် ရွေးချယ်ခံရသော လူငယ်လေးက မည်ကဲ့သို့ ပုံပန်းသဏ္ဌာန်ရှိလဲ ဆိုသည်ကို နောက်ဆုံး၌ မြင်လိုက်ရသည်။

အနိမ့်အမြင့် ဒိုင်မေးရှင်းထဲတွင် ရှိနေသော လင်းဟွမ်သည် ယဇ်ပုလ္လင် အထက်တွင် လွင့်မျောနေသော လူငယ်၏ မျက်နှာကို မြင်သောအခါ သိသိသာသာ အံ့အားသင့်သွားသည်။

"ဒါ... ဒါ... ရှောင်မို မဟုတ်ဘူးလား..."

ထိုလူငယ်လေးသည် ခရမ်းရောင်ကျီးကန်းလေ့ကျင့်ရေး စခန်းထဲတွင် သူနှင့် တစ်ခန်းတည်းနေခဲ့သော သူ့အခန်းဖော် ဖြစ်နေ၏ ။ လင်းဟွမ်သည် သူ့နာမည်ကိုပင် မေ့လုနီးပါး ဖြစ်နေခဲ့သည်။ ယခုကဲ့သို့ အခြေအနေမျိုးနှင့် ပြန်တွေ့ရလိမ့်မည်ဟု မမျှော်လင့်ထားခဲ့ပေ။

ယခုအခါ၌ ရှောင်မို၏ အသွင်အပြင်က အနည်းငယ် ပြောင်းလဲနေသည်။ အရပ် အနည်းငယ် မြင့်လာပြီး အသားအရေကလည်း အနည်းငယ် နီရဲလာသည်။ လင်းဟွမ်က သူ့ကို ချက်ချင်း

မှတ်မိခဲ့သည့် အကြောင်းအရင်းမှာ သူ့ရင်ဘတ်ဘယ်ဘက်ပေါ်မှ ရှုပ်ထွေးနေသော တံဆိပ်ကြောင့်ပင် ။

ဒါသည် တက်တူး မဟုတ်ပေ။ အပြစ်သားမျိုးဆက် အမှတ်အသား ဖြစ်သည်။ မည်သူကမှ ကိုယ့်သဘောနှင့်ကိုယ် ဤကဲ့သို့ အမှတ်အသားမျိုး ရေးခြယ်ကြလိမ့်မည် မဟုတ်ပေ။

ယဇ်ပုလ္လင် အထက်တွင် လွင့်မျောနေသော ရှောင်မိုသည့် ခန္ဓာကိုယ် အသွေးအသားနှင့် အရိုးများ ပြုပြင် မွမ်းမံနေရုံသာမက သူ၏ တိုက်ခိုက်ရေး

အဆင့်ကလည်း ကြောက်စရာ ကောင်းသော အရှိန်အဟုန်နှင့် မြင့်တက်လျက် ရှိနေသည်။ စက္ကန့်တိုင်းလိုလို မြင့်တက်နေခြင်းပင် ။

အဖြူရောင် မီးလျှံအဆင့်...

ကြက်သွေးရောင် မီးလျှံအဆင့်....

အပြာရောင် မီးလျှံအဆင့်......

......

အချိန်တိုလေး အတွင်းမှာပင် သူ၏ တိုက်ခိုက်ရေး အဆင့်က အင်မော်တယ် အဆင့်သို့ တိုက်ရိုက် မြင့်တက်လာခဲ့သည်။

ထိုအချိန်မှာပင် ရန်ပိုင်နှင့် ကျန်သည့်လူများက ရှန်းယွီနှင့် အခြား လူသုံးယောက်ကို တစ်ပြိုင်နက်တည်း ပြေးဝင် တိုက်ခိုက်ကြသည်။

## အခန်း(၁,၀၀၄) - ငါက ဒီအတိုင်းလေးပဲ ကြည့်ချင်တာလေ....

လေသဘော်ပေါ်က ခံစစ်အလွှာ ပြိုကျသွားသည်နှင့် တပြိုင်နက် ခရမ်းရောင် ကျီးကန်း အဖွဲ့အစည်းနှင့် နတ်ဘုရား ကောင်းချီး အဖွဲ့အစည်းတို့၏ စစ်ပွဲက စတင်သွားခဲ့ပြီ ။

စကားလုံးများ ပြောပြီး အချိန်ဖြုန်းခြင်း မရှိကြပေ။

ခရမ်းရောင် ကျီးကန်း ခေါင်းဆောင်ဖြစ်သည့် ရန်ပိုင်သည် လက်ထဲတွင် သုံးပေရှည်သော ဓါးရှည်ကို ကိုင်ဆွဲထားပြီး တိုက်ခိုက်ရေးအစွမ်း အသန်မာဆုံး ဖက်တီးထံ ပြေးဝင်သွားသည်။ သူ့လက်ထဲမှ ဓါးသည် ရွှေရောင် တလက်လက် တောက်ပလာပြီး မြားတစ်စင်းကဲ့သို့ ပြေးထွက် သွား၏။

ဖက်တီးရှေ့သို့ ရောက်ရန် တစ်စက္ကန့်ပင် မကြာလိုက်ချေ။ ခဏလေး အတွင်းမှာပင် ဖက်တီး၏ မျက်ခုံးနှစ်ခုကြားသို့ ချိန်ရွယ်ပြီး ခုတ်ချလိုက်သည်။

ဖက်တီးက တောက်ပစွာ ပြုံးလိုက်သည်။ သူ့လက်ထဲက လုံသည် ကျုံ့ဝင်သွားပြီး ခုနှစ်ပေရှည်သော လှံအဖြစ် ပြောင်းလဲသွားသည်။ လှံထိပ်ဖျားသည် (၃၀) စင်တီမီတာ နီးပါး ပါးလွှာသော၊ ချွန်ထက်သော ဓါးအဖြစ် ထပ်မံ ပြောင်းလဲ သွားပြန်သည်။

သူက လက်ထဲမှလှံကို လျင်မြန်ဖျတ်လတ်သော နဂါးတစ်ကောင်အလား ဝှေ့ယမ်း၍ ရန်သူကို အထင်သေးစွာ ကြည့်လိုက်၏။ လေထဲတွင် လောင်ကျွမ်းနေသော နက်ပြာရောင် မီးလျှံတစ်ခု

ထွက်ပေါ်လာပြီး ရွှေခါးထံ ဥက္ကာပျံ တစ်ခုအလား တိုးဝင်သွားသည်။

နောက်ထပ် တစ်စက္ကန့်တွင် နတ်ဘုရား ခါတ်ကြွင်းနှစ်ခု ထိပ်တိုက် တွေ့ဆုံသွားကြသည်။

ခါးနှင့် လုံထိပ်ဖျားတို့ အချင်းချင်း ထိပ်တိုက် တွေ့ဆုံသွားသည်နှင့် တစ်ပြိုင်နက် နတ်ဘုရားတစ်ပိုင်း အထွတ်အထိပ်အဆင့် တန်ခိုးရှင် နှစ်ယောက်သည် သူတို့၏ နတ်ဘုရားစွမ်းအား အားလုံးကို သူတို့ လက်ထဲက

နတ်ဘုရားဓါတ်ကြွင်းများထဲသို့ ထည့်သွင်းလိုက်ကြသည်။

နတ်ဘုရားစွမ်းအား နှစ်ခု ထိပ်တိုက်တွေ့ဆုံသောအခါ ရွှေရောင်နေကြီး ကဲ့သို့ အလင်းရောင် စူးရှ တောက်ပနေသော အလုံးတစ်ခု ဖြစ်ပေါ်လာသည်။

ထို့နောက် သူတို့ နှစ်ယောက်၏ နတ်ဘုရားစွမ်းအားများကို ဓါတ်ကြွင်းထဲကို အပြိုင်အဆိုင် ထည့်သွင်းနေကြောင့် ရွှေရောင် အလုံးကြီးသည် လျင်မြန်စွာ ဖောင်းကားလာသည် ။

တောက်ပသော ရွှေရောင်အလင်းများက နေရာအနှံ့ ပျံ့နှံ့သွား၏။

သူတို့နှစ်ယောက်၏ ပြင်းထန်သော ထိပ်တိုက်တွေ့ဆုံမှု တိုက်ခိုက်မှုကြောင့် မကြာခင် တိုက်ပွဲအတွင်း ပါဝင်နေသော လူအားလုံး ချက်ချင်း နောက်ပြန် ဆုတ်သွားကြသည်။

ခရမ်းရောင် ကျီးကန်းအဖွဲ့မှ နတ်ဘုရားတစ်ပိုင်း နှစ်ယောက်သာ ကျန်ရစ်ခဲ့ပြီး ယစ်ပလ္လင်နှင့် ရှောင်မိုကို ကာကွယ်နေကြသည်။

သို့သော်လည်း အဖြူရောင် ပုံရိပ်တစ်ခုသည် အလွန် လျှင်မြန်သော အရှိန်အဟုန်နှင့် သမုဒ္ဒရာထဲမှ ပေါ်ထွက်လာသည်။ ဆုတ်ခွာသွားသော လူများနှင့် ဆန့်ကျင်ဘက် အရပ်သို့ ပြေးဝင်သွားပြီး အဖြူရောင်အရိပ်က ယစ်ပလ္လင်ရှိရာသို့ ပြေးဝင် သွားသည်။

ခရမ်းရောင် ကျီးကန်းအဖွဲ့ဝင် နတ်ဘုရားတစ်ပိုင်း ဆယ်ယောက်သည် တစ်ယောက်ပြီး တစ်ယောက် ချက်ချင်း တုံ့ပြန်ကြသည်။ သူတို့သည် အဖြူရောင်ပုံရိပ်ကို တားဆီးရန် ကြိုးစားခဲ့သော်လည်း

ကြောက်စရာ ကောင်းလောက်အောင် ထိုအရာက လျင်မြန်လွန်းလှ၏ ။ သူသည် တိုက်ခိုက်ရေးမှူးများကို ငါးရှဉ့်တစ်ကောင်ကဲ့သို့ လျင်မြန်စွာ ရှောင်တိမ်းနိုင်ခဲ့သည်။

သူသည် ဝတ်စုံဖြူ ဝတ်ထားသောကြောင့် ကျန်သည့်လူများနှင့် အတူတူ ဖြစ်နေသည်။ မျက်နှာတွင် ရွှေရောင် မျက်နှာဖုံး ဝတ်ဆင်ထားပြီး ညာလက်တွင် အနက်ရောင် လက်အိတ်တစ်ခု ပါရှိသည်။ အသက် တစ်ခါ ရှူချိန်လေးမှာပင် ပလ္လင်ပေါ်သို့ ရောက်သွား၏။

ထို့နောက် လက်အိတ်စွပ်ထားသော လက်ဖြင့် နတ်ဘုရားတစ်ပိုင်း နှစ်ယောက် ကာကွယ်ပေးနေသော အကာအကွယ်လွှာကို လက်ဖဝါးနှင့် ဖိချလိုက်သည်။

အကာအကွယ် အလွှာက ချက်ချင်း ပျက်ပြယ် သွားစေသည်။

ခရမ်းရောင် ကျီးကန်းအဖွဲ့ဝင် နတ်ဘုရားတစ်ပိုင်း နှစ်ယောက်၏ မျက်လုံး သူငယ်အိမ်များ တုန်ခါ သွားကြသည်။

ထိုလက်အိတ်က နတ်ဘုရား ဓါတ်ကြွင်းတစ်ခု ဖြစ်သည့်မှာ ထင်ရှားနေသည်။

နတ်ဘုရားတစ်ပိုင်း နှစ်ယောက်က အံ့ကြိတ်ပြီး ထိုလူ၏ လက်အိတ်ကို တပြိုင်နက်တည်း တိုက်ခိုက်လိုက်ကြသည်။ ထိုစဉ် အနက်ရောင်နှင့် ခရမ်းရောင် နတ်ဘုရားစွမ်းအားများ ထွက်ပေါ်လာသည်။

လက်အိတ် ဝတ်ထားသော အမျိုးသားက နှာခေါင်း တစ်ချက်ရှုံ့လိုက်ပြီး နတ်ဘုရားတစ်ပိုင်း အထွတ်အထိပ်အဆင့် အော်ရာ ပေါက်ကွဲ ထွက်လာသည်။

သူ၏ လက်ညှိုးနှစ်ချောင်းကို ဆန့်ထုတ်ပြီး လက်ညှိုးနှစ်ချောင်းမှ ကျည်ဆန်ကဲ့သို့ အနက်ရောင် အလင်းတန်းနှစ်ခုကို ပစ်လွှတ်လိုက်သည်။ နတ်ဘုရားစွမ်းအား နှစ်ခုကို ကိတ်မုန့်စားသလို အလွယ်တကူ ဖြတ်ကျော်သွားသည်။

နတ်ဘုရားတစ်ပိုင်း နှစ်ယောက်၏ မျက်လုံးထဲတွင် ကြောက်ရွံ့သော အရိပ်များ ဖျတ်ခနဲ လက်သွားပြီး ကမန်းကတန်း နောက်ပြန် ဆုတ်သွားကြသည်။

လက်အိတ်ဝတ်ထားသော လူက သူတို့နောက်သို့ မလိုက်ခဲ့ပေ။ ထိုအစား ရှောင်မို၏ ပခုံးကို ဘယ်ဘက်လက်ဖြင့် ဆုပ်ကိုင်ပြီး ပြင်းထန်သော ခွန်အားနှင့်လွှဲကာ အဝေး ပစ်ထုတ်လိုက်သည်။

တစ်ချိန်တည်းမှာပင် ခပ်လှမ်းလှမ်း ရောက်နေသော ခရမ်းရောင် ကျီးကန်းအဖွဲ့ဝင် နတ်ဘုရားတစ်ပိုင်း နှစ်ယောက်က သူ့ရှေ့သို့ ရောက်ရှိလာသည်။

ထိုစဉ် သမုဒ္ဒရာထဲမှ အဖြူရောင်ပုံရိပ်နှစ်ခု ရုတ်တရက် ထွက်ပေါ်လာသည်။ သူတို့၏

တိုက်ခိုက်ရေး အဆင့်မှာ အင်ပါယာအဆင့်သာ ရှိသော်လည်း ပြုတ်ကျလာသော ရှောင်မို နောက်သို့ လိုက်ပါသွားသည်။

သူတို့နှစ်ယောက် ရှောင်မို အနားသို့ မရောက်ခင် သမုဒ္ဒရာထဲမှ မီတာရာနှင့် ချီသော ဧရာမ လက်တံကြီးတစ်ခု ထွက်ပေါ်လာသည်။

ထိုအချိန်တွင် အင်ပါယာ ရွှေခရမ်းရောင်အဆင့် တန်ခိုးရှင် အယောက် (၂၀)သည် သမုဒ္ဒရာထဲမှ ထွက်လာကြသည်။ သူတို့သည် တိုက်ပွဲဝင်

ပုံစံဖွဲ့စည်းပုံ ဖွဲ့စည်းပြီး ရောမ လက်တံကြီးကို တားဆီးလိုက်ကြသည်။

"ရှောင်မို.."

လင်းဟွမ်သည် ရှောင်မိုက တိုက်ပွဲ၏ ပစ်မှတ် ဖြစ်လာသည်ကိုမြင်လျှင် အနည်းငယ် မျက်မှောင်ကြုတ်သွားသည်။ တိုက်ပွဲထဲ ပါဝင်ရမည်ကို တွန့်ဆုတ်တွန့်ဆုတ် ဖြစ်နေ၏။

ရှောင်မိုက နတ်ဘုရားကောင်းချီး အဖွဲ့ လက်ထဲ ကျရောက်သွားပါက ကြောက်စရာကောင်းသော ကြမ်းတမ်းသည့် ဘဝနှင့် နေထိုင်သွားရလိမ့်မည်။

သို့သော်လည်း ခရမ်းရောင် ကျီးကန်းအဖွဲ့နှင့် အတူရှိနေမည် ဆိုပါက ကျီးကန်း နတ်ဘုရား၏ အခွံအဖြစ် ပြောင်းလဲသွားလိမ့်မည်။ သူ့အသိစိတ်ကလည်း လုံးဝ ပျောက်ကွယ်သွားလိမ့်မည်။

မည်သည့်ဘက်တွင် အဆုံးသတ်ပါစေ ရှောင်မို၏ သနားစရာကောင်းသော ကံကြမ္မာက ဆုံးဖြတ်ပြီးသား ဖြစ်နေသည်။

လင်းပွှမ် တုံ့ဆိုင်းနေစဉ် ကျီးကန်းနတ်ဘုရား အနက်ရောင် ပုံရိပ်ပေါ်က ကြက်သွေးရောင် မျက်လုံးများက ရုတ်တရက် လင်းထိန်လာသည်။

ပွဲတင်သံ ထပ်နေသော အသံတစ်ခုက သမုဒ္ဒရာတစ်ခွင် ပျံ့နှံ့သွား၏ ။

"မင်းတို့ကောင်တွေ သေချင် နေတာလား..."

ကျီးကန်းနတ်ဘုရားက ဒေါသတကြီး အော်ဟစ် လိုက်သည်။ ထိုအသံ၏ ပျံ့နှံ့နှုန်းသည် အသံ၏ ပျံ့နှံ့နှုန်းထက် အဆပေါင်း ရာနှင့်ချီပြီး ပိုမြန်ဆန်နေသည်။

နတ်ဘုရားကောင်းချီး အဖွဲ့မှ ဝတ်စုံဖြူ ဝတ်ဆင်ထားသော အင်ပါယာ တန်ခိုးရှင်အဆင့် ဆယ်ယောက်ကျော်သည် ချက်ချင်း ပေါက်ကွဲသွားကြသည်။ ရှောင်မိုထံ တိုးဝင်နေသော မွန်းစတား၏ လက်တံလည်း ဖုံမှုန့်များ အဖြစ် ပြောင်းလဲသွားသည် ။

သမုဒ္ဒရာအောက်ထဲမှ နတ်ဘုရားတစ်ပိုင်း မွန်းစတားသည် နာကျင်စွာ အော်ဟစ် ညည်းတွားရင်း သမုဒ္ဒရာထဲ ချက်ချင်း နစ်မြုပ်သွား၏ ။

လေသဘော်ပေါ်ရှိ နတ်ဘုရားတစ်ပိုင်း အားလုံးသည် ပါးစပ်ထဲမှ သွေးအတောင့်လိုက် အန်ထွက်ကုန်ကြသည်။

တိုက်ပွဲဝင်နေသော နတ်ဘုရားတစ်ပိုင်း အထွတ်အထိပ်အဆင့် တန်ခိုးရှင် နှစ်ယောက်ပင် အသက်ရှူ ကျပ်သွားသည် ။ ဟန်ချက်ညီအောင် ထိန်းလိုက်သည့်အချိန်တွင် သူတို့နှစ်ယောက်ကြားက ရွှေရောင် အလင်းလုံးသည် ပေါက်ကွဲ ထွက်သွား၏။

သူတို့နှစ်ယောက်၏ ထိပ်တိုက် တွေ့ဆုံမှုကြောင့် ဖြစ်ပေါ်လာသော ပေါက်ကွဲမှုကို လျော့တွက်၍

မရကြောင်း သိနေသောကြောင့် သူတို့ နှစ်ယောက်လုံးသည် ချက်ချင်း နောက်ပြန်ဆုတ်သွားကြသည် ။

သို့သော်လည်း လက်အိတ် ဝတ်ထားသော ဖိန်းလီကမူ လေသဘော်ာပေါ်က မထွက်ခွာသေးပေ ။ သူ့မျက်လုံးထဲတွင် စူးရှ တောက်ပပြီး ကြမ်းတမ်းသော အရိပ်တစ်ခုက ဖျတ်ခနဲ လက်သွားသည်။ လက်အိတ်စွပ်ထားသော လက်သီးထဲ နတ်ဘုရားစွမ်းအား ထည့်သွင်းပြီး

တင်းတင်းကျပ်ကျပ် ဆုပ်ကိုင်ကာ စုံထောက်မျက်လုံးကို လက်သီးနှင့် ထိုးလိုက်သည်။

" မင်းက သေခြင်းတရား တောင်းဆိုနေတာပဲ.."

ထိုစဉ် စုံထောက်မျက်လုံးမှ ဒေါသတကြီး အော်ဟစ်လိုက်သော အသံ ထွက်ပေါ်လာသည်။ မျက်လုံးက အာရုံပြောင်းသွားပြီး ဖိန်းလီကို စိုက်ကြည့်နေသည်။

ထိုအချိန်တွင် စုံထောက်မျက်လုံးမှ ပြင်းထန်သော ဝိညာဉ်ပိုင်းဆိုင်ရာ ဖိနှိပ်မှုတစ်ခု ထွက်ပေါ်လာသည်။

ထိုနေရာနှင့် ကီလိုမီတာ (၂၀) အကွာတွင် ရှိသော အနိမ့်အမြင့် ဒိုင်မေးရှင်းထဲ၌ ပုန်းအောင်းနေသော လင်းဟွမ်ပင် နှလုံးများ တဆတ်ဆတ် တုန်လာ၏။

ပြင်းထန်သော ဝိညာဉ်ဖိအား၏ အောက်တွင် ဖိန်းလီသည် လုံးဝ ရပ်တန့်သွားသည်။ အမှန်တကယ်ဆို သူမှလွဲ၍ မည်သို့ ဖြစ်ပျက်နေသည်ကို မည်သူမျှ မသိပေ။

သူသည် စုံထောက် မျက်လုံး၏ တကယ့် ကြက်သွေးရောင် မျက်လုံးကို မြင်လိုက်ရသည်။ ထိုမျက်လုံးကို ဒုတိယ အကြိမ်မြောက်

မြင်လိုက်သောအခါ သူ့ဝိညာဉ်သည် လျှောင် လှုပ်သကဲ့သို့ တဆတ်ဆတ် တုန်ခါသွားသည်။

ကံကောင်းသည်မှာ ရွှေရောင်အလင်း တောက်ပလာသောကြောင့် ဖိနှိပ်မှုကို ထိန်းချုပ်နိုင်ခဲ့သည်။ သူ၏ဝိညာဉ်က တည်ငြိမ်သွားခဲ့ပြီး သူ့ဝိညာဉ်အား ဖျက်ဆီးပစ်နိုင်သည့် ဘေးအန္တရာယ် အကျပ်အတည်းမှ လွတ်မြောက် သွားသည်။ သို့သော်လည်း သူ့မျက်လုံးက ချက်ချင်း ကန်းသွားခဲ့ပြီ ။

ဒါသည် အစစ်အမှန် နတ်ဘုရားတစ်ပါးကို သာမန်လူတစ်ယောက်က ကြည့်မိသည့်အတွက် ပေးဆပ်ရသော တန်ဖိုးတစ်ခုဖြစ်ပြီး အနိမ့်ဆုံး တန်ဖိုးလည်း ဖြစ်သည်။ ကြိုတင် ပြင်ဆင်ထားသော ဝိညာဉ်အမျိုးအစား နတ်ဘုရားတစ်ပိုင်း ခါတ်ကြွင်းကြောင့် သူ့ဝိညာဉ် ပေါက်ကွဲ၍ သေမည့်ဘေးမှ လွတ်မြောက်ခဲ့သည်။

သို့သော်လည်း အစစ်အမှန် နတ်ဘုရား၏ မျက်လုံးမှ ထွက်ပေါ်လာသော နတ်ဘုရားစွမ်းအားက နတ်ဘုရားတစ်ပိုင်း ခါတ်ကြွင်းကို ထိမှန်သွားပြီး

သူ့ခေါင်းထဲတွင် ပြင်းထန်စွာ နာကျင်ကိုက်ခဲနေသည်။

ယခုအချိန်တွင် သူ၏ အမြင်အာရုံ ဆုံးရှုံးသွားပြီး နတ်ဘုရား စွမ်းအားများကလည်း သူ့ခန္ဓာကိုယ်ထဲ ပြင်းထန်းစွာ ပြန်လည် ကျုံ့ဝင်သွား၏။ ယခုအချိန်၌ သူသည် မျက်လုံးကန်းသွားသည့် အချက်ကိုပင် အာရုံမစိုက်နိုင်ချေ။

ဖိန်းလီ ထိုကဲ့သို့ ဖြစ်ပျက်နေစဉ် လေထဲ၌ အနက်ရောင် မြားတစ်စင်း ပျံသန်းလာသည်။

အလွန် အင်မတန် လျှင်မြန်လှသောကြောင့် မြားဏ် ပျံသန်းမှု လမ်းကြောင်းကို မည်သူမျှ မမြင်နိုင်ပေ။ အနက်ရောင်မြူခိုးများ ဝန်းရံနေသော မြားက စုံထောက်မျက်လုံးထဲ ချက်ချင်း ဖောက်ဝင်သွားရောက်သွား၏။

တိုက်ပွဲ၏ ဆူညံသံများ ပျောက်ကွယ်သွားသည်။

အနက်ရောင်မြားက စုံထောက်မျက်လုံးထဲ ဖောက်ဝင်သွားသောအခါ မျက်လုံးက အသက်ရှင်နေသကဲ့သို့ အနက်ရောင်အရည်များ လျင်မြန်စွာ ပျံ့နှံ့လာပြီး အရည်အဖြစ် ပြောင်းလဲသွားသည်။

အနိမ့်အမြင့် ဒိုင်မေးရှင်းထဲတွင် ပုန်းအောင်းနေသော လင်းဟွမ်သည် မျက်ခုံး ပင့်လိုက်မိသည်။ တိုက်ခိုက်ခဲ့သည့် တစ်ဘက်ခြမ်းက အဖွဲ့ကို သူသိသည်။ သူထင်တာ မမှားလျှင် ဟုန်ကျန်းနှင့်ရန်လင်းတို့ ဖြစ်ရမည်။

သို့သော်လည်း လင်းဟွမ်သည် သူတို့ကို ကူညီသင့်သလား၊ မသင့်လား ဆိုသည်ကို မသေချာပေ။

“ သူက နတ်ဘုရား ပစ္စည်းကို ညစ်ညမ်းအောင်လုပ်ဖို့ အသူရာ နတ်ဆိုးကျိန်စာ

သုံးလိုက်တာပဲ။ ငါ ယုံတောင် မယုံနိုင်ဘူး။ သာမန် အခြေအနေဆို ဒီလိုတစ်ခါသုံး ကျိန်စာကို တခြား ကမ္ဘာက တိုက်ပွဲမှာပဲ အသုံးပြုတာပါ ။ ဒါက ဒီကမ္ဘာမှာ ရနိုင်တဲ့အရာ မဟုတ်ဘူး"

ကျောက်ပြား၏ အသံက အေးဆေးတည်ငြိမ်စွာ ထွက်ပေါ်လာသည်။

" သိုလှောင်လက်စွပ်ကို ဖွင့်ပေးတဲ့ မင်းရဲ့ သူငယ်ချင်းက တခြားကမ္ဘာတွေရော တခြားကမ္ဘာက ပစ္စည်းတွေနဲ့ပါ ရင်းနှီးတဲ့ပုံပဲ.."

လင်းဟွမ်က ကျောက်ပြားနှင့် စကားပြောနေစဉ် ကျီးကန်း နတ်ဘုရား၏ ပုံရိပ်က အနက်ရောင် မြူခိုးအဖြစ် လုံး၀ ဖွဲ့စည်းသွားပြီး ရှုးသွပ်ကာ ဒေါသပေါက်ကွဲ သွားပုံရသည်။

“ ထွက်လာစမ်း ခွေးမသားတွေ.. ပုန်းနေတဲ့ နေရာက အခု ထွက်လာစမ်း..”

အသံ၏ အမြန်နှုန်းသည် အသံမြန်နှုန်းထက် အဆတစ်ရာကျော် ပိုမြန်၏ ။ ကီလိုမီတာ တစ်ထောင်အတွင်းက အမှောင်ထဲတွင် ပုန်းအောင်းနေသော လူတိုင်း ထွက်ပေါ်လာသည်။

လင်းဟွမ်လည်း တုန်တုန်ယင်ယင် ဖြစ်သွားပြီး ကြီးမားသော စွမ်းအားကြောင့် အနိမ့်အမြင့် ဒိုင်မေးရှင်းထဲမှ အတင်းအကျပ် တွန်းထုတ်ခြင်း ခံလိုက်ရသည်။

လင်းဟွမ်၏ ပခုံးပေါ်တွင် ထိုင်နေသော အမြီးကိုးချောင်း လင့်ကြောင်မြီးတိုသည် ဤ အဖြစ်အပျက်မျိုးနှင့် တစ်ခါမှ မကြုံဖူးသောကြောင့် အနက်ရောင်ပုံရိပ်ကို လေးနက်စွာ စိုက်ကြည့် နေသည်။

“ ဘာမှားလို့လဲ ငါက ကြည့်ချင်ရုံပဲလေ..”

ကျိုးကန်း အဖွဲ့အစည်းနှင့် နတ်ဘုရားကောင်းချီးမှ အဖွဲ့ဝင်များက သူ့အား စိုက်ကြည့်နေသည်ကို မြင်လျှင် လင်းဟွမ် ဝမ်းနည်းသွားသည်။

## အခန်း(၁,၀၀၅) - ရန်လင်း၏ ဝှက်ဖဲ

လင်းဟွမ်သည် ခရမ်းရောင်ကျီးကန်းနှင့် နတ်ဘုရားကောင်းချီး အဖွဲ့နှစ်ဖွဲ့ကြားတွင် ပဲကြီးလှော်ဆားညပ် မဖြစ်ချင်ပေ။

ဤတစ်ကြိမ် သူလာရသည့် အကြောင်းအရင်းမှာ နတ်ဘုရားတစ်ပိုင်းများ ကြားမှ တိုက်ပွဲကို ကြည့်ချင်သောကြောင့် ပင် ။

တကယ်တမ်း ပြောရမည်ဆိုလျှင် ဒီအဆင့် တိုက်ပွဲက ကြုံတောင့်ကြုံခဲ မြင်ရခဲ၏ ။ ထို့အပြင် နတ်ဘုရားကောင်းချီးအဖွဲ့ ဘာလုပ်ရန် ကြိုးစားနေလဲ ဆိုသည်ကို တော်တော်လေး သိချင်နေသည်။ အခြားတစ်ဖက်တွင်မူ ဟုန်ကျန်း ဘာလုပ်မလဲ ဆိုသည်ကိုလည်း သိချင်နေသောကြောင့်ပင် ။

ယခုမူ ကျီးကန်းနတ်ဘုရား၏ ဖော်ထုတ်မှုကြောင့် အနိမ့်အမြင့် ဒိုင်မေးရှင်းထဲက အတင်းအကျပ် ထွက်လာရလိမ့်မည်ဟု တစ်ခါမှ မတွေးခဲ့ဖူးပေ ။

"လင်းရှိ လား..."

နတ်ဘုရားကောင်းချီး အဖွဲ့က လီကွမ်နှင့် ကျန်သည့်လူများသည် သူ့ကို ချက်ချင်း မှတ်မိသွားကြသည်။

လီကွမ်ပါဝင်သော ဌာနခွဲက လင်းရှိကို ဖမ်းဆီးရန် အမိန့် ရထားသည်။ ထို့ကြောင့် လင်းဟွမ်ကို မြင်သည်နှင့် သိနေခြင်း သာ....

ခရမ်းရောင် ကျီးကန်းအဖွဲ့အစည်းက နတ်ဘုရား တစ်ပိုင်းများသည် သူ့နာမည်ကို ယခင်က ကြားဖူးသော်လည်း လူကို မတွေ့ဖူးပေ။ မည်သို့ပင်

ဆိုစေကာမူ ဤလူငယ်က အထွတ်အထိပ် ပါရမီရှင် ဖြစ်ပြီး ပါရမီရှင်သမဂ္ဂ ဦးဆောင်သူ စာရင်းတွင် နှစ်နှစ် ဆက်တိုက် နံပါတ်တစ် နေရာကို သိမ်းပိုက်ထားသည် ။ ထို့ကြောင့် လူတိုင်းက သူ့အကြောင်းကို အနည်းနှင့်အများ ကြားဖူး ကြသည်။

လင်းဟွမ်က သူ့ကို သိသွားသော်လည်း ခပ်တည်တည်ပင် ပြုံးပြီး လက်မြှောက်ကာ တခွတာ ပြလိုက်သေးသည်။

" ဪ... ကျွန်တော်က ဒီလိုပဲ ဖြတ်သွားရုံပါ။ စောင့်ကြည့်တာ မဟုတ်ဘူး။ ဆက်လုပ်ကြပါ... ဆက်လုပ်ကြပါ... ကျွန်တော် မရှိဘူးလို့ပဲ သဘောထားကြပါ..."

နတ်ဘုရားတစ်ပိုင်းများသည် တော်တော်လေး ဆွံ့အသွားသည်။ သို့သော်လည်း လင်းဟွမ်၏ တိုက်ခိုက်ရေးအဆင့်က အင်မော်တယ်အဆင့်သာ ရှိသေးပြီး ခြိမ်းခြောက်မှု မဟုတ်ကြောင်း သတိထားမိသောကြောင့် အာရုံ ပြောင်းသွားကြသည်။

အခြားတစ်ဖက်တွင် ရန်လင်းနှင့် ဟုန်ကျန်း အပါအဝင် နတ်ဘုရားတစ်ပိုင်း (၁၀) ယောက်၏ အော်ရာက ပို၍ ခြိမ်းခြောက် နေသောကြောင့်ပင်။

လင်းဟွမ်ပင် သူတို့နှစ်ယောက် နောက်မှ နတ်ဘုရားတစ်ပိုင်း (၁၀) ယောက်ကို မြင်သောအခါ မမျှော်လင့်ထားသဖြင့် အနည်းငယ် အံ့အား သင့်သွားသည်။

"အိုး... စမတ်ကျတဲ့ ရုပ်သေးရုပ်တွေလား... စိတ်ဝင်စားစရာပဲ..."

ကျောက်ပြား၏ အသံက ဘုံမဆင့် ဆိုင်းမဆင့် ထွက်ပေါ်လာသည်။

“ ငါ့ပစ္စည်းတွေ ဖွင့်ပေးဖို့ ကူညီတဲ့လူက ခရီးသွားတစ်ယောက်လို့ ထင်တာပဲ...”

“ မင်း ဘယ်လို ပြောနိုင်တာလဲ...”

လင်းဟွမ်က တော်တော်လေး ထူးခြားနေသည်ဟု တွေးလိုက်မိသည်။

“ နောက်ပြီးတော့ စမတ်ကျတဲ့ ရုပ်သေးရုပ်ဆိုတာ ဘာလဲ။ မင်းက ဒီ နတ်ဘုရားတစ်ပိုင်းတွေ အကြောင်း ပြောနေတာလား…”

“ ဒါက တော်တော်လေး ရိုးရှင်းတယ်လေကွာ။ သူလုပ်နေတဲ့ အရာက ဒီကမ္ဘာပေါ်က လူတွေ လုပ်နိုင်တဲ့အရာ မဟုတ်ဘူး…”

ကျောက်ပြားက ရှင်းပြလိုက်သည်။

“ဒီကမ္ဘာမှာ မျိုးရိုးဗီဇ နည်းပညာ အဆင့်မြင့်ပေမယ့် ဉာဏ်ရည်တု နည်းပညာက မရှိသလောက်ပဲ။ ဒါကြောင့် ဒီနတ်ဘုရားတစ်ပိုင်း

အလောင်းတွေကို ပြုပြင်ထားတဲ့ နည်းပညာက ဒီကမ္ဘာမှာ မတွေ့နိုင်ဘူး…”

“ နတ်ဘုရားတစ်ပိုင်း အလောင်း…”

လင်းဟွမ်သည် သေသေချာချာ လိုက်ကြည့်သော်လည်း ဘာမှ မတွေ့ပေ။

“ သူတို့က ငါ့အတွက်တော့ အလောင်းနဲ့ မတူဘူး… အစစ်လိုပဲ… ”

“ အေး… ကြည့်လိုက်ရင် အစစ်နဲ့ တော်တော်လေး တူပေမယ့် အစစ် မဟုတ်ဘူး။ အဲ့ဒီခန္ဓာကိုယ်ထဲက

ပျောက်ကွယ်သွားတဲ့ ဝိညာဉ်တွေ နေရာမှာ ဉာဏ်ရည်တုနဲ့ အစားထိုးထားတာ ။ မဟာကမ္ဘာကြီးမှာ တောင်မှ လူအနည်းစုပဲ ဒီလို လုပ်နိုင်တာ။ ဒီလိုမျိုး ထုတ်ကုန်တွေကို ဖန်တီးနိုင်တဲ့ လူတစ်ယောက်က အဲ့ဒီနယ်ပယ်မှာ ကျွမ်းကျင်တယ်ဆိုတာ သက်သေပြနေတာပဲလေ...”

“ ဒါဆိုရင် ဒီနတ်ဘုရား တစ်ပိုင်းနဲ့ သေနေတဲ့ ရုပ်သေးရုပ်က ဘာတွေ ကွာလဲ...”

လင်းဟွမ်က နောက်တစ်ကြိမ် မေးလိုက်သည်။

“ အဓိက ကွာခြားချက်ပဲ... ဟဲဟဲဟဲ...”

ကျောက်ပြားက ရယ်မောလိုက်သည်။

“ သေနေတဲ့ ရုပ်သေးရုပ်တွေက တိုက်ပွဲဝင်စိတ် အကြွင်းအကျန်ပဲ ကျန်တော့တာ။ သူတို့တွေ တိုက်ပွဲဝင်ဖို့ဆို ဗီဇနဲ့ သူတို့ပိုင်ရှင်ရဲ့ ထိန်းချုပ်မှုကို လိုအပ်တယ်။ သူတို့ရဲ့ အစွမ်းအစက အသက်ရှင်နေတဲ့ အချိန်ကထက် တော်တော်လေး နောက်ကျ ကျန်ရစ်ခဲ့ပြီ ”

“ ဒီစမတ် ရုပ်သေးရုပ်တွေကျတော့ သူတို့ ခန္ဓာကိုယ်ထဲကို နတ်ဘုရားတစ်ပိုင်း တိုက်ပွဲ

အချက်အလက်တွေ ထည့်သွင်း ထားတာဆိုတော့ ရုပ်သေးရုပ်တွေက တိုက်ပွဲထဲမှာ ရှောင်တခင် တွက်ချက်နိုင်တယ်... သူတို့ရဲ့ တွက်ချက်မှု အမြန်နှုန်းနဲ့အရှိန်က လူသားရဲ့ ဦးနှောက်ထက် ကျော်လွန်သွားပြီ ။ ငါထင်တာမမှားရင် ဒီရုပ်သေးရုပ် (၁၀) ခုရဲ့အစွမ်းက သူတို့ အသက်ရှင်နေတဲ့ အချိန်ကထက်တောင် ပိုပြီး အစွမ်းထက် နေနိုင်သေးတယ် ”

“ ကြည့်လိုက်... ရုပ်သေးရုပ် အကုန်လုံးရဲ့ လက်ထဲမှာ နတ်ဘုရား ဓါတ်ကြွင်းတွေ ရှိတယ်...

ဒီတိုက်ပွဲမှာ သူတို့ဘက်က အကြီးအကျယ် အောင်ပွဲခံမယ်ဆိုတာ ငါ လောင်းရဲတယ်...”

ကျောက်ပြားက ပြုံးပြီး ပြောလိုက်သည်။

“ ဒါပေမယ့် ကျီးကန်းနတ်ဘုရားရဲ့ ပုံရိပ်က ပိုပြီး ကြောက်စရာကောင်းတယ်လို့ ငါ ထင်တယ်...”

နှိုင်းယှဉ်ကြည့်လျှင် လင်းဟွမ်က ကျီးကန်းနတ်ဘုရား၏ ပုံရိပ်ကို ပို၍ ကြောက်နေသည်။ ထိုဖော်ထုတ်မှု စွမ်းရည်က အနည်းဆုံး အတုယောင် နတ်ဘုရားအဆင့်တွင် ရှိနေသည်။

“ ကျီးကန်းနတ်ဘုရားရဲ့ ပုံရိပ်က အစွမ်းထက်ပေမယ့် ကြားခံဖြစ်တဲ့ စုံထောက်မျက်လုံးက အသူရာနတ်ဆိုး ကျိန်စာကြောင့် ညစ်ညမ်း သွားခဲ့တာ ကြာပြီ ။ ကျီးကန်းနတ်ဘုရားက ဒီကမ္ဘာနဲ့ လုံးဝ အဆက်အသွယ် ပြတ်သွားတာမျိုးတောင် ဖြစ်ချင် ဖြစ်သွားနိုင်တယ်။ အဲ့ဒီအချိန်ကျရင် ကျီးကန်း နတ်ဘုရားရဲ့ ပုံရိပ်က အလိုလို ပျောက်ကွယ် သွားမှာပဲ ”

ကျောက်ပြားက ကျီးကန်းနတ်ဘုရား ပုံရိပ်က ကြောက်စရာ ကောင်းသည်ဟု လက်မခံပေ။

“လင်းရှီ… မင်း… မင်း ဘယ်လို ရောက်…”

ရန်လင်းသည် လင်းဟွမ်ကို မြင်လျှင် သက်ပြင်းတစ်ချက် ချလိုက်သည်။

“ ငါ ဒီတိုင်း ဖြတ်သွားရုံပဲ ။ သူတို့ကိုလည်း ပြောပြသေးတယ် ။ ငါက ကြည့်ရုံပဲ ကြည့်တာပါ။ ငါ့ကို လျစ်လျူရှုထားလိုက် လုပ်စရာရှိတာ ဆက်လုပ်… မရှိသလို သဘောထားလိုက်…”

လင်းဟွမ်က ပြုံးပြီး လက် တခါခါလုပ်ကာ ပြောလိုက်သည်။

ရန်လင်းဘေးတွင် ရပ်နေသော ဟုန်ကျန်းက လင်းဟွမ်ကို အကဲခတ်ပြီး ရုတ်တရက် မေးလိုက်သည်။

“ ငါတို့ အရင်က တွေ့ဖူးလား… ”

“ နောက်ဆုံး တစ်ကြိမ် ဟိုတယ်မှာတုန်းက ရန်လင်းကို ပစ္စည်းတွေ လာဖွင့်ခိုင်းတဲ့ အချိန်မှာ တွေ့ဖူးတယ်လေ။ မင်းပဲ ငါ့ကို တံခါးဖွင့်ပေးတာ…”

လင်းဟွမ်က သဘာဝကျကျ ပြန်တုံ့ပြန်လိုက်သည်။

“ မင်း မမှတ်မိဘူးလား ”

“ အဲ့ဒါကို ပြောတာ မဟုတ်ဘူး။ ဒီကိစ္စ မတိုင်ခင် တစ်နေရာရာမှာ တွေ့ဖူးလား မေးတာ”

ဟုန်ကျန်းက ဆက်မေးလိုက်သဖြင့်

“ ငါတော့ မထင်ဘူး။ ငါတို့ အရင်ကတွေ့ဖူးရင် မင်းကို သေချာပေါက် မှတ်မိမှာပေါ့…”

လင်းဟွမ်က တစ်ခါတည်း အပြတ်ငြင်းလိုက်သည်။ သူသည် ဟုန်ကျန်းနှင့် ပက်သက်၍ မည်သည့် ဆက်နွယ် ပက်သက်မှုကိုမှ မလိုချင်ပေ ။

ဟုန်ကျန်းက တစ်ခုခုကို ပြောရန်လုပ်လိုက်သော်လည်း ကျီးကန်းနတ်ဘုရား ပုံရိပ်က စကားစဖြတ်လိုက်သည်။ ဟုန်ကျန်းနှင့် ကျန်သည့်လူများကို တစ်ချက်ကြည့်ပြီးနောက် ကြက်သွေးရောင်မျက်လုံး (၁၀၈) ခုက အနက်ရောင် အလင်းတန်းကြီးဖြာထွက်လာ၏။

“ ငါ့ကို တောင်းပန်ပါ။ မင်းရဲ့အလောင်းကို အပြည့်အစုံ ထားပေးမယ် ”

လူ့အယောက် (၁၀၀) က တပြိုင်နက်တည်း ပြောလိုက်သကဲ့သို့ အသံများ ပဲ့တင်သံ ထပ်ပြီး ထွက်ပေါ်လာ၏ ။

“ တောင်းပန်ပါတယ်... ငါက အဲ့ဒီလိုမျိုး မကြိုက်ဘူး ။ မင်းရဲ့ တောင်းဆိုမှုကို ငြင်းတယ်...”

ရန်လင်းက ခြေတစ်လှမ်း နောက်ဆုတ် လိုက်သည်။

လင်းဟွမ်သည် ရန်လင်းထံတွင် ကျင့်ကြံခြင်း အော်ရာ မရှိကြောင်း အာရုံခံမိသည်။ သို့သော်လည်း ရန်လင်းက မြေပြင်ပေါ်တွင် မဟုတ်ဘဲ လေထဲတွင် မည်ကဲ့သို့ ရပ်နိုင်နေလဲ ဆိုသည်ကို သူ မသိပေ။

" ငရဲသွားစမ်း....."

ကြီးကန်းနတ်ဘုရား ပုံရိပ်က စကား ပြောပြီးသည်နှင့် ထိုပုံရိပ်မှ ကြောက်စရာကောင်းသော အမြန်နှုန်းနှင့် အနက်ရောင် အမျှင်များ ထွက်ပေါ်လာသည်။

နောက်ထပ် တစ်စက္ကန့်တွင် ရန်လင်း၏ ခန္ဓာကိုယ်ကို ထိုးဖောက်သွား၏။

အလွန် မြန်ဆန်သောကြောင့် လင်းဟွမ်ပင် အချိန်မီ တုံ့ပြန်နိုင်ခြင်း မရှိပေ။ ရန်လင်း၏ ခန္ဓာကိုယ်က အနက်ရောင် အမှျင်၏ ထိုးဖောက်ခြင်းကို ခံထားရပြီး လေထဲ တွဲလောင်း ဖြစ်နေသည်ကိုသာ မြင်နေရသည်။

"ရန်လင်း..."

လင်းဟွမ်သည် မျက်မှောင်ကြုတ်သွားသော်လည်း မကြာခင် ဖြစ်ပျက်လာသောအဖြစ်အပျက်ကြောင့် တုန်လှုပ်သွား၏။

လေထဲ၌ ရန်လင်း၏ ခန္ဓာကိုယ်က လျှင်မြန်စွာပြိုကွဲသွားပြီး တစ်စစီ ကွဲထွက်သွားသော အရုပ်လေးတစ်ရုပ်ကဲ့သို့ ဖြစ်သွားသည်။ သို့သော်လည်းနောက်ထပ် တစ်စက္ကန့်တွင် ဟုန်ကျန်း၏ ဘေး၌ မရေမတွက်နိုင်သော ကုဗအတုံးလေးများအဖြစ်ပြောင်းလဲသွားသည်။

လင်းဟွမ်အား အထင်ကြီးသွားစေသည့် အချက်မှာ ရန်လင်း၏ ခန္ဓာကိုယ်က ထိခိုက်သွားခြင်း လုံးဝ မရှိခဲ့ပေ။

“ ကျီးကန်း နတ်ဘုရား... မင်းရဲ့အကြည့် သပ်သပ်နဲ့ ငါ့ကို သတ်လို့မရဘူး...”

ရန်လင်း၏ လေသံက အမှန်တရားကို ထုတ်ဖော်ပြောဆိုနေပုံ ရသည် ။

“ဟွန့်...”

ကျီးကန်း နတ်ဘုရားက နှာခေါင်း တစ်ချက်ရှုံ့ပြီး ရန်လင်းထံ နောက်ထပ် အနက်ရောင် အမျှင်တစ်ခု ပစ်လွှတ်လိုက်ရာ ရန်လင်း၏ ခန္ဓာကိုယ်ထဲကို နောက်တစ်ကြိမ် ထိုးဖောက် သွားပြန်သည်။

ရန်လင်း၏ ခန္ဓာကိုယ်သည် ကုဗတုံးများအဖြစ် အစိတ်စိတ်အမြွှာမြွှာ ပြိုကွဲသွားပြီး တိုက်ခိုက်ရန် ရောက်လာသော ကျီးကန်းနတ်ဘုရား အကြည့်၏ အမျှင်က ဖောက်ထွက်သွားသည်။

သို့သော်လည်း တိုက်ခိုက်ခံရသည့် ကုဗတုံးများက လုံးဝ ပျက်စီးသွားရမည့် အစား ပို၍သေးငယ်သော

ကုဗတုံးများအဖြစ် ထပ်ဆင့် ကွဲအက်သွား၏။ ထိုကွဲသို့ပင် ထောင်ပေါင်းများစွာသော ကုဗတုံးများသည် ပို၍ သေးငယ်သော ကုဗတုံးလေးများအဖြစ် အထပ်ထပ် အခါခါ ပြိုကွဲနေသည်။

နောက်ဆုံး၌ သာမန်မျက်စိနှင့် မမြင်နိုင်လုနီးပါးဖြစ်သွားကာ သန်းပေါင်းများစွာ ရှိသည့် သေးငယ်သော ကုဗတုံးလေးများအဖြစ် ပြိုကွဲသွားသည်။ ထိုအချိန်တွင် ကျီးကန်း နတ်ဘုရား၏

အနက်ရောင်အမျှင်က စိတ်ပျက်စွာ နောက်ပြန်ဆုတ်သွား၏။

နောက်ထပ် တစ်စက္ကန့်တွင် ရန်လင်း၏ ခန္ဓာကိုယ်က ဟုန်ကျန်း၏ဘေးတွင် နောက်တစ်ကြိမ် ဖွဲ့စည်းလာပြန်သည်။ ဒီတစ်ကြိမ်တွင် ယခင်တစ်ခေါက်ကထက် အနည်းငယ် ပို၍ အချိန်ယူခဲ့ရသည် ။

" မင်း ငါ့ရှေ့မှာ ဒီလောက် မောက်မာနေတာ မဆန်းတော့ဘူး ။ ကြည့်ရတာ မင်းက နိယာမ ကွေးညွတ်ခြင်း စွမ်းအားကို ကျွမ်းကျင်နေပုံပဲ..."

ကျီးကန်း နတ်ဘုရားက သူ၏ခန့်မှန်းချက်ကို အေးဆေး တည်ငြိမ်စွာ ပြောလိုက်သည်။ ရန်လင်း ဘာလုပ်နေလဲ ဆိုသည်ကို ရှင်းရှင်းလင်းလင်း သိနေပုံရသည်။

“ မင်းကို ကျီးကန်း နတ်ဘုရားလို့ ခေါ်ထိုက်ပါတယ်ကွာ...”

ရန်လင်းက တောက်ပစွာ ပြုံးလိုက်ပြီး...

“ ကဲ... အပေးအယူ လုပ်ရအောင်... ”

## **အခန်း(၁,၀၀၆) - စကား ကြွယ်ခြင်း**

လင်းဟွမ်သည် ကျင့်ကြံခြင်း လုံး၀ မရှိဘူးဟု သူထင်ထားသော ရန်လင်းက ကျိုးကန်းနတ်ဘုရား ပုံရိပ်၏ တိုက်ခိုက်ခြင်းကို နှစ်ကြိမ်တိုင်တိုင် ခံရသော်လည်း ထိခိုက်ခြင်း လုံး၀မရှိသည်ကို မြင်လျှင် အံ့ဩမှင်တက်နေ၏။

ကျိုးကန်း နတ်ဘုရားနှင့် ရန်လင်းတို့ကြားက စကားဝိုင်းကို ကြားသောအခါ ပို၍ပင် တုန်လှုပ်သွားသည်။

“ နိယာမ ကွေးညွှတ်နိုင်တဲ့ စွမ်းအား… ဒါက အစစ်မှန် နတ်ဘုရားတွေပဲ ကျွမ်းကျင်နိုင်တဲ့ အရာ မဟုတ်ဘူးလား ။ ရန်လင်းက အစစ်အမှန် နတ်ဘုရား တစ်ယောက်လား… သူ့ရဲ့အောင်ရာကို ဖုံးကွယ် ထားတာလား… ဒါကြောင့်မို့ ငါ အာရုံ မခံမိတာပေါ့…”

“ သူ့ရဲ့ အောင်ရာကို မဖုံးကွယ်ထားဘူး… တကယ်ကို ကျင့်ကြံခြင်း လုံးဝ မရှိတာ…”

ကျောက်ပြား၏ အသံက လင်းဟွမ်၏ နားထဲ ရောက်လာသည်။

“ ဒါဆိုရင် ကျီးကန်းနတ်ဘုရားက နိယာမ ကွေးညွှတ်ခြင်း စွမ်းအားကို ကျွမ်းတယ်လို့ ဘာဖြစ်လို့ ပြောတာလဲ…”

ထိုမေးခွန်းကို ကြားသောအခါ ကျောက်ပြားသည် ခေတ္တမျှ တိတ်ဆိတ် သွားပြီးနောက် ပြန်ဖြေလာသည်။

“ သူက အစစ်မှန် နတ်ဘုရား… ဒါမှမဟုတ် အဲ့ဒီထက် ပိုပြီးအစွမ်းထက်တဲ့ သက်ရှိ ဖြစ်ခဲ့ဖူးတာ ဖြစ်နိုင်တယ်…”

ကျောက်ပြား၏ အဖြေကို ကြားသောအခါ လင်းဟွမ်သည် ရန်လင်းကို တအံ့တဩ လှမ်းကြည့်လိုက်သည်။

...

ထိုအချိန်တွင် ရန်လင်းနှင့် ကျီးကန်းနတ်ဘုရားတို့ စကားပြောနေကြသည်။ သူသည် ကျီးကန်းနတ်ဘုရားပေါ်တွင် လေးစားမှု လုံးဝမရှိဘဲ သာမန်အိမ်နီးနားချင်း တစ်ယောက်နှင့် စကားပြောနေသကဲ့သို့ ပင် ...

“ သဘောတူညီချက် လုပ်ရအောင်... မင်း မျက်လုံးထဲက ကျိန်စာကို ငါ ဖယ်ပေးမယ်... ကျီးကန်းဝိညာဉ်တော် အသွင်ပြောင်းမှု ပြီးဆုံးအောင်လည်း လုပ်ခွင့်ပေးမယ်... ဒါပေမယ့် အပေးအယူ တစ်ခုအနေနဲ့ မင်း ငါ့ကို မျက်လုံးပေးရမယ်”

“ မင်းကိုယ်မင်း ဘာကောင် ထင်နေလို့လဲ။ မင်း ငါ့ကို ကျိန်စာတိုက်ပြီးတာတောင် ငါ့မျက်လုံးကို လိုချင်နေသေးတယ် ဟုတ်လား.... ”

ကျိုးကန်းနတ်ဘုရား ပုံရိပ်က ထိုတောင်းဆိုမှုကို တစ်ခါတည်း အပြတ်ငြင်း လိုက်သည်။ သူ၏ မာကျောသော လေသံထဲတွင် မကျေနပ်မှုများ အတိုင်းသား ပါဝင်နေသည်။

ရန်လင်းက ခေါင်းငုံ့ပြီး ခေတ္တမျှ တိတ်ဆိတ်သွားသည်။ ထို့နောက် ခေါင်းပြန်မော့ကာ ကျိုးကန်းနတ်ဘုရား ပုံရိပ်ကို စိုက်ကြည့်လိုက်သည်။

“ မင်းကို အကြွေးတစ်ခု ပြန်ဆပ်မယ်။ ငါ မဟာကမ္ဘာကြီးကို ပြန်ရောက်တဲ့အခါ စည်း

မကျော်သရွေ့ မင်းခိုင်းတာတစ်ခု ငါ ပြန်လုပ်ပေးမယ်…”

ရန်လင်း၏ ကမ်းလှမ်းချက်က ကျီးကန်း နတ်ဘုရားကို တိတ်ဆိတ် သွားစေသည်။ ဤ သဘောတူညီချက်က ပြုလုပ်ရန် ထိုက်တန်လား၊ မထိုက်တန်လား ဆိုသည်ကို တွေးတောနေပုံ ရသည်။

ခဏအကြာ နောက်ဆုံး၌ ဆုံးဖြတ်ချက် တစ်ခု ချလိုက်ပုံပင်….

“ ငြင်းတယ်… မင်း အရင်က အစစ်မှန်နတ်ဘုရား ဒါမှမဟုတ် ဒီထက်ပိုပြီး အစွမ်းထက်တဲ့ သက်ရှိ

ဖြစ်ကောင်း ဖြစ်ခဲ့နိုင်ပေမယ့် အခုလက်ရှိ မင်းမှာ ဘာကျင့်ကြံခြင်းမှ မရှိတော့ဘူး။ ဒီလိုမျိုး နိယာမ မပြည့်စုံတဲ့ ကမ္ဘာမှာ နေတာတောင် မင်းရဲ့ကျင့်ကြံမှု အခြေခံ နည်းနည်းလေးမှ မရှိတာ သေချာနေတာပဲ “

“ ဒါကြောင့် မင်းခန္ဓာကိုယ်က တစ်ခုခု ဖြစ်ရင်ဖြစ် ဒါမှမဟုတ် မင်းရဲ့ ကျင့်ကြံခြင်း အခြေခံက တစ်ခုခု မှားယွင်းနေပြီဆိုတာ သက်သေ ပြနေတာပဲလေ”

“ မင်း ခန္ဓာကိုယ်ထဲမှာ ဘာအမှားပဲ ရှိရှိ အခုလက်ရှိ မင်းရဲ့အခြေအနေ အရဆို မင်းရဲ့အရင် တိုက်ခိုက်ရေး အဆင့်ကို ပြန်ရနိုင်တဲ့ ဖြစ်နိုင်ချေက

သုံ့ညပဲ ။ မင်းသာ အထွတ်အထိပ် အခြေအနေမှာ ရှိနေရင် မင်းပြောတဲ့ ညှိနှိုင်းမှုကို တစ်ချက်တောင် မတွေ့ဝေဘဲ ငါ သဘောတူလိုက်မိမှာ ။ အခုတော့ မင်းရဲ့ကျေးဇူးက ငါ့အတွက် စာမဖွဲ့လောက်ဘူး…”

“ မျက်လုံးတစ်ရာ ကျီးကန်းနက် ငါ့ရဲ့ တောင်းဆိုမှုကို ငြင်းရင် ဒီကျောက်စရစ်ခဲ ကမ္ဘာကို မင်း ဘယ်တော့မှ နောက်တစ်ကြိမ် ပြန် မရောက်တော့ဘူး ”

ရန်လင်းက ကျီးကန်းနတ်ဘုရား၏ မျိုးနွယ်စု နာမည်ကို တိုက်ရိုက် ခေါ်လိုက်သည်။ သူက ထို

မျိုးနွယ်စုအကြောင်း ကောင်းကောင်း သိနေသည်မှာ အထင်အရှားပင်....

“ မင်းငါ့ကို ခြိမ်းခြောက် နေတာလား... ”

ကြားခံပစ္စည်း လုံး၀ ညစ်ညမ်းသွားသည်နှင့် သူ၏ ကျီးကန်းနတ်ဘုရား ပုံရိပ် အဖျက်ဆီး ခံရမည်ကို သူသိနေ၏။

အကယ်၍ ရန်လင်း၏ လက်ထဲ ကြားခံပစ္စည်း ရောက်သွားပါက ကျီးကန်းနတ်ဘုရား၏ စိတ်ဆန္ဒနှင့် မျက်လုံးကို လုံး၀ အဆက်အသွယ် ဖြတ်ပစ်လိမ့်မည်။

ကျိုးကန်း နတ်ဘုရားသည် ကြားခံ ပစ္စည်း မရှိပါက ဤကမ္ဘာတွင် သူ၏ ပုံရိပ်ကို နောက်တစ်ကြိမ် ထုတ်ဖော်ရန် မဖြစ်နိုင်သလောက် ဖြစ်နေသည်။

“ မင်း သေသေချာချာ စဉ်းစားဖို့ လိုပြီ...”

ရန်လင်း လေသံက အေးဆေး တည်ငြိမ်နေ၏။

“ ငါ တွေးပြီးပြီ... ဆုံးလည်း ဆုံးဖြတ်ပြီးပြီ”

ကျိုးကန်းနတ်ဘုရား ပုံရိပ်က ဒေါသတကြီး တုံ့ပြန်လာသည်။

“ မင်းတို့ အားလုံး ငရဲသွားလိုက်......”

ရာပေါင်းများစွာသော အနက်ရောင် အမျှင်များက ဒေါသတကြီး ထွက်ကျလာ၏။ ထိုအရာများသည် လင်းဟွမ်နှင့် ရန်လင်းထံ ပျံသန်းလာသည်။

လင်းဟွမ် မတုံ့ပြန်နိုင်ခင် အမြီးကိုးချောင်း လင့်ကြောင်မြီးတိုက သူ့ကို အနိမ့်အမြင့် ဒိုင်မေးရှင်းထဲ ဆွဲထည့်လိုက်သည်။ လင်းဟွမ်နှင့် အမြီးကိုးချောင်း လင့်ကြောင်မြီးတိုတို့ ပျောက်ကွယ်သွားသည့် အချိန်မှာပင် သူတို့ရပ်ခဲ့သော

နေရာကို အနက်ရောင်ချည်မျှင် နှစ်ချောင်းက ဖြတ်သန်းသွားသည်။

လင်းဟွမ်သည် မှုန်ကုပ်ကုပ် ဖြစ်နေသော မျက်နှာအမူအရာနှင့် အနိမ့်အမြင့် ဒိုင်မေးရှင်းထဲက ကြည့်နေသည်။

"ဘာဖြစ်လို့ ငါ့ကို တိုက်ခိုက်တာလဲ။ ငါက သူနဲ့ တစ်ဖွဲ့တည်း မဟုတ်လေ"

" သူ့အတွက် စိတ်ချရအောင် လုပ်တာ ဖြစ်မှာပေါ့ … အခြေအနေကို ချိန်ဆပြီး ကြည့်လိုက်ရင် ငါတို့က

ရန်လင်း ဟုန်ကျန်းတို့နဲ့ တစ်ဖက်တည်းလို ဖြစ်နေတယ် ”

လင်းဟွမ်၏ အကျီလက်စအောက်မှ သွေးရဲရဲလေးက ရှင်းပြလိုက်သည်။

“ချီး…”

“ နတ်ဘုရား ကောင်းချီးအဖွဲ့က ကျန်တဲ့လူတွေကို မတိုက်ခိုက်ခဲ့ဘူး… ရန်လင်းနဲ့ ဟုန်ကျန်းက သူ့အတွက် ပြဿနာပဲ…”

လင်းဟွမ်သည် ကျီးကန်း နတ်ဘုရားက နတ်ဘုရားကောင်းချီးအဖွဲ့မှ လူများကို မတိုက်ခိုက်ခဲ့ကြောင်း သိလိုက်သောအခါ ရယ်ရမလား၊ ငိုရမလား ဆိုသည်ကိုပင် မသိတော့ချေ။

ဤတိုက်ပွဲကို နတ်ဘုရား ကောင်းချီးအဖွဲ့မှ လူများ စတင်ခဲ့ကြောင်း သိထားရမည်။ သို့သော်လည်း ကျီးကန်းနတ်ဘုရားက သူတို့ကို လုံးဝ လျစ်လျူရှုထား၏။

အစောပိုင်းတွင် ရန်လင်း၏ စကားများက စည်းကျော် သွားခဲ့ပြီဖြစ်ပြီး လင်းဟွမ်ကိုပင် ပြဿနာထဲ ဆွဲထည့်ခဲ့သည်။

လင်းဟွမ်က ကျီးကန်းနတ်ဘုရား၏ တိုက်ခိုက်မှုကို ရှောင်တိမ်း နိုင်ခဲ့သော်လည်း ရန်လင်းနှင့် ကျန်သည့်လူများ မပါဝင်ပေ။ သူတို့ကို ကြည့်ရသည်မှာ အစကတည်းက ရှောင်တိမ်းရန် အစီအစဉ် မရှိပုံပင်....

နတ်ဘုရားတစ်ပိုင်း (၁၈) ယောက်သည် ရှေ့သို့ ခြေတစ်လှမ်း တိုးလာပြီး ရန်လင်းနှင့်

ဟုန်ကျန်းတို့ကို သူတို့နောက်တွင် ထားကာ ကာကွယ်ထားလိုက်သည်။ ထို့နောက် သူတို့၏ နတ်ဘုရား စွမ်းအားများကို တိုက်ရိုက် အသက်သွင်းလိုက်ကြသည်။

အနက်ရောင်အမျှင်များ ရောက်လာသည့် အချိန်တွင် နတ်ဘုရားခေတ်ကြွင်း (၁၀) ခုက အရောင်အသွေးမျိုးစုံ လင်းလက် တောက်ပလာခဲ့ပြီ။

တစ်ချိန်တည်းမှာပင် အလင်းအရောင်များ ဖြာထွက်လာပြီး သူတို့ပေါ်တွင် သံချပ်ကာများ ဖြစ်ပေါ်လာ၏။

လင်းဟွမ်သည် နတ်ဘုရားတစ်ပိုင်း (၁၀) ယောက်လုံးက အထွတ်အထိပ် နတ်ဘုရား တစ်ပိုင်းအဆင့်တွင် ရှိနေကြောင်း သိလိုက်ရသောအခါ လုံး၀ အံ့အားသင့်သွားသည်။

“ သောက်ကျိုးနည်း… ရန်လင်းက စောက်ရမ်း ချမ်းသာတာပဲ… သူ့မှာ နတ်ဘုရားတစ်ပိုင်း အထွတ်အထိပ်အဆင့် (၁၀) ယောက်နဲ့ နတ်ဘုရားခေတ်ကြွင်း အခု (၂၀) တောင် ရှိတယ်။ တကယ့်ကို ဆူဖြိုးတဲ့ ၀ေလငါးကြီးပဲ ”

ထုံးစံအတိုင်း လင်းဟွမ်က အနိမ့်အမြင့် ဒိုင်မေးရှင်းထဲတွင် ရှိနေသော လင်းဟွမ်၏စကားကို ရန်လင်းက မကြားလိုက်ပေ။

မကြာခင် အနက်ရောင်အမျှင်များက ငြိမ်သက် သမုဒ္ဒရာထက်တွင် ရှိနေသော နတ်ဘုရားတစ်ပိုင်း အထွတ်အထိပ်အဆင့် ရုပ်သေးရုပ် (၁၀) ကောင်၏ လက်ထဲမှ နတ်ဘုရား ဓါတ်ကြွင်းများနှင့် တိုက်မိ သွားသည်။

မှောင်မိုက်နေသော ညကောင်းကင်ယံကြီးတွင် နေလုံး ရာပေါင်းများစွာ ပေါ်လာသကဲ့သို့

လင်းထိန်းသွား၏။ မီတာ ထောင်ပေါင်းများစွာ အတွင်းရှိ နေရာတစ်ခုလုံးကိုပင် နေ့ဘက်အလား လင်းထိန် သွားစေသည်။ သက်ရောက်မှုကြောင့် အနီရောင် သမ်းလာပြီးနောက် နတ်ဘုရား စွမ်းအားများက ရုတ်တရက် ပျံ့နှံ့သွားသည်။

ငြိမ်သက် သမုဒ္ဒရာတစ်ခုလုံးတွင် အဆုံးမရှိသော လှိုင်းလုံးကြီးများနှင့် ပြည့်နှက်သွားသည်။ ပင်လယ်ပြင် ရေမျက်နှာပြင် မီတာတစ်ထောင် အကွာအဝေး အတွင်းက မရေမတွက်နိုင်သော

မွန်းစတားများသည် တစ်ခါတည်း ခြေမွ ဖျက်ဆီးခံလိုက်ရသည်။

အင်ပါယာအဆင့် အထက်ရှိသော မွန်းစတားအနည်းစုသာ ဒဏ်ရာရပြီး ပင်လယ်ရေအောက်သို့ အသက်ကို ဖက်နဲ့ထုတ်၍ ထွက်ပြေးနိုင်ခဲ့ကြသည်။

မကြာခင် ငြိမ်သက် သမုဒ္ဒရာကြီးသည် အနီရောင် သမ်းသွားပြီး မျက်စိ တစ်မှိတ်အတွင်းမှာပင် သွေးပင်လယ်ကြီး ဖြစ်သွားခဲ့ပြီ ။

ကီလိုမီတာ (၂၀) အကွာအဝေးတွင် ရှိနေသော နတ်ဘုရားတစ်ပိုင်း လေသဘော်ကြီးသည်

လျှောင်လှုပ်သကဲ့သို့ တဝုန်းဝုန်း တုန်ခါသွားပြီး ရောမလေးသင်္ဘောကြီး၏ ကုန်ပတ်ပေါ်က စင်ပေါ်တွင် မရေမတွက် နိုင်သော ရေတံခွန်များ စီးကျလာသကဲ့သို့ တုန်ခါသွား၏။ ထို့နောက် ချာချာလည် သွားသည်။

တိုက်ပွဲ ဖြစ်နေကြသော ခရမ်းရောင်ကျီးကန်း အဖွဲ့အစည်းမှ နတ်ဘုရား တစ်ပိုင်းများနှင့် နတ်ဘုရား ကောင်းချီးအဖွဲ့မှ နတ်ဘုရား တစ်ပိုင်းများသည် တိုက်ပွဲကို တစ်ဝက်တစ်ပျက်နှင့် ရပ်တန့် လိုက်ကြသည်။

သူတို့သည် ကျီးကန်း နတ်ဘုရားနှင့် ရန်လင်းတို့ဘက်မှ ထွက်ပေါ်လာသော နတ်ဘုရားစွမ်းအား၏ သက်ရောက်မှုကို တောင့်ခံနိုင်ရန် အကာအကွယ် အလွှာကို ချက်ချင်း ထုတ်ပြီး တောင့်ခံလိုက်ကြသည်။

" အတုယောင် နတ်ဘုရားအဆင့်တွေ တိုက်ခိုက်ရင် ဒီလိုပေါ့....."

လင်းဟွမ်သည် ထွက်ပေါ်လာသော စွမ်းအားကို ကြည့်ပြီး မနေနိုင်ဘဲ အော်ပြောလိုက်သည်။

"ကြောက်စရာ ကောင်းလိုက်တာ..."

“ မင်း အကောင်တွေက နတ်ဘုရားစွမ်းအား ဘယ်လောက်များများနဲ့ ထိုးနိုင်မလဲ ဆိုတာ ငါ ကြည့်ချင်သေးတယ်...”

ကျီးကန်း နတ်ဘုရား ပုံရိပ်၏အသံက မကြာခင် ပျံ့နှံ့လာ၏။ လင်းဟွမ်သည် တောက်ပနေသော အနီရောင် အလင်းများကြောင့် တိုက်ပွဲထဲက အဖြစ်အပျက်ကို မမြင်ရပေ။ သို့သော်လည်း ကျီးကန်းနတ်ဘုရား ပြောလိုက်သည့် စကားအရ ပထမဦးဆုံး တိုက်ခိုက်မှုက သူလိုချင်သော ရလဒ်ကို မရခဲ့ကြောင်း သိလိုက်သည်။

အနက်ရောင်ပုံရိပ်မှ ရာနှင့်ချီသော အနက်ရောင် အမျှင်များ ထွက်လာသည်။ ဤတစ်ကြိမ်တွင် အရေအတွက် ပိုများရုံသာမက တိုက်ခိုက်မှု အရှိန်ကလည်း ပို၍ မြန်ဆန်လာ၏။ ဤတစ်ကြိမ်တွင်မူ ကျီးကန်း နတ်ဘုရားက အနိမ့်အမြင့် ဒိုင်မေးရှင်းထဲတွင် ပုန်းအောင်းနေသော လင်းဟွမ်နှင့် အမြီးကိုးချောင်း လင့်ကြောင်မြီးတိုကို လျစ်လျူရှုထားသည်။

ရန်လင်းနှင့် သူ့အဖွဲ့က အဓိကပစ်မှတ် ဖြစ်သည်မှာ အထင်အရှားပင် ။

ကျီးကန်းနတ်ဘုရား စကားပြောပြီးသည့် အချိန်မှာပင် အနက်ရောင် အမှုန်များက နတ်ဘုရားတစ်ပိုင်း အထွတ်အထိပ်အဆင့် (၁၀) ယောက်ဘေးနားတွင် လှည့်ပတ်ကပြ နေသည်။

နတ်ဘုရားတစ်ပိုင်း (၁၀) ယောက်ကလည်း သူတို့၏ သံချပ်ကထဲသို့ နတ်ဘုရားစွမ်းအားများ ထည့်သွင်းလိုက်ကြသည်။

သူတို့က အကြောက်အရွံ့ မရှိဘဲ နတ်ဘုရား ဓါတ်ကွင်းများကို ကိုင်ဆွဲ၍ ပြေးဝင် တိုက်ခိုက်ကြပြန်သည်။

## အခန်း(၁,၀၀၇) - လင်းဟွမ်၏ ဝင်ရောက်စွက်ဖက်မှု

နတ်ဘုရားတစ်ပိုင်း ဆယ်ယောက်နှင့် ကျီးကန်းနတ်ဘုရား ထိပ်တိုက် တိုက်ခိုက်နေသော တိုက်ပွဲသည် ငြိမ်သက်ခြင်း သမုဒ္ဒရာပေါ်ကို မရေတွက်နိုင်သော ချူကာလီးယားဗုံးများ အဆက်မပြတ် ဖောက်ခွဲနေသကဲ့သို့ ကမ္ဘာပျက်သည့်အလား ဆူညံ ပေါက်ကွဲနေ၏။ စူးရှတောက်ပနေသော အနီရောင် အလင်းများကြောင့်

သမုဒ္ဒရာတစ်ခုလုံးက နေ့ခင်းဘက်ကဲ့သို့ လင်းထိန်နေသည်။

ငြိမ်သက် သမုဒ္ဒရာထဲက မရေမတွက်နိုင်သော သက်ရှိပေါင်း များစွာသည် ထိခိုက်ပျက်စီးပြီး သေဆုံးသွားကာ သမုဒ္ဒရာတစ်ခုလုံး နီရဲနေသည်။ ပင်လယ်ရေသည် အဝတ်လျှော်စက်အား အဆတစ်ရာ ပိုမြန်စေသော (turbo mood) ဖွင့်ထားသကဲ့သို့ အဆက်မပြတ် လည်နေသည်။

အဆုံးမရှိသော သမုဒ္ဒရာ လှိုင်းလုံးကြီးများကလည်း ရေတံခွန်မှ ရေစီးကျ နေသကဲ့သို့ တဝုန်းဝုန်း ရိုက်ခတ်နေကြသည်။

မြင့်မားသော အပူချိန်အောက်တွင် ရေများ အငွေ့ပျံနေပြီး ငြိမ်သက် သမုဒ္ဒရာ၏ ပင်လယ်ရေ မျက်နှာပြင်သည် စိုးရိမ်စရာကောင်းသော နှုန်းနှင့် လျော့ကျလာသည်။

ခရမ်းရောင်ကျီးကန်း အဖွဲ့နှင့် နတ်ဘုရားကောင်းချီး အဖွဲ့တို့ကြားမှ တိုက်ပွဲသည်

ထိုနေရာနှင့် (၁၀) ကီလိုမီတာ ဝေးသောနေရာသို့ ပြောင်းရွှေ့သွား၏။

ထိုနေရာတွင် ရန်လင်းနှင့်အဖွဲ့ ၊ ကျီးကန်း နတ်ဘုရား ပုံရိပ်၊ လင်းဟွမ်၊ သွေးရဲရဲလေး ၊ အမြီး ကိုးချောင်း လင့်ကြောင်မြီးတို တို့နှင့် တိုက်ခိုက်ရေးအဆင့် မြင့်တက်လျက် ရှိနေသော ရှောင်မိုတို့သာ ကျန်ရစ်ခဲ့သည်။

သူတို့က တိုက်ပွဲအလယ်တွင် ရှိနေသော်လည်း ကျီးကန်း နတ်ဘုရား ပုံရိပ်က ရှောင်မို၏ အသွင်ပြောင်းလဲခြင်း ဖြစ်စဉ်ကို မရပ်တန့်ခဲ့ပေ။

အနက်ရောင် မြူခိုးများက ရှောင်မို၏ ပါးစပ်နှင့် နှာခေါင်းထဲကို အဆက်မပြတ် ထိုးဖောက် ဝင်ရောက်နေ၏။ ရှောင်မို၏ တိုက်ခိုက်ရေး အဆင့်သည် အဖြူရောင် မီးလျှံအဆင့်မှ အင်ပါယာအဆင့်ထိ မြင့်တက် လာခဲ့သည်။

မကြာခင် သူ၏အဆင့် မြင့်တက်မှုနှုန်းက သိသိသာသာ နှေးကွေး လာသည်။ ကျီးကန်းနတ်ဘုရား တိုက်ပွဲ ဝင်နေ၍လား၊ ရှောင်မိုက အင်ပါယာအဆင့် ရောက်သွား၍လား ဆိုသည်ကို မည်သူမျှ မသိကြပေ။

စက္ကန့် အနည်းငယ် အတွင်းမှာပင် ကျီးကန်းနတ်ဘုရား ပုံရိပ်နှင့် နတ်ဘုရားတစ်ပိုင်း ဆယ်ယောက်တို့သည် အကြိမ်ပေါင်း ရာကျော် တိုက်ခိုက် ခဲ့ကြသည်။ သို့သော်လည်း နတ်ဘုရားတစ်ပိုင်း ဆယ်ယောက်၏ နတ်ဘုရား စွမ်းအားများက ကုန်ဆုံးခြင်း မရှိသေးချေ။

လင်းဟွမ်အတွက်ပင် တော်တော်လေး ထူးဆန်းနေ၏။

သီအိုရီအရ နတ်ဘုရားတစ်ပိုင်းများသည် သူတို့ ခန္ဓာကိုယ်ထဲတွင် နတ်ဘုရား စွမ်းအားများကို

မဖော်ထုတ်နိုင်ပေ။ သူတို့ အသုံးပြုလိုက်သည်နှင့် တစ်ပြိုင်နက် သူတို့ ခန္ဓာကိုယ်ထဲက နတ်ဘုရား စွမ်းအားများ လျော့နည်း လာလိမ့်မည်။

ထုံးစံအတိုင်း ကျီးကန်း နတ်ဘုရားကလည်း ထိုအချက်ကို သတိထားမိသည်။ သို့သော်လည်း တိုက်ခိုက်ခြင်းကို ရပ်တန့်မည့် အစီအစဉ် မရှိပေ။

“ ဒီ နတ်ဘုရားတစ်ပိုင်း ရပ်သေးရပ်တွေ ခန္ဓာကိုယ်ထဲက နတ်ဘုရားစွမ်းအားက မကုန်နိုင်ဘူး.. မင်းကိုယ်တိုင် အတွေ့အကြုံ ရစေချင်လို့ အစောပိုင်းက မပြောလိုက်မိတာ”

နတ်ဘုရားတစ်ပိုင်း ရုပ်သေးရုပ်များ နောက်ကွယ်မှ ရန်လင်း၏ အသံက ထွက်ပေါ်လာခြင်းပင် ။

" မင်းကလည်း လက်တွေ့ကြုံမှ ယုံမယ့် လူမျိုးလေ."

ကျီးကန်း နတ်ဘုရားက နှာခေါင်းတစ်ချက် ရှုံ့လိုက်သော်လည်း တိုက်ခိုက်မှုကို နှေးကွေးလိုက်ခြင်း လုံးဝ မရှိပေ။

“ ဒီ နတ်ဘုရားတစ်ပိုင်း ရုပ်သေးရုပ်တွေက ခန္ဓာကိုယ်ထဲကနေ နတ်ဘုရားစွမ်းအား ဘယ်လောက်များများ ထုတ်နိုင်လဲ မင်းသိလား..”

ရန်လင်း၏ အသံက နောက်တစ်ကြိမ် ပေါ်လာသည်။

“ ဘာဖြစ်လို့လဲဆိုတော့ သူတို့ရဲ့ ခန္ဓာကိုယ်ထဲမှာ အစစ်အမှန် နတ်ဘုရားရဲ့ နတ်ဘုရားမီးလျှံ တပ်ဆင်ထားလို့ပဲ။ ဒီနတ်ဘုရား စွမ်းအားက သူတို့ခန္ဓာကိုယ်နဲ့ တစ်သားတည်း ကျနေဆိုတော့ ဘယ်တော့မှ မကုန်နိုင်ဘူး.. ”

“ မင်း လိမ်နေတာ.. .. အစစ်အမှန် နတ်ဘုရားက နတ်မီးလျှံ ထုတ်ပေးချင်စိတ် မရှိနိုင်ဘူးကွ.....”

နောက်ဆုံးတွင် ကျီးကန်း နတ်ဘုရားက တုံ့ပြန်လာ၏။

“ နတ်ဘုရားမီးလျှံကို ငါကိုယ်တိုင် လုပ်တယ် ဆိုရင်ရော မင်း ဘာပြောမလဲ..”

ရန်လင်းက မေးလိုက်သည်။

ထိုအချိန်တွင် ကျီးကန်းနတ်ဘုရား တိတ်ဆိတ်သွား၏။

“ ငါက နတ်ဘုရားမီးလျှံနဲ့ နတ်ဘုရားဦးခေါင်းတွေကို နှစ်ရာပေါင်းများစွာ အချိန်ပေးပြီး လေ့လာခဲ့တာ။ ခုတော့လည်း နှစ်ပေါင်းတစ်ရာကျော် ပေးဆပ်ခဲ့ပြီးချိန်မှာ နတ်ဘုရားမျိုးစေ့ကို ဖန်တီးနိုင်ခဲ့ပြီပေါ့ကွာ။ နတ်ဘုရားမျိုးစေ့နဲ့ ပေါင်းစည်းနိုင်မယ့် နည်းလမ်းကိုလည်း ငါ ရှာဖွေနေတုန်းပဲ.... ကံဆိုးတာက နတ်ဘုရားဦးခေါင်း လေ့လာတဲ့ နေရာမှာ မအောင်မြင် သေးတာပဲ။ ဒီလိုမှမဟုတ်ရင် ဒီနေ့ နတ်ဘုရားတစ်ပိုင်းတွေ ပိုများနေအုံးမှာ ”

ရန်လင်းက ပြုံးနေသည့် ဟန်အမူအရာနှင့် ရှင်းပြလိုက်သည်။

“ လက်လျော့လိုက်။ ဒီရုပ်သေးရုပ်တွေရဲ့ ခန္ဓာကိုယ်ထဲက နတ်ဘုရားစွမ်းအား ထုတ်နိုင်တဲ့အရှိန်က အစစ်အမှန် နတ်ဘုရားနဲ့ အတူတူပဲ ။ သူတို့ ခန္ဓာကိုယ်ထဲက နတ်ဘုရားစွမ်းအားတွေ ကုန်သွားပြီး အရှုံးပေးဖို့ဆိုတာ ဘယ်လိုမှ မဖြစ်နိုင်ဘူး”

ရန်လင်းက ကြီးကန်းနတ်ဘုရားကို ဆက်လက် အကြံပေးနေ၏။

" ငါ့ အပေးအယူကို လက်ခံလိုက်စမ်းပါ။ မင်းမျက်လုံးကို ပေးလိုက်တာနဲ့ မင်းရဲ့ ကျီးကန်းနတ်ဘုရား ပွဲတော်ကြီးကို အောင်မြင်သွားအောင် အညစ်အကြေးတွေကို ချက်ချင်း ဖယ်ရှားပေးမယ်...."

ကျီးကန်း နတ်ဘုရားသည် ခေါင်းလှည့်၍ စုံထောက်မျက်လုံးကို လှမ်းကြည့်လိုက်သောအခါ အနက်ရောင် မြူခိုးများက (၈၀) ရာခိုင်နှုန်းခန့် ဖုံးအုပ်နေ၏ ။ မဖုံးအုပ်သော အစိတ်အပိုင်းက အနည်းငယ်မျှသာ ကျန်တော့သည်။

“ မင်းအချိန်တွေက အကုန်မြန်တယ်နော်....”

ရန်လင်းက စုံထောက်မျက်လုံး ရှိရာဘက်သို့ လှမ်းကြည့်ပြီးနောက် သူ့အင်ပါယာ နှလုံးသား လက်စွပ်ပေါ်က နာရီကို ငုံ့ကြည့်လိုက်သည်။

“ ဒီ အခြေအနေ အတိုင်းဆို အများဆုံး စက္ကန့် (၃၀) လောက်မှာ မျက်လုံးက လုံးဝ ညစ်ညမ်း သွားလိမ့်မယ်။ မင်းရဲ့ ကျိုးကန်းဝိညာဉ်တော် အသွင်းပြောင်းမှုလည်း အောင်မြင်မှာ မဟုတ်ဘူး။ မျက်လုံး ညစ်ညမ်းသွားရင် ဒီကမ္ဘာနဲ့မင်း လုံးဝ အဆက်အသွယ် ပြတ်သွားမှာနော် ”

"တကယ်လား.."

ကျီးကန်းနတ်ဘုရား ပုံရိပ်က ရုတ်တရက် အော်ရယ် လိုက်သည်။ ကြက်သွေးရောင် မျက်လုံးများ၏ အကြည့်က ရန်လင်းထံမှ ပြောင်းပြီး ဟုန်ကျန်းဆီ ရောက်သွားသည်။

" ဒီမိန်းမက မင်းအတွက် အရမ်းအရေးကြီးတယ် မဟုတ်လား.. "

" မင်း ဘာလုပ်ဖို့ ကြိုးစားနေတာလဲ.."

ရန်လင်း အနည်းငယ် မျက်မှောင် ကြုတ်သွား၏။

“မင်း ငါနဲ့ လှည့်ကွက်တွေ အရမ်း ကစားချင်နေတာ မဟုတ်လား...”

ကျိုးကန်းနတ်ဘုရား ပုံရိပ်က ပြောလိုက်သည်နှင့် တပြိုင်နက် အနက်ရောင်ဆံခြည်မျှင် တစ်ချောင်းက ဟုန်ကျန်း၏ လည်ပင်းပေါ်တွင် အလိုလို ပေါ်လာသည်။ လည်ပင်း ရစ်ပတ်နေသော အနက်ရောင် ချည်မျှင်က တင်းသွားပြီး သူမ အရေပြားထဲ အနည်းငယ် စိမ့်ဝင်ကာ ဒဏ်ရာ ရသွား၏ ။

အစောပိုင်းက တိုက်ပွဲထဲတွင် ကျီးကန်းနတ်ဘုရား ပုံရိပ်က အနက်ရောင်ချည်မျှင်ကို ဖုံးကွယ်ထားခဲ့သည်။ အောင်ရာကို သိသိသာသာ ဖုံးထားသည့်အပြင် သဲလွန်စ လမ်းကြောင်းကိုလည်း ဖျောက်ထားခဲ့သည်။

“ ဒီမိန်းမကို အသက်ရှင်စေချင်ရင် မျက်လုံးထဲက ညစ်ညမ်းမှုကို ဖယ်လိုက်… ”

ကျီးကန်းနတ်ဘုရား ပုံရိပ်က ဗီလိန်ဆန်စွာ အောင်ရယ်ပြီး ပြောလိုက်သည်။

“ မင်းက အစစ်အမှန် နတ်ဘုရားတစ်ပါးပဲ။ ဒါတောင် ငါ့ကို သာမန်လူသား အမျိုးသမီးတစ်ယောက်နဲ့ ခြိမ်းခြောက် နေတာလား။ ဒါ မှန်တယ်လို့ မင်း ထင်နေတာလား..”

ရန်လင်းက ဝေဖန်ရှုံ့ချလိုက်၏။

“ ပေါက်ကရ စကားတွေ တော်စမ်း..... မင်းသူ့ကို သေစေချင်လား၊ ရှင်စေချင်လား..”

ဟုန်ကျန်း လည်ပင်းပေါ်ရှိ အနက်ရောင်အမှျင်က ပိုမို တင်းကျပ်လာချိန်တွင်

“ လွှတ်ပေးလိုက်.. .. ငါ့စကား ငါတည်တယ်..”

ရန်လင်း မျက်မှောင်ကြုတ်သွားပြီး ခေတ္တမျှ တိတ်ဆိတ်သွားသည်။ နောက်ဆုံးတွင် စိတ်ထဲ၌ ဆုံးဖြတ်ချက်ချ လိုက်သည်။

“မပေးနဲ့..”

ဟုန်ကျန်းက ရန်လင်းကို လှည့်ကြည့်ပြီး ခေါင်းခါပြသည်။

“ မင်း တိတ်တိတ်လေးနေတာ ပိုကောင်းမယ် အမျိုးသမီး..”

ကျီးကန်းနတ်ဘုရား ပုံရိပ်က ဟုန်ကျန်း လည်ပင်းပေါ်က ချည်မျှင်ကို ပို၍ တင်းကျပ်သည်ထက် တင်းကျပ်လာအောင် လုပ်လိုက်ချိန်တွင်.....

ဟုန်ကျန်း လည်ပင်းသည် ပြတ်ရှပြီး သွေးများ စီးကျလာ၏။

ထို့နောက် ကျီးကန်းနတ်ဘုရား ပုံရိပ်က ရန်လင်းကို ကြည့်လိုက်ပြီး....

“ ညစ်ညမ်းမှုကို ဖယ်ရှားပေး.. ပြီးတာနဲ့ ငါ လွှတ်ပေးမယ်..”

“ မင်းကို မယုံဘူး.. သူ့ကို အရင်လွှတ်ပေး“

“ အခု ငါက ယုံရလား၊ မယုံရဘူးလား ဆိုတာ မင်း ရွေးချယ်ရမယ့်အချိန် မဟုတ်ဘူး ”

ကျီးကန်းနတ်ဘုရား ပုံရိပ်က ပြုံးလိုက်ပြီး

“ မင်းမှာ နောက်ထပ် ရွေးချယ်ခွင့် မရှိဘူး..”

“ ကောင်းပြီလေ.. မင်းပေးထားတဲ့ ကတိ မင်းတည်မယ်လို့ မျှော်လင့်ပါတယ်....”

နောက်ဆုံး၌ ရန်လင်းသည် အပေးအယူလုပ်ရန် ဆုံးဖြတ်လိုက်ပုံပင် ။

မကြာခင် လေးတစ်ချောင်း ကိုင်ဆောင်ထားသော နတ်ဘုရားတစ်ပိုင်း ရုပ်သေးရုပ် တစ်ရုပ်သည် ရုပ်သေးရုပ် ဆယ်ရုပ်ကြားထဲမှ ရှေ့ထွက်လာသည်။ အစောပိုင်းက မျက်လုံးကို ညစ်ညမ်းသွားအောင် မြွားပစ်ခဲ့သည့်သူ ဖြစ်ကြောင်း ထင်ရှားနေ၏။ နောက်တစ်စက္ကန့်တွင် ဖျတ်ခနဲ လှုပ်ရှားပြီး လေသဘော် အထက်က မျက်လုံးဘေးတွင် ပေါ်လာကာ သူ့လက်ထဲမှ လေးနှင့် မျက်လုံးကို ထိလိုက်သည်။

မျက်လုံး၏ (၈၀) ရာခိုင်နှုန်းခန့်ကို သိမ်းပိုက်ထားသော အနက်ရောင် မြူခိုးများသည် နတ်ဘုရားတစ်ပိုင်း လက်ထဲက လေးထဲသို့ ဖြည်းဖြည်းချင်း ပြန်စီးဝင်လာသည်။

အနီမှိုအမြင့် ဒိုင်မေးရှင်းထဲတွင် လင်းဟွမ်သည် ထိုမြင်ကွင်းကို မြင်လိုက်လျှင် မျက်ခုံးပင့်သွားပြီး အမြီးကိုးချောင်း လင့်ကြောင်မြီးတိုကို မေးလိုက်သည်။

“ ဒီ အမျှင်ကို မင်း ဖြတ်နိုင်လား”

“ နည်းနည်းတော့ အားစိုက်ရပေမယ့် လုပ်လို့ ရနိုင်လောက်တယ်..”

အမြီးကိုးချောင်း လင့်ကြောင်မြီးတိုက အတည် ပြုလိုက်သည်။

“ ဒါဆိုလည်း ဟုန်ကျန်း လည်ပင်းပေါ်က ချည်မျှင်ကို ဖြတ်ပေးလိုက်..”

လင်းဟွမ်က အမိန့်ပေးလိုက်သည်။

“ မင်း လုပ်ချင်တာ သေချာလား။ ဒီလိုလုပ်တဲ့ အခိပ္ပါယ်က တိုက်ပွဲထဲ ဝင်ပတ်သက်လိုက်ပြီလို့ ကြေငြာလိုက်တာပဲနော်”

အင်္ကျီလက်စအောက်မှ သွေးရဲရဲလေး၏ အသံက ထွက်ပေါ်လာသည်။

“ မစိုးရိမ်နဲ့.. ကျိုးကန်းနတ်ဘုရားမှာ ငါတို့အတွက် အချိန်မရှိဘူး.. ရန်လင်းက သူ့ကို အခွင့်ရေးပေးမှာ မဟုတ်ဘူး..”

လင်းဟွမ်က ပြုံးပြီး အာမခံလိုက်သည်။ နောက်ထပ် တစ်စက္ကန့်တွင် လင်းဟွမ် ပခုံးပေါ်မှ ကြောင်ဖြူလေးသည် ပျောက်ကွယ်သွား၏ ။

လင်းဟွမ်သည် ဟုန်ကျန်း လည်ပင်းပေါ်မှ အနက်ရောင်ချည်မျှင် ပြတ်တောက် သွားသည်ကို တွေ့ပြီးနောက် ကြောင်ဖြူလေးက သူ့ပခုံးပေါ် ပြန်ရောက်လာသည်။

ရန်လင်းသည် ခေတ္တမျှ အံ့အားသင့် သွားသော်လည်း ချက်ချင်း တုံ့ပြန်လိုက်သည်။ လေးနှင့် အသူရာ နတ်ဆိုးကျိန်စာကို စုပ်ယူနေသော

နတ်ဘုရားတစ်ပိုင်းကို ချက်ချင်း ပြန်ထိန်းချုပ်လိုက်သည်။ ရလဒ်အနေနှင့် နတ်ဆိုးကျိန်စာက မျက်လုံးကို နောက်တစ်ကြိမ် ညစ်ညမ်းလာစေ၏။

နတ်ဘုရားကျီးကန်း ပုံရိပ်လည်း ချက်ချင်း သတိထားမိသွားသည်။ မျက်လုံး ဆယ်လုံးသည် လင်းဟွမ်နှင့် လင့်ကြောင်မြှီတိုတို့ ပုန်းနေသောနေရာသို့ လှမ်းကြည့်လာသည်။

ကျီးကန်းနတ်ဘုရား ဒေါသ ပေါက်ကွဲသွားသည်မှာ သံသယရှိစရာ မလိုပေ။

## အခန်း(၁,၀၀၈) - စီးနင်းသူ

လင်းဟွမ်သည် ဟုန်ကျန်းနှင့် ရန်လင်းတို့ကို သိနေသောကြောင့် သူမကို ကယ်တင်ခဲ့ခြင်း မဟုတ်ပေ။ ကျီးကန်းနတ်ဘုရား၏ သိမ်းပိုက်မည့် အစီအစဉ် အောင်မြင်သွားပါက ရုပ်သေးရုပ် ဖြစ်သွားမည့် ရှောင်မိုကို မမြင်ချင်သောကြောင့် ထိုကဲ့သို့ ပြုလုပ်ခဲ့ခြင်း ဖြစ်သည် ။

ထို့အပြင် ကျီးကန်း နတ်ဘုရားက ဟုန်ကျန်းကို ခားစာခံလုပ်ပြီး ရန်လင်းအား ခြိမ်းခြောက်ခြင်းက

အရှက်မရှိဘူးဟု သူ ထင်မြင်မိသည်။ ထို့ကြောင့် မနေနိုင်ဘဲ တိုက်ပွဲတွင် ပါဝင်ခဲ့ခြင်း ပင် ။

ကျီးကန်းနတ်ဘုရား ပုံရိပ်ကို မကြောက်ရသည့် အနောက်ဆုံးအချက်မှာ အကယ်၍ မနိုင်ပါက ထွက်ပြေးနိုင်သေးသည်။ သူ့ထံတွင် ပြေးချင်စိတ် ရှိပါက အမြီးကိုးချောင်း လင့်ကြောင်မြီးတိုက အချိန်မရွေး ခေါ်ထုတ်ပေးနိုင်သည်။

နောက်ထပ် အကြောင်းအရင်း တစ်ခုမှာ ဟုန်ကျန်းက ဓါးစာခံ မဟုတ်တော့လျှင် ဒေါသထွက်နေသည့် ရန်လင်းက အသေအကြေ

တိုက်ခိုက်လိမ့်မည်။ ထို့အပြင် စုံထောက်မျက်လုံးကလည်း အပြည့်အဝ ညစ်ညမ်းသွားတော့မည် ဖြစ်သည်။ ထို့ကြောင့် ကျီးကန်းနတ်ဘုရားတွင် လင်းပွှမ်ကို ကိုင်တွယ်ရန် အချိန် လုံးဝ မရှိပေ။

မျှော်လင့်ထားသည့် အတိုင်းပင် ကျီးကန်းနတ်ဘုရား ပုံရိပ်က လင်းပွှမ်ကို မျက်လုံးနှင့် စိုက်ကြည့်ခဲ့ပြီး အနက်ရောင်အမျှင် ဆယ်ချောင်းကို လေးကိုင်ဆောင်ထားသော နတ်ဘုရားတစ်ပိုင်းထံ

ပစ်လွှတ်လိုက်သည်။ မျက်လုံးပေါ်က ကျိန်စာကို ဖယ်ရှားနိုင်ရန် တိုက်ပွဲဝင်လေးကို လိုချင်နေသည်။

ရန်လင်းက သတိထားမိပြီး ချက်ချင်း လုပ်ရှားလိုက်သည်။

နတ်ဘုရားတစ်ပိုင်း ရုပ်သေးရုပ်များက ကျီးကန်းနတ်ဘုရား ပုံရိပ်နှင့် ရှောင်မိုကို အဝေးမှ တိုက်ခိုက်လိုက်ကြသည်။

ကူကယ်ရာ မဲ့သွားသော ကျီးကန်း နတ်ဘုရားသည် အားစိုက်ထုတ်ပြီး ခံစစ်ဒိုင်းကိုသာ ဖွဲ့စည်းလိုက်ရ၏။

နှစ်ဖက်ကြားမှ တိုက်ပွဲက ပြန်လည်စတင်လာပြန်သည်။

ရန်လင်းက မည်သည့်နည်းစနစ်ကို အသုံးပြု၍ ဟုန်ကျန်းအား အဝေးပို့လိုက်လဲ ဆိုသည်ကို မည်သူမျှ မသိပေ။ ဤတိုက်ပွဲကို သူတစ်ယောက်တည်းသာ စောင့်ကြည့်လျက် ကျန်ရစ်ခဲ့တော့သည်။

ဤတစ်ခေါက် တိုက်ပွဲသည် ယခင်ကနှင့် လုံးဝ မတူတော့ပေ။ အစောပိုင်းက ဟုန်ကျန်းကို ကာကွယ်ရန်အတွက် နတ်ဘုရားတစ်ပိုင်း ဆယ်ယောက်သည် သူမရှေ့တွင် ပိတ်ရပ်

နေခဲ့ကြသည်။ တိုက်ခိုက်လျှင်ပင် အဝေးမှသာ တိုက်ခိုက်ကြရသည်။

သို့သော် နောက်တစ်ကြိမ် တိုက်ပွဲဖြစ်သည်နှင့် တပြိုင်နက် နတ်ဘုရားတစ်ပိုင်း ရုပ်သေးရုပ်နှစ်ရုပ်က ကျီးကန်းနတ်ဘုရား ပုံရိပ်နှင့် ရှောင်မိုတို့ထံ ပြေးဝင် တိုက်ခိုက်ကြသဖြင့်....

ကျီးကန်းနတ်ဘုရား ပုံရိပ်သည် ယခင်ကထက် ဖိအား ပိုများလာခဲ့၏။

နတ်ဘုရားတစ်ပိုင်း ရုပ်သေးရုပ်များနှင့် ကျီးကန်း နတ်ဘုရား ပုံရိပ်တို့ ထိပ်တိုက် တိုက်ခိုက်

ကြသောအခါ လေထဲတွင် အနီရောင် အလင်းများ ဖြာထွက်လာကြသည်။

ငြိမ်သက် သမုဒ္ဒရာအထက်မှ ကောင်းကင်နှင့် ရေတို့သည် နီရဲလာသည်။ ပျက်သုဉ်းခြင်းနေ့ကို ရောက်လာသကဲ့သို့ ဖြစ်နေ၏။

ငြိမ်သက် သမုဒ္ဒရာ တစ်ခုလုံးသည် နတ်ဘုရား စွမ်းအားများနှင့် အဆုံးမရှိ တိုက်ခိုက်နေကြသော တိုက်ပွဲများကြောင့် အဆုံးမဲ့ လှိုင်းလုံးများ ဖြစ်ပေါ်နေသည်။

" စောစောက ကူညီပေးလို့ ကျေးဇူးပဲ "

ရန်လင်း၏ အသံက လင်းဟွမ်၏နားထဲ ရုတ်တရုတ် ရောက်ရှိလာသည်။ လင်းဟွမ်က ချက်ချင်း လှည့်ကြည့်လိုက်သောအခါ ပြုံးပြနေသော ရန်လင်းကို တွေ့လိုက်ရသည်။

" ငါ့ကို မြင်တာလား "

လင်းဟွမ်က ကျယ်လောင်စွာ အော်မေးပြီးမှ သူက အနိမ့်အမြင့် ဒိုင်မေးရှင်းထဲတွင် ရှိနေပြီး သူ့အသံကို မကြားနိုင်ကြောင်း ပြန်သတိ ရသွားသည်။

သို့သော်လည်း မကြာခင် ရန်လင်းက အသံပို့လွှတ်ပြီး ထပ်ပြောလာသည်။

" မင်းကို မြင်ရုံတင် မဟုတ်ဘူး၊ မင်းပြောသမျှ အကုန် ကြားနေရတာပဲလေ"

" မင်းရဲ့ တိုက်ခိုက်ရေး ဝိညာဉ်က အညံ့ကြီးတော့ မဟုတ်ဘူးဘဲ "

ရန်လင်းက လင်းဟွမ်ပခုံးပေါ်တွင် ထိုင်နေသော အမြီးကိုးချောင်း လင့်ကြောင်မြီးတိုကို တစ်ချက် လှမ်းကြည့်ရင်း ပြောလိုက်သည်။

“ ဒါဆို မင်းက တကယ်ပဲ အစစ်အမှန် နတ်ဘုရားပေါ့ ဒါမှမဟုတ် မင်း အရင်က အစစ်အမှန် နတ်ဘုရား ဖြစ်ခဲ့တာလား... "

လင်းဟွမ်က ချက်ချင်း မေးလိုက်သည်။ အစစ်အမှန် နတ်ဘုရား သို့မဟုတ် အစစ်အမှန် နတ်ဘုရားအဆင့်ထက် ပိုမြင့်သော တန်ခိုးရှင်များကသာ အမြီးကိုးချောင်း လင့်ကြောင်မြီးတို့၏ အနိမ့်အမြင့် ဒိုင်မေးရှင်းကို ထွင်းဖောက်ပြီး မြင်နိုင်လိမ့်မည်။

" ပြောရမယ်ဆို မျက်လုံးတစ်ရာ ကျီးကန်းနက်ရဲ့ ခန့်မှန်းချက်က မှန်တယ်လို့ပဲ ပြောရမယ် "

ရန်လင်းက ဝန်ခံလိုက်သည်။

" ငါ့ အထွတ်အထိပ် ကာလတုန်းက ငါရဲ့ တိုက်ခိုက်ရေး အဆင့်ကို လျှော့တွက်မိခဲ့တယ်"

" မင်းက ကောင်းကင်ဘုံ နတ်ဘုရားလား "

လင်းဟွမ်က ချက်ချင်း မေးလိုက်သည်။ ရန်လင်းက ဘာမှမပြောဘဲ ပြုံးရုံသာ ပြုံးနေသည်ကို မြင်လျှင် ဆက်မေးလိုက်သည်။

" မင်းက အုပ်စိုးသူလား "

“ အခုတော့ အရာအားလုံးက အတိတ်ပါပဲ ”

နောက်ဆုံးတွင် ရန်လင်းက အဖြေမပေးဘဲ ခေါင်းခါလိုက်၏။

" ဒါဆို အခု မင်းမှာ ကျင့်ကြံမှု တကယ် မရှိတော့ဘူးပေါ့ ”

လင်းဟွမ်က ခေါင်းရှုပ်သွားပြီး မေးလိုက်သည်။

“ မရှိတော့ဘူး ”

" ဒါဆို ဘယ်လိုလုပ်ပြီး အနိမ့်အမြင့် ဒိုင်မေးရှင်းထဲကို မြင်နိုင်တာလဲ "

လင်းဟွမ်သည် ထိုအကြောင်းကို အနည်းငယ် သိချင်နေခဲ့သည်။

ထိုမေးခွန်းကို ကြားသောအခါ ရန်လင်းက လင်းဟွမ်ကို ပြုံးပြလိုက်ပြီး.... ခဏအကြာ သူက

“ ဒါက ငါ့ ရွှေလက်ချောင်းရဲ့ လက်ကျန် စွမ်းရည်ပဲ”

" ရွှေလက်ချောင်း...."

ထိုစကားကို ကြားသောအခါ လင်းဟွမ် နှလုံးခုန်သံ မြန်သွားသည်။ ရန်လင်း၏ ထူးခြားသော အပြုံးက တစ်စုံတစ်ခုကို အရိပ်အမြွက် ပြနေကြောင်း သူ သိနေသည်။

“ ဟုတ်တယ်၊ ရွှေလက်ချောင်း... မင်းမှာ နှစ်ခု မရှိဘူးလား"

ရန်လင်းက တစ်ချက်ပြုံးလိုက်ပြီး

“ ကမ္ဘာမြေက ငါ့ အိမ်သားလေး... ”

လင်းဟွမ် လုံးဝ ထိတ်လန့်သွား၏။ ဖော်ထုတ်ခံရမည်ဟု မမျှော်လင့် ထားခဲ့ပေ။ ကြည့်ရသည်မှာ သူ့အထောက်အထားက ဟိုးအရင်ကတည်းက ဖော်ထုတ်ခံထားရပုံ ရသည်။

“ စိတ်မပူနဲ့။ ငါ့မှာ ဘာရည်ရွယ်ချက်မှ မရှိဘူး ”

" မင်း ဘယ်လို သိတာလဲ"

“ လွန်ခဲ့တဲ့ သုံးနှစ်... မင်းကို စတွေ့ကတည်းက ငါသိနေတာ ။ မင်း ခန္ဓာကိုယ်ထဲက ရွှေလက်ချောင်းကို ငါ ခံစားမိတယ်။ ဒါကြောင့် မင်းက ခရီးသွားဆိုတာ သိလိုက်တာပေါ့ "

" နောက်ပြီးတော့ ငါ လုပ်ထားတဲ့ ဘောလုံးကို မြင်လိုက်တဲ့အချိန်မှာ မင်းရဲ့ ဟာကွက်ကို ထုတ်ပြခဲ့တယ်လေ။ မင်းက အပေါ်ယံမှာ ကောင်းကောင်း ဖုံးထားပေမယ့် မင်းရဲ့ နှလုံးခုန်သံ၊ မင်းရဲ့ အသက်ရှူသံ၊ မင်းရဲ့ မျက်လုံးတွေရဲ့ တုံ့ပြန်မှုနဲ့ မင်းရဲ့ ခန္ဓာကိုယ်ထဲက ဇီဝဓာတ်တွေက ဘောလုံး ဆိုတာ မင်းသိတယ်လို့ ပြောပြနေတယ်။ ဒါ့အပြင် မင်းနာမည်က လင်းရှီလို့ ပြောခဲ့တယ်လေ။ ငါလည်း ဝတ္ထုတွေ ဖတ်ပါတယ်ကွာ"

ရန်လင်းက ပြုံးရင်း ရှင်းပြလိုက်သည်။

“ လွန်ခဲ့တဲ့ သုံးနှစ်… ”

လင်းဟွမ် မျက်မှောင်ကြုတ်နေသည်။ လွန်ခဲ့သော သုံးနှစ်.. ရန်လင်းနှင့် ပထမဦးဆုံး တွေ့ဆုံစဉ်က သူ၏ အထောက်အထားမှာ လက်ရှိ အထောက်အထား အစား လင်းဟွမ်အဖြစ် အသုံးပြုခဲ့ခြင်း ဖြစ်သည်။ လွန်ခဲ့သော တစ်နှစ်ကျော်က ပင်မဇုန်သို့ ထွက်လာသည့် အချိန်မှသာ အထောက်အထား အသစ်ကို အသွင်ယူခဲ့ခြင်း ဖြစ်သည်။

“ ဟုတ်တယ်…. မစ္စတာ လင်းဟွမ် ”

ရန်လင်းက ပြုံးပြီး လင်းဟွမ်၏ နာမည်ရင်းကို ထုတ်ဖော်လိုက်၏။

" ဒါဆို ငါ ရုပ်ဖျက်ထားတာ မင်းအတွက် မထူးဘူးပေါ့ "

လင်းဟွမ်သည် လုံးဝ စကား မပြောနိုင် ဖြစ်နေ၏။

" မင်းကိုယ်မင်း ဘယ်လိုပဲ အသွင်ပြောင်းပြောင်း မင်းရဲ့ ရွှေလက်ချောင်း အငွေ့အသက်က ပြောင်းလဲမှာ မဟုတ်ဘူး "

ရန်လင်းက ပြုံးရင်း ပြောလိုက်သည်။

" ဒါတွေ အကုန်လုံးကို စောစောက မထုတ်ဖော်ဘဲ ဘာဖြစ်လို့ အခုမှ ပြောတာလဲ "

“ မလိုအပ်လို့ မထုတ်ဖော်ခဲ့တာ ။ ငါ့ဆီမှာ အထောက်အထား အမျိုးမျိုးရှိတဲ့ ဖောက်သည်တွေမှ အများကြီး ပဲ ။ မင်း တစ်ယောက်ထဲမှ မဟုတ်ဘူး။ လူတွေက သူတို့ကိုယ်သူတို့ ဘယ်သူလဲဆိုတာ မသိစေချင်လို့ ဖုံးကွယ်ထားတာလေ၊ ဘာဖြစ်လို့ ငါက ဖော်ထုတ်ရမှာလဲ”

“ အခု ဒါတွေအားလုံးကို ဖုံးကွယ်ထားစရာ မလိုတော့လို့ ထုတ်ပြောတာ...။ အားလုံးသာ

စီစဉ်ထားတဲ့အတိုင်း ဖြစ်လာမယ်ဆိုရင် သိပ်မကြာခင် ငါ မဟာကမ္ဘာကြီးကို ပြန်သွားတော့မှာ။ ငါတို့ တစ်ယောက်နဲ့ တစ်ယောက် တွေ့စရာအကြောင်း မရှိတော့ဘူး။ ဒါကြောင့် အခုချိန်မှာ ရိုးသားသင့်တယ် ထင်လို့။ ”

“ ကမ္ဘာမြေကလာတဲ့ ခရီးသည်တွေက တစ်ယောက်နဲ့ တစ်ယောက် တွေ့ဆုံဖို့ ရှားတယ်လေ။ အနာဂတ် နောင်တစ်ချိန် မဟာကမ္ဘာကြီးမှာ ငါတို့တွေ တစ်ယောက်နဲ့

တစ်ယောက် ပြန်တွေ့ကြရင် ဒီအကြောင်း ပြောရတာ ပိုပြီး အဆင်မပြေ ဖြစ်မှာစိုးလို့ ..... ”

လင်းဟွမ်ကမူ ယခုအချိန်မှာပင် အဆင်မပြေ ဖြစ်နေ၏။ ရန်လင်းနှင့် ဤအတိုင်း စကားဆက်ပြောနေပါက မည်ကဲ့သို့ ဆက်လုပ်ရမလည်း မသိ ဖြစ်နေစဉ် ရန်လင်းက စကားလမ်းကြောင်း ပြောင်းရန် အစပြုလိုက်သည်။

“ အခုတောင် မင်း တော်တော်လေး ကြီးပျင်းလာပြီဆိုတော့ မဟာကမ္ဘာကြီး ရောက်ဖို့

ဘယ်လောက်မှ မကြာတော့ဘူး။ ငါတို့က မွေးရပ်မြေတူနေတော့ မင်းကို လမ်းညွှန်ပေးခဲ့မယ်”

လင်းဟွမ်က ပြုံးပြီး ခေါင်းညိတ်ပြလိုက်သည်။

“ ပထမဆုံး အနေနဲ့ မင်း ရွှေလက်ချောင်းရဲ့ အဓိက စွမ်းရည်က ဘာလဲဆိုတာ ဘယ်သူ့ကိုမှ မပြောနဲ့။ တတ်နိုင်ရင် မင်းရဲ့ ရွှေလက်ချောင်း အကြောင်း ဘာမှ မဖော်ပြတာ အကောင်းဆုံးပဲ။ မင်းမိဘ၊ မောင်နှမ၊ လုပ်ဖော်ကိုင်ဖက်တွေနဲ့ အခြားခရီးသွားတွေလည်း ပါတယ် ။ အထူးသဖြင့် တခြား ခရီးသွားတွေပဲ ”

ရန်လင်းသည် လင်းဟွမ်၏ အူကြောင်ကြောင် ဖြစ်နေသော အမူအရာကိုကြည့်ရင်း ဆက်ပြော လိုက်သည် ။

“ ခရီးသွားအားလုံးက တခြားခရီးသွားတွေကို ဖော်ရွေကြတာ မဟုတ်ဘူး။ ခရီးသွား အများစုက မတူညီတဲ့ ကမ္ဘာက လာကြလို့ ငါတို့လို ကမ္ဘာမြေပြင်က လာတဲ့ ခရီးသွားက အရမ်းနည်းတယ်။ ကမ္ဘာပေါ်က တခြားခရီးသွား တစ်ယောက်နဲ့ ဆုံဖို့ဆိုတာ မဖြစ်နိုင်သလောက်ပဲ ။ တကယ်လို့ မင်း ကမ္ဘာမြေက တခြား

ခရီးသွားတစ်ယောက်နဲ့ တွေ့ခဲ့ရင်တောင် အဲ့ဒီလူကို လုံးလုံးလျားလျား မယုံကြည်ဘဲ သတိထားနေရမယ်"

“ ခရီးသွားတွေ ကြားထဲမှာ စီးနင်းသူလို့ခေါ်တဲ့ အုပ်စုတစ်စု ရှိသေးတယ်။ အထူးသဖြင့် သူတို့က ရွှေလက်ချောင်းတွေ လုယူဖို့ တခြား ခရီးသွားတွေကို အမဲလိုက်လေ့ ရှိတယ်။ အဲဒီလို ခရီးသွားတွေက အရမ်း အန္တရာယ် အများဆုံးပဲ ။ သူတို့မှာ အကျင့်စာရိတ္တ လုံး၀ မရှိဘူး ။ ရွှေလက်ချောင်း ရဖို့အတွက်ဆို ဘာမဆို လုပ်လိမ့်မယ် ”

“ ငါလည်း အရင်က အစွမ်းထက်တဲ့ စီးနင်သူ တစ်ယောက်ရဲ့ လှည့်စားတာကို ခံခဲ့ရဘူးတယ်။ ဒါကြောင့် ဒီလိုမျိုး အဆုံးသတ်ခဲ့တာပေါ့ ။ သူက ငါ့ကို တိုက်ခိုက်ပြီး ငါ့ရဲ့ ရွှေလက်ချောင်းကို ယူသွားခဲ့တာ။ အရမ်း အရေးကြီးတဲ့ အခိုက်အတန့်မှာ ကိုယ့်ကိုယ်ကို ပေါက်ခွဲပြီး ဝိညာဉ်က နောက်ဆုံး ထွက်ပေါက်အနေနဲ့ မလွတ်မြောက်ခဲ့ရင် ငါလည်း သေသွားခဲ့တာ ကြာပြီ ”

“ အစက ပြန်စနိုင်မယ်လို့ ထင်ခဲ့ပေမဲ့ ငါ့ရဲ့ ဝိညာဉ်အကြွင်းအကျန်က လုံးဝပြိုကွဲပြီး ငါ့ရဲ့ကျင့်ကြံမှု

အခြေခံ ပျက်ဆီးသွားမယ်လို့ ဘယ်တုန်းကမှ မထင်ခဲ့မိဘူး။ ငါ့ ရွှေလက်ချောင်းရဲ့ စွမ်းရည်ကလည်း (၁၀) ရာခိုင်နှုန်း အောက်ပဲ ကျန်တော့တာဆိုတော့ အရင် ကျင့်ကြံခြင်းအဆင့် ပြန်ရောက်ဖို့ မပြောနဲ့ ကျင့်ကြံမှု လမ်းစဥ်ကို နောက်တစ်ကြိမ် ပြန်လျှောက်ဖို့တောင် တော်တော်လေး ခက်ခဲနေတယ် ”

" ဒါဆို မင်း ပြန်ပြီးကျင့်ကြံဖို့ နည်းလမ်းကို ရှာတွေ့ပြီလား...”

ရန်လင်းက မကြာခင် မဟာကမ္ဘာကြီးသို့ ပြန်သွားတော့မည်ဟု ပြောနေသောကြောင့် လင်းဟွမ်သည် မနေနိုင်ဘဲ မေးလိုက်သည်။

“ အင်း… ”

ရန်လင်း၏ မျက်လုံးထဲတွင် နာကျည်းမှု အရိပ်အယောင် ဖြတ်ခနဲ တစ်ချက်လက်သွားပြီး

“ အောင်မြင်မယ် ဆိုရင်ပေါ့…. ”